ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကိုယ့်ဆီရောက်လာ အမှုကို
ကိုယ့်အလိုက္ခ ကိုယ်ဆုံးဖြတ်။
ထိုကဲ့သို့သော လူမျိုးသည်
တရားခ်ဉ်တည်သူ မဟုတ်ပါ။
တရားသူကြီး မဟုတ်ပါ။
ပညာရှိသူ ဆိုသည်ကား
အဖြစ်မှန်သည်ကို လည်းကောင်း
အဖြစ်မှားသည်ကို လည်းကောင်း
နှစ်ပါးစုံကို လေ့လာသင့်။
ဓမ္မပဒ၊ ဓမ္မဝဂ်၊ တရားရှိခြင်း-၂၅၆(မြန်မာပြန်-မင်းသုဝဏ်)

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၄ ရက် အင်္ဂါနေ့ 10, Tuesday May 2016 (စာ၂၁)

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများအပေါ် အလုပ်သမားအခွင့်အရေးများ တန်းတူပေးစေလိုကြောင်း သမ္မတ ဦးထင်ကျော် ပြောကြား

နေပြည်တော် မေ ၉

ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား အလုပ်သမားများအပေါ် အလုပ်သမားအခွင့်အရေးများ တန်းတူပေးစေလိုကြောင်း၊ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) မြဝတီတည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကူးလူးဆက်ဆံမှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝိနိုင်းနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ မေ ၂၀ ရက်တွင် စတော့ရှယ်ယာများ စတင်ရောင်းချမည်

စာမျက်နှာ - ၂

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဒေသခံပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးလိုအပ်လျက်ရှိ

စာမျက်နှာ - ၅

အစိုးရသစ်မူဝါဒ အပြောင်းအလဲနှင့် နိုင်ငံဝန်ထမ်းများ၏ အာနိုးကလေ

စာမျက်နှာ - ၇

ရွှေလှံဗိုလ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဆည်မြောင်း)

မြစ်ရေတင်လုပ်ငန်း ၁၇၀ ဖျက်သိမ်းမည်ဟုဆို

သတင်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း ၃၇၉ ခုရှိသည့်အနက် မြစ်ရေတင်လုပ်ငန်း ၁၇၀ ကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်ထံမှ သိရသည်။

"မြစ်ရေတင်လုပ်ငန်းပေါင်း ၃၇၉ ခုရှိတဲ့အထဲကမှ ၁၇၀ ကို ကျွန်တော်တို့ လုံးဝဖျက်သိမ်းဖို့ အနေအထားရှိပါတယ်။ ဖျက်သိမ်းမယ့် မြစ်ရေတင်လုပ်ငန်း တစ်ခုချင်းအလိုက်ကိုလည်း စာအုပ်ပေါင်း ၁၇၀ လုပ်ပြီး တင်ပြထားပါတယ်။ ဝန်ကြီးကလည်းလက်ခံထားတယ်။ အစိုးရအဖွဲ့ကို ဆက်တင်သွားမယ်" ဟု ဦးကျော်မြင့်လှိုင်က ပြောသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်းများတွင် လျှပ်စစ်ဓာတ်အားတစ်ဆက်တစ်စပ်တည်းရရှိမှုလျော့နည်းခြင်း၊ ဗို့အားအပြည့်အဝမရရှိခြင်း၊ အရည်အသွေးနိမ့်သည့် ရေစုပ်စက်နှင့် လျှပ်စစ်ပစ္စည်းများကိုသုံးစွဲရခြင်း၊ လျှပ်စစ်ရေတင်ခန့်နှုန်းထားများကို တောင်သူများက ပေးချေလိုမှုမရှိခြင်းများရှိနေသည်ဟု ဆည်မြောင်းနှင့် ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

ရေကြာမှ်

စီးပွားရေးဈေးကွက်ချဲ့ထွင်နိုင်ရေးကြိုးပမ်း

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတိုင်း၊ နိုင်ငံတိုင်း ပို့ကုန်တိုးတက်ရေးကို အလေးထားလုပ်ဆောင်ကြသည်။ မြန်မာနိုင်ငံတွင် တစ်ချိန်သောကာလက ဆန်စပါး၊ ကောက်ပဲသီးနှံတို့သာမက တွင်းထွက်သယံဇာတများကို ပြည်ပသို့ ရေကြောင်းမှပို့ဆောင်နိုင်ခဲ့သည့်အနေအထားမှာ လက်ရှိအချိန်တွင် အိပ်မက်ဟုပင်ထင်မှတ်ရသည်။ ကုန်းတွင်းနယ်စပ်ကုန်သွယ်ရေးဆိုသည်မှာ ထိုခေတ်အခြေအနေအရ ရှားလှသည်။ ပို့ကုန်တင်ပို့သည့် နိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်၊ ဂျပန်၊ ရုရှား၊ တရုတ်၊ စင်ကာပူနှင့် ဥရောပနိုင်ငံအားလုံးနီးပါးပင်။ ထိုနိုင်ငံများက မြန်မာနိုင်ငံ၏ပို့ကုန်များကို မက်မောကြသည်။ ထို့ကြောင့် ယခုအိပ်မက်ဟုဆိုချင်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ ပို့ကုန်ထက် သွင်းကုန်များလာသည်။ ပို့ကုန်တွင်လည်း ကုန်သွယ်ရေကြောင်းထက် နယ်စပ်ကုန်သွယ်ရေးကပိုသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် နယ်စပ်ကုန်သွယ်ရေးကို အဓိကအားပြုရသည်။ မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကုန်သွယ်ရေးစခန်း ၁၅ ခုဖွင့်ကာ ကုန်သွယ်ရသည်။ ထိုကုန်သွယ်ရေးစခန်းများတွင် မူဆယ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအများဆုံးဖြစ်သည်။

ထိုသို့ကုန်သွယ်မှုပြုရာတွင် ရောင်းသူနှင့်ဝယ်သူ ကုန်သွယ်မှုဆက်ဆံရေးမှာ အရေးပါသည်။ ဝယ်သူစိတ်ကြိုက် ကုန်သွယ်မှုပြုရာတွင် ရောင်းသူမှာ အနာခံရသည့်ဖက်ချည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေးမီခြင်း၊ မမီခြင်းနှင့် ကုန်သွယ်မှုချဲ့ထွင်နိုင်ခြင်း၊ မနိုင်ခြင်းမှာ ပို့ကုန်တန်ဖိုးကို အဆုံးအဖြတ်ဖြစ်စေသလို ပထဝီနိုင်ငံရေး၊ နှစ်နိုင်ငံဆက်ဆံရေးကြောင့်လည်း ပို့ကုန်အခက်အခဲဖြစ်စေသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမလအတွင်းတွင် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏမှာအမေရိကန်ဒေါ်လာ ၂၄ သန်းကျော် ကျဆင်းသွားသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ထုတ်ပြန်ခဲ့သော စာရင်းများအရ သိရသည်။ ယမန်နှစ် ဧပြီလအတွင်း နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၁ သန်းကျော်ရှိခဲ့ပြီး ယခုနှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁၄၇ သန်းသာရှိခဲ့သည်။

ထိုသို့ဖြစ်ပေါ်ခဲ့သည်မှာ စီးပွားရေးကြောင့်ဖြစ်သလို နိုင်ငံရေးကြောင့်လည်း ဖြစ်နိုင်သည်ကို သတိမူရမည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် ဆန်၊ သကြားစသည့် ကုန်ပစ္စည်းများကို တစ်ဖက်နိုင်ငံက ယာယီပိတ်ပင်မှုများရှိခဲ့သောကြောင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုဝင်ငွေ ထိခိုက်ကျဆင်းသွားခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ထားကြသည်။ ယခင်ကလည်း နိုင်ငံရေးမပါလျှင် စီးပွားရေးအရ မြန်မာနိုင်ငံမှ ပို့ကုန်များအပေါ်၌ ဈေးနှိမ်ခြင်း၊ ကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းများရှိခဲ့သည်။

ဤသည်မှာလည်း မိမိတို့နိုင်ငံအနေဖြင့် မူဆယ်ကုန်သွယ်ရေးတစ်ခုတည်းကိုသာ အဓိကအားကိုးနေရသော အခြေအနေသို့ ရောက်သွားသောကြောင့်ဖြစ်သည်။ ယနေ့ကာလတွင် ယခင်နှင့် မတူ လွတ်လပ်စွာဖြင့် လုပ်နိုင်၊ ကိုင်နိုင်သည့်အခြေအနေများရှိလာပြီ။ အစိုးရသစ်အနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအသစ်ချဲ့ထွင်ရန် ကြိုးပမ်းနေပြီး ပို့ကုန်သုံးဆတိုးမြှင့်သွားမည်ဟု အသိပေးထားသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏ အတိတ်က ကုန်သွယ်မှုအိပ်မက်ကဲ့သို့ မြန်မာ့ကုန်ပစ္စည်းများ တစ်နိုင်ငံတည်းအားထားတင်ပို့ရေးမှ နိုင်ငံတကာသို့ တင်ပို့နိုင်ရေးအတွက် ကုန်သွယ်မှုချဲ့ထွင်မည့်အရည်အချင်းများ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

မြန်မာသီလဝါအများပိုင်ကုမ္ပဏီ မေ ၂၀ ရက်တွင် စတော့ရှယ်ယာများ စတင်ရောင်းချမည်

ရန်ကုန် မေ ၉

ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ ရောင်းချရန် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်သည် မေ ၂၀ ရက် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်စတင်ဖွင့်လှစ်ချိန် အစုရှယ်ယာများကို စတင်ရောင်းချသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ ထုတ်ရောင်းမည့် အများပိုင်ကုမ္ပဏီ ခြောက်ခုကိုရွေးချယ်ထားခဲ့ရာ First Myanmar Investment Co.,Ltd., First Private Bank Ltd., Great Hor Kham Public Co.,Ltd., Myanmar Agribusiness Public Corporation Ltd., Myanmar Citizen Bank Ltd., Thilawa SEZ Holding Public Ltd. တို့ဖြစ်ပြီး ပထမဦးစွာ F.M.I ကုမ္ပဏီက ရှယ်ယာများကို မတ် ၂၅ ရက်က စတင်ရောင်းချခဲ့သည်။ ဒုတိယမြောက် အများပိုင်ကုမ္ပဏီအနေဖြင့် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် က မေ ၂၀ ရက်တွင် အစုရှယ်ယာများ စတင်ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

"သီလဝါအစုရှယ်ယာ ဈေးနှုန်းဘယ်လောက်ရောင်းချမယ် ဆိုတာတော့ မသိသေးပါဘူး။ FMI တုန်းကတော့ ဈေးကွက်စဖွင့်ချိန်မှာ ကျပ် ၂၆၀၀၀ နဲ့ဖြစ်ပြီး အဲဒီနေ့မှာ ဝယ်လိုအား မြင့်တက်ခဲ့ပါတယ်။ ဈေးကွက်စဖွင့်ချိန်ဆိုတော့ စိတ်ဝင်စားမှုမြင့်တက်ပြီး ဝယ်လိုအားများတော့ရှယ်ယာဈေးနှုန်း ငွေကျပ် ၃၀၀၀၀ ကျော်အထိ မြင့်တက်သွားတယ်။ သက်ဿနားနီးတဲ့အခါမှာ ငွေကျပ် ၃၀၀၀၀ အောက်ပြန်ကျသွားပါတယ်။ သက်ဿန်အပြီး စျေးကွက်ပြန်စဖွင့်ချိန်မှာတော့ ငွေကျပ် ၃၂၀၀၀ နဲ့ ပြန်ဖြစ်လာပါတယ်။

FMI က နှစ်ပေါင်း များစွာ ရပ်တည်လာတဲ့ ကုမ္ပဏီဖြစ်ပြီး စိတ်ဝင်စားသူများပါတယ်။ အခုနောက်ထပ် ကုမ္ပဏီတစ်ခုဖြစ်တဲ့ သီလဝါကတော့ အထူးစီးပွားရေးဇုန်နဲ့ အထူး စီမံကိန်းတွေ ပါဝင်တဲ့အတွက် စိတ်ဝင်စားမှုများမယ်လို့ထင်ပါတယ်" ဟု စတော့ရှယ်ယာဈေးကွက် လေ့လာစောင့်ကြည့်နေသူ တစ်ဦးက ဆိုသည်။

သီလဝါအများပိုင်ကုမ္ပဏီအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်နှင့် အထူးစီးပွားရေးဇုန်ပတ်ဝန်းကျင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ကုမ္ပဏီ၏ တိုးတက်မှုအရှိန်အဟုန်ကို အေဖာ်ဆောင်သွားမည်ဟု ထုတ်ပြန်ကြေညာထားသည်။ ယင်းအပြင် အခြားသော စီးပွားရေးကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်က မေ ၂၀ ရက်တွင် အစုရှယ်ယာများ စတင်ရောင်းချခြင်းမပြုမီ ရင်းနှီးမြှုပ်နှံလိုသူများနှင့် အစုရှယ်ယာရှင်များသိရှိရန် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း၌ ရှယ်ယာများရောင်းချရာတွင် ရန်ကုန်စတော့အိတ်ချိန်းတွင် တိုက်ရိုက်ဝယ်ရောင်းကြမည့် ပုံစံမဟုတ်ဘဲ underwriter ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်စာရင်း securities account ဖွင့်လှစ်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဟု သိရသည်။ underwriter ကုမ္ပဏီများအဖြစ် ကုမ္ပဏီ ၁၀ ခုကို ပဏာမရွေးချယ်ထားသည့်အနက် KBZ SC, MSEC, AYA Trust, CB Securities ကုမ္ပဏီတို့က ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရသည်။

စီးပွားရေး ပညာရှင်များကမူ စတော့အိတ်ချိန်းနှင့် ပတ်သက်၍ စတော့ရှယ်ယာ ဈေးကွက်ယုံကြည်မှု တည်ဆောက်ရာတွင် ဈေးကွက်ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှု အညွှန်းကိန်းများနှင့် တိုင်းတာပြီး အာမခံနိုင်ရေးအတွက် နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်သင့်သည်ဟု တိုက်တွန်းထားသည်။ နိုင်ငံတကာဘဏ္ဍာရေးနယ်ပယ်နှင့် ချိတ်ဆက်နိုင်မှသာ နိုင်ငံတကာအဆင့် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်ပြီး ရေရှည်အောင်မြင်မှုကို တည်ဆောက်နိုင်မည်ဟု သုံးသပ်ထားခြင်းဖြစ်သည်။

(၀၀၁)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးဖမ်းကွက်များကို အင်းလေလံစနစ်ဖြင့် ရောင်းချပေးလျက်ရှိ

မုံရွာ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငါးဖမ်းကွက်များအား အင်းလေလံစနစ်များဖြင့် ရောင်းချပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အင်းလေလံစနစ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ အင်း ၁၃ လုံးအား မုံရွာခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၅ ရက်တွင် လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ အင်း ၁၅ လုံးအား ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၆ ရက်တွင် လည်းကောင်း၊ ကသာခရိုင်အတွင်းရှိ အင်း ၉၂ လုံးအား မေ ၉ ရက်တွင် လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ အင်း ၁၃ လုံးအား ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၁၀ ရက်တွင် လည်းကောင်း။

စစ်ကိုင်းခရိုင်အတွင်းရှိ အင်း ၆၂ လုံးအား စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၁၂ ရက်တွင် လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ အင်းကိုးနေရာအား ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၁၆ ရက်တွင်လည်းကောင်း၊ တမူးခရိုင်အတွင်းရှိ အင်း ၁၂ လုံးအား တမူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၁၇ ရက်တွင် လည်းကောင်း။

မော်လိုက်ခရိုင်အတွင်းရှိ အင်းသုံးလုံးအား မော်လိုက်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ ၁၈ ရက်တွင် လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ အင်းကိုးလုံးကို ဟုမ္မလင်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် မေ၂၀ ရက်တွင်လည်းကောင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လုပ်ငန်းရာသီအတွက် လေလံစနစ်ဖြင့် အသီးသီးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

အရည်အသွေးကောင်းမွန်သည့် ဆားများထုတ်လုပ်နိုင်ရေး နည်းပညာပံ့ပိုး

မော်လမြိုင် မေ ၉

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး မွန်ပြည်နယ်အတွင်း အရည်အသွေးကောင်းမွန်သည့် ဆားများထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်တွင် အောင်မြင်မှုများရရှိစေရေးအတွက် ဆားထုတ်လုပ်သူများကို လိုအပ်သည့်နည်းပညာများ ပံ့ပိုးပေးခြင်းဆိုင်ရာသင်တန်းကို မေ ၅ ရက်က မော်လမြိုင်မြို့ ကုန်စည်ဒိုင်ခန်းမတွင် ကျင်းပသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Pu M.Nether Lands Senior Experts မှ တာဝန်ရှိသူများက အရည်အသွေးကောင်းမွန်သည့် ဆားများထုတ်လုပ်နိုင်ရေးဆိုင်ရာ နည်းပညာများ၊ ဈေးကွက်ဆိုင်ရာ ကြုံတွေ့ ရသည့် လေ့လာတွေ့ရှိချက်များ၊ အားနည်းချက်များ၊ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ နည်းပညာမြှင့်တင်ရေးဆိုင်ရာများနှင့်ပတ်သက်ပြီး ရှင်းလင်းပို့ချပေးခဲ့ကြသည်။

အဆိုပါ ဆားထုတ်လုပ်မှု နည်းပညာဆိုင်ရာများ ပံ့ပိုးပေးခြင်းသင်တန်းများကို မေ ၁ ရက်မှ ၅ ရက်အထိ သံဖြူဇရပ်မြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မော်လမြိုင်မြို့နယ် ကျေးရွာများရှိ ဆားထုတ်လုပ်သူများအား လက်တွေ့ကွင်းဆင်းကာ နည်းပညာများပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မြည်နယ်(မြန်/ဆက်)

ရေကြာမှ်
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလှိ၊ ခင်စုစုလွင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေနွင့်အမှတ်(၀၀၇၇၁)မြှင့်
ကြေးရုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရေကြာမှ် Mirror
၁၉၅၇ခုနှစ် ခစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၀၂၅၊ ၀၆၇-၃၄၀၃၀၊ ဖက်စ် ၀၆၇-၃၄၀၃၀၊
ရန်ကုန်မုံရွာ - အမှတ် ၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၅၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဒီဇိုင်း/ဌေးရောင်း ၀၁-၂၉၂၅၃၃၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၅၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၊ သံတမန်ဆောင်ညှဲ့ခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး ဧည့်သည်တော် ထိုင်းဝန်ကြီးကလည်း ရုရှားနိုင်ငံ၌ မကြာမီကျင်းပတော့မည့် ရုရှား- အာဆီယံအစည်းအဝေးတွင် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြီးအကဲများတွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးလိုပါကြောင်းနှင့် နိုင်ငံတော်သမ္မတအနေဖြင့် ထိုင်းနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန်တွင် မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ တာဝန်သိ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ထားဝယ်ဆေးရုံကြီး အရေးပေါ်ဌာန အဆင့်မြှင့်တင်တည်ဆောက်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေဖြင့်၊ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ ဝီစနု ဆူဗန်နာဂျာတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော် မေ ၉



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ် နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိမိဟာန် ဧည့်ခန်းမဆောင်၌တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားဆက်ဆံရေးနှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်ကိစ္စများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

(မြဝတီ)

မီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် DW Akademie မှ Country Representative Myanmar, Ms. Isabella Kurkowski နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီ ပိုစပယ် လော့ဗ်အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မီဒီယာကဏ္ဍဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရေရှားပါးမှုကြုံတွေ့နေရသည့် ဒေသများသို့ သောက်သုံးရေများ သွားရောက်လျှပ်ဒါန်း

နေပြည်တော် မေ ၉

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်ရေ၊ သုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လျှပ်ဒါန်းခြင်းတို့ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ မေ ၈ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်တို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ ဦးစီးသည့်တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၂၈၀၀ ကို မိမိတို့မြို့နယ်အတွင်းရှိ ရေရှားပါးသည့် ဒေသအသီးသီးသို့ သွားရောက်လျှပ်ဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ မေ ၈ ရက်ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်း သောက်သုံးရေ ၂၇၃,၂၅၆ ဂါလန် လျှပ်ဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ မြစ်ရေတင်လုပ်ငန်းမှ

ထို့အပြင် လက်ရှိမြစ်ရေတင်စီမံကိန်းများ၏ ရေပေးမြောင်းများသည် မြေသားမြောင်းများဖြစ်ခြင်းကြောင့် ရေလေလွင့်ဆုံးရှုံးမှုနှင့် မြောင်းများကျိုးပြတ်ပျက်စီးခြင်း၊ မူလမြစ်ရေတင်စီမံကိန်း၏ ရေအရင်းအမြစ် မြစ်ချောင်းများတွင် ရေလမ်းကြောင်းပြောင်းလဲကာ သဲသောင်များဖြစ်ထွန်းခြင်း၊ ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများ ဖြစ်ပွားခြင်း၊ မြစ်ရေတင်ဒီဇိုင်းရေးဆွဲရေးအဖွဲ့နှင့် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့များမရှိခြင်းစသည့် ပြဿနာများနှင့်လည်းကြုံတွေ့နေရသည်ဟု ဆည်မြောင်းနှင့်ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် ဆောင်ရွက်လျက်ရှိသည့် မြစ်ရေတင်အထူးစီမံကိန်း ၁၅ ခုအနက် ဒုံသမိန့်ဌ ကျုံစုပ်အထူးစီမံကိန်းရှစ်ခုကို ဖျက်သိမ်းသွားမည်ဖြစ်သည်။ ထို့ပြင် ဆောင်ရွက်ဆဲ မြစ်ရေတင်ဌာနလုပ်ငန်း ၂၀ အနက်မှ သစ်ခြောက်ခင်၊ မိုးသစ္စာ၊ မတော့ကုန်း၊ ရေကာ၊ စမုံဆင်ချီတိုင်၊ အစုကြီး (သီတာအေး)၊ အလိန်လည် (ကြို့ကုန်း-တိုးချဲ့)၊ မင်းလှဝ၊ ချမ်းမြေသာယာ၊ နောင်ခေါနှင့် နောင်ဟင် စီမံကိန်း ၁၁ ခုကို ဖျက်သိမ်းတော့မည်ဖြစ်သည်ဟု အဆိုပါစီမံခန့်ခွဲမှုဦးစီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ဆည်မြောင်းနှင့်ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာနသည် ကျန်ရှိနေသည့် မြစ်ရေတင်လုပ်ငန်းများ အတွက်ရှေ့ဆက်၍ ရေပေးမြောင်းဒီဇိုင်းပုံစံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ထပ်ဆင့်ရေတင်များတွင် ရေလိုအပ်ချက်နည်းသော တောင်သူဝင်ငွေတိုးစေမည့် သီးနှံများစိုက်ပျိုးခြင်း၊ ရေလေလွင့်ဆုံးရှုံးမှု နည်းစေရန် မြေသားမြောင်းများအားလိုင်နင်စီခြင်း၊ လျှပ်စစ်ဓာတ်အားပို့အားအပြည့်အဝဖြင့် တစ်ဆက်တစ်စပ်တည်းရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြစ်ရေတင်ရေသောက်ရေယာရှိလယ်ယာမြေများအား မြေယာပြုပြင်မှုများဆောင်ရွက်ခြင်း၊ ကမ်းပါးပြိုကျမှုနှင့် သဲသောင်ဖြစ်ထွန်းမှုမဖြစ်ပွားစေရန် ဆောင်ရွက်ခြင်း၊ ရေသုံးစွဲသူများအဖွဲ့ ဖွဲ့စည်းပြီး ရေစီမံခန့်ခွဲမှုသင်တန်းများ ပို့ချခြင်းနှင့် တောင်သူများက စွမ်းအင်ကုန်ကျစရိတ်ကို မိမိအစီအစဉ်ဖြင့် ပေးချေနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဟုသိရသည်။

"မြစ်ရေတင်စီမံကိန်းတွေ ဖျက်ပစ်ဖို့ဆိုတာ သူ့ရဲ့လုပ်ငန်းစဉ်တွေရှိပါတယ်။ ဖျက်သိမ်းမယ့် လုပ်ငန်းတွေအတွက် ကျွန်တော် အခုမှ စာရင်းလုပ်လိုက်တာမဟုတ်ပါဘူး။ ရပ်ထားတာလည်းကြာပါပြီ။ စာရင်းကိုအခြေခံလိုက်တဲ့အခါ ရာခိုင်နှုန်းတွက်ရင် လက်ရှိရှိနေတဲ့ ရေပေးဝေမှုလုပ်ငန်းတွေက ကျဆင်းသွားလို့ စာရင်းသဘောပဲရှိနေတဲ့ မြစ်ရေတင်လုပ်ငန်းတွေကို ပယ်ဖျက်လိုက်တာ။ ဒီမြစ်ရေတင်စီမံကိန်းတွေကြောင့် ဘယ်သူမှ ဒုက္ခမဖြစ်ဘူး။ အသုံးစရိတ်လည်းမရှိဘူး"ဟု ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD)သည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မြင်ကွန်းမြစ်ရေတင်လုပ်ငန်းနှင့် မင်းဘူးမြို့နယ်ရှိ ကမ်းနီမြစ်ရေတင်လုပ်ငန်းများကို ယူရှိငွေ သုံးသန်းအကုန်အကျခံ၍ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်မည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT Fund) ကလည်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ပျော့ရွာ မြစ်ရေတင်လုပ်ငန်းအဆင့်မြှင့်တင်ခြင်းအတွက် အမေရိကန်ဒေါ်လာငါးသန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းသည် အနာဂတ်အတွက် အရေးပါ

မန္တလေး မေ ၉

ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် အနာဂတ်မြန်မာနိုင်ငံအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်လာမည်ဖြစ်ကြောင်း ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် အခြားသောလောင်စာများအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်မှ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ပိုမိုဆောင်ရွက်လာကြကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုကဏ္ဍသည် စုစုပေါင်း GDP ၏ ၂၀၁၆ ခုနှစ်၌ ၃၅ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၃၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၃၅ ဒသမ ၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၂၀၁၆ ခုနှစ်တွင် ၃၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၃၆ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၃၇ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာမည်ဟု မျှော်မှန်းထားရာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်လည်း များစွာမြင့်တက်လာမည်ဖြစ်ကြောင်း SANDISOLAR ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် SANDISOLAR ၏ မြန်မာနိုင်ငံဆိုင်ရာ Marketing Manager Mr.Wu Pei က ပြောကြားသည်။

မေ ၁၅ ရက်တွင်လည်း မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာတွင် ဆိုလာထုတ်ကုန်ပစ္စည်းများပြပွဲကို ကျင်းပမည်ဖြစ်ရာ လုပ်ငန်းသုံး၊ အိမ်သုံးစနစ်များ၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များမှ ရေတင်ခြင်းဆောင်ရွက်ရန်စနစ်များ၊ စည်ပင်သာယာလုပ်ငန်းများ ဖြစ်သည့် ယာဉ်လမ်းကြောင်းပြမီးနှင့် လမ်းမီးစနစ်များ၊ စက်ရုံ၊ အလုပ်ရုံသုံးစနစ်များ၊ အရေးပေါ်သုံး၊ တောတောင်ဒေသသုံး မီးအိမ်နှင့် လက်နှိပ်ဓာတ်မီးသုံးစနစ်များ၊ Portable , Inverter, Controller, Integrated Circuit အစရှိသည့် အဆင့်မြှင့်ကုန်ပစ္စည်းများဆိုင်ရာ စနစ်များကို ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ပြီး အထူးရောင်းချခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အေးမြ (မန္တလေး)

အလုပ်သမားပါတီ၏ ဥက္ကဋ္ဌဖြစ်လာသည့် ကင်ဂျုန်အန်

ပြုံယမ်း မေ ၉

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုန်အန်သည် လက်ရှိအာဏာရပါတီ ဖြစ်သည့် အလုပ်သမားပါတီ၏ ဥက္ကဋ္ဌရာထူးတာဝန်သစ်ကိုပါ ရယူလိုက်ပြီ ဖြစ်သည်။

မေ ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည့် မြောက်ကိုရီးယားနိုင်ငံ၏ အလုပ်သမား ပါတီညီလာခံခန်းမအတွင်းသို့ အင်နှစ်အိတ်ချ်ကေသတင်းဌာန သတင်းအဖွဲ့ ဝင်ရောက်ခွင့်ရရှိခဲ့ပြီး မြောက်ကိုရီးယားကွန်မြူနစ်ပါတီ၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌ ကင်ယုံနမ်က ကင်ဂျုန်အန် အလုပ်သမားပါတီ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကင်ဂျုန်အန်အနေဖြင့် အဆိုပါရာထူးတာဝန်ကို လက်ခံရယူခြင်းမှာ ၎င်း၏အဘိုးဖြစ်သူ ကင်အီလ်ဆွန် ပြုလုပ်ခဲ့သကဲ့သို့ မြောက်ကိုရီးယား ခေါင်းဆောင်အနေဖြင့် ပါတီတာဝန်များကို ပူးတွဲ၍ ဦးစားပေးဆောင်ရွက်ရန် ကြိုးပမ်းမှုဖြစ်ကြောင်း အထင်အရှားပြသလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားဝန်ကြီးချုပ် ပခ်ပေါင်ဂျုနှင့် အလုပ်သမားပါတီ အတွင်းရေးမှူး ချူယောင်ဟေးတို့သည် ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီ၏ အဖွဲ့ဝင်သစ်များအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

ကင်ဂျုန်အန်၊ ကင်ယုံနမ်နှင့် ကိုရီးယားပြည်သူ့တပ်မတော်၏ အထွေထွေ ပေါ်လစ်ဗျူရိုအကြီးအကဲ ဝမ်ပြောင်းဆိုတို့သည် ပေါ်လစ်ဗျူရိုအမြဲတမ်း ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခန့်ထားပြီးသားဖြစ်ကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိအာဏာရပါတီဖြစ်သည့် အလုပ်သမား ပါတီညီလာခံကို ၃၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မေ ၆ ရက်တွင် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။ **အင်နှစ်အိတ်ချ်ကေ။**

နာဇီတို့အပေါ် ဆိုဗီယက်တို့အောင်ပွဲခံသည့် နှစ်ပတ်လည် စစ်ရေးပြအခမ်းအနား မော်စကိုဌ် ကျင်းပ

မော်စကို မေ ၉

၁၉၄၅ ခုနှစ်တွင် ဆိုဗီယက် တပ်ဖွဲ့များက ဂျာမန်နာဇီတပ်ဖွဲ့များအပေါ် အောင်ပွဲရခဲ့သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနားကို မေ ၉ ရက်တွင် မြို့တော်မော်စကိုဌ် ကျင်းပရာ မြို့လယ်လမ်းများပေါ်ဌ် တင့်ကားများနှင့် ဒုံးလက်နက်တင်ယာဉ်များက အင်အားပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏ မဟာမျိုးချစ် စစ်ပွဲကြီးအဖြစ် ထင်ရှားသည့် စစ်ပွဲကြီးတွင် အောင်ပွဲခံခဲ့မှု အထိမ်းအမှတ်အဖြစ် စစ်ရေးပြ အခမ်းအနားကို ကျင်းပရာတွင် ရုရှားစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများက ထုတ်လုပ်သည့် နောက်ဆုံးပေါ် နည်းပညာသုံး စစ်လက်နက်များနှင့် စစ်သုံးယာဉ်များကို ပြသခဲ့သည်။

ရုရှားနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၂၆ မြို့တွင် ရုရှားတပ်မတော်၏ တပ်ဖွဲ့ဝင် အင်အား ၄၀၀၀၀ ခန့်က စစ်ရေးပြချီတက်ပွဲများ၌ ပါဝင်ဆင်နွှဲကြကြောင်း မော်စကိုတိုင်းမ် သတင်းစာတွင် ဖော်ပြသည်။

မြို့တော် မော်စကိုရှိ ရင်ပြင်နီ၌ ကျင်းပသည့် စစ်ရေးပြပွဲတွင် အက်စ်ယူ-၃၅ ဂျက်တိုက်လေယာဉ်သစ်နှင့် ရက်နစ် တိုက်ပွဲဝင် ချေမှုန်းရေး စစ်ဝတ်စုံသစ်များကို ပွဲထုတ်ထားပြီး တီ-၁၄ အာမာတာတင့်ကား၊ စစ်သည်တင် သံချပ်ကာယာဉ်များ၊ ခြေလျင်တပ်ဖွဲ့သုံး တိုက်ခိုက်ရေးယာဉ်များနှင့် ကိုလီတပ်စ် စီယာ အက်ဒွီသေနတ်တို့ကို ပြသကြောင်း ရုရှားအစိုးရ လိုလားသော သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒုတိယ ကမ္ဘာစစ်အောင်ပွဲရသည့် အထိမ်းအမှတ် (၇၁)နှစ်မြောက် စစ်ရေးပြအခမ်းအနားတွင် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် ၁၀၀၀၀၊ စစ်သည်တင် သံချပ်ကာယာဉ် ၁၃၅ စီးနှင့် စစ်လေယာဉ် ၇၁ စင်းတို့ ပါဝင်ပြသခဲ့သည်။ **ရိုက်တာ။**

မြို့တော် မော်စကိုရှိ ရင်ပြင်နီ၌ ကျင်းပသည့် စစ်ရေးပြအခမ်းအနားတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ ပါဝင်ဆင်နွှဲစဉ်။

ဘီဘီစီသတင်းထောက်အဖွဲ့ကို မြောက်ကိုရီးယား ပြည်နှင်

ပေကျင်း မေ ၉

ဘီဘီစီသတင်းထောက် ရူးပတ်ဝင်းဖီးဟေးယက်စ်ဦးဆောင်သော သတင်းအဖွဲ့ကို ၎င်းတို့၏ သတင်းရေးသားပုံနှင့်ပတ်သက်၍ ကန့်ကွက်ကာ မြောက်ကိုရီးယားနိုင်ငံက ပြည်နှင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၌ အာဏာရ အလုပ်သမားများပါတီ၏ ပါတီညီလာခံ ကျင်းပပုံကို သတင်းရယူရန် ရောက်ရှိနေသော ဘီဘီစီ သတင်းထောက် ဝင်းဖီးဟေးယက်စ်၊ ထုတ်လုပ်ရေးမှူး မာရီယာဘီးနှင့် ကင်မရာမင်း မက်သူးဂေါ့ဒတ်တို့သည် မေ ၆ ရက်က မြောက်ကိုရီးယားနိုင်ငံမှ ထွက်ခွာလုဆဲဆဲတွင် ထိန်းသိမ်းခံခဲ့ရပြီး ရှစ်နာရီကြာမျှ စစ်ဆေးမေးမြန်းခံခဲ့ရသည်ဆို၏။

၎င်းတို့ သုံးဦးသည် ပြုံယမ်းမြို့၌ ဆက်လက်ရှိနေခဲ့ပြီး မေ ၉ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းသို့ လေယာဉ်ဖြင့် ထွက်ခွာခွင့်ရရှိခဲ့သည်။

ဘီဘီစီ သတင်းအဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံ၌ ပါတီညီလာခံကျင်းပရန်ရှိနေစဉ် ပြုံယမ်းသို့ ဆိုက်ရောက်ခဲ့သည်။ ဘီဘီစီ သတင်းအဖွဲ့နှင့်အတူ သုတေသနခရီးစဉ်တစ်ရပ်အရ နိုဘယ်ဆုရရှိသူများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့လည်း လိုက်ပါလာခဲ့သည်။

မြို့တော်ပြုံယမ်းရှိ လူနေမှုဘဝ အမြင်ကိုဖော်ကျူးသော သတင်းရေးသားချက်များနှင့် ပတ်သက်၍ မြောက်ကိုရီးယားခေါင်းဆောင်များက ကျေနပ်မှုမရှိသဖြင့် ပြည်နှင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အလုပ်သမားများပါတီ ညီလာခံ ကျင်းပပုံနှင့် ပတ်သက်၍ သတင်းယူရန် ဖိတ်ကြားခံရသော ဘီဘီစီ သတင်းဌာန အခြားဝန်ထမ်းလေးဦးမှာ ဆက်လက် သတင်းရယူခွင့် ရှိမည်ဟု မိမိတို့မျှော်လင့်ကြောင်း ဘီဘီစီ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

ဘီဘီစီ သတင်းထောက် ရူးပတ်ဝင်း ဖီးဟေးယက်စ်။

ပါပူဝါနယူးဂီနီနိုင်ငံရှိ ဒုက္ခသည်စခန်း အနာဂတ်ရေး အချိန်ယူ ဆုံးဖြတ်ရမည်ဟု ဩစတြေးလျပြော

ဆစ်ဒနီ မေ ၉

ပါပူဝါ နယူးဂီနီနိုင်ငံရှိ ဒုက္ခသည်ထိန်းသိမ်းရေး စခန်းတစ်ခု၌ ထိန်းသိမ်းခံထားရသော လူ ၉၀၀ ခန့်၏ အနာဂတ် ကံကြမ္မာကို ဆုံးဖြတ်ရန် လပေါင်းအတန်ကြာမျှ အချိန်ယူ ရမည်ဖြစ်ကြောင်း ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ပီတာ ဒတ်တန်က မေ ၉ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ၏ သဘောထားတင်းမာသော လူဝင်မှုကြီးကြပ်ရေးမူဝါဒအရ ဩစတြေးလျနိုင်ငံသို့ သွားရောက်မည့် ဒုက္ခသည်များကို လမ်းခုလတ်ပင်လယ်ပြင် အတွင်းမှာပင် ကြားဖြတ်ဟန့်တားပြီး ပါပူဝါနယူးဂီနီ နိုင်ငံပိုင် နော်ရူးနှင့် မာနတ်ကျွန်းရှိ ဒုက္ခသည်စခန်းသို့ ပို့ဆောင်လေ့ရှိသည်။

ဩစတြေးလျက ဖွင့်လှစ်ထားသော ဒုက္ခသည် ထိန်းသိမ်းရေးစခန်းသည် တရားဥပဒေနှင့် ညီညွတ်ခြင်း မရှိဟု ပါပူဝါနယူးဂီနီတရားရုံးချုပ်က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်သည် ဩစတြေးလျအစိုးရအဖွဲ့၏ ခိုလှုံခွင့်ပေးရေးဆိုင်ရာ မူဝါဒကို ဆန့်ကျင်ရာရောက်သည်။

ဩစတြေးလျနိုင်ငံ၌ ခိုလှုံခွင့် တောင်းခံသူဦးရေသည် ဥရောပနိုင်ငံများ၌ ခိုလှုံခွင့်တောင်းခံသူ ဦးရေနှင့် နှိုင်းယှဉ်ကြည့်ပါက အလွန်နည်းပါးသည်။

ဩစတြေးလျနိုင်ငံ၌ ဇူလိုင် ၂ ရက်တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပရန် ရှိနေစဉ်တွင် တရားမဝင် လူဝင်မှု ပြဿနာသည် နိုင်ငံရေးအရ ထိခိုက်လွယ်သော ပြဿနာ တစ်ရပ်ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် အာဏာရရှိလာခဲ့သော အာဏာရ ကွန်ဆာဗေးတစ် အစိုးရအဖွဲ့သည် ဒုက္ခသည်များအပေါ် တင်းကျပ်သော မူဝါဒကိုင်စွဲထားသည်။ **ရိုက်တာ။**

အီဂျစ်တွင် ရဲကားတိုက်ခိုက်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

ကိုင်ရိုး မေ ၉

ကိုင်ရိုမြို့အနီးတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားတစ်စုက ရဲကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရဲအရာရှိ ရှစ်ဦးသေဆုံးခဲ့ရသည်။

လက်နက်ကိုင်တိုက်ခိုက်ရေးသမားလေးဦးက ရဲတပ်ဖွဲ့ဝင်များစီးနင်းလာသည့် ရဲကားတစ်စီးကို မေ ၈ ရက်နံနက်ပိုင်းက ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားသည်။

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)စစ်သွေးကြွအဖွဲ့၏ လက်အောက်ခံအဖွဲ့ဖြစ်သည်ဟု ကိုယ့်ဘာသာကို ခေါ်ဆိုနေသည့် အဖွဲ့တစ်ဖွဲ့က ယင်းပစ်ခတ်တိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု အွန်လိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် အဖွဲ့တစ်ဖွဲ့ကလည်း ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဆိုထားပြန်သည်။

အီဂျစ်နိုင်ငံတွင် မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့၏ ထောက်ခံမှုဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် အစိုးရတစ်ရပ်သည် လွန်ခဲ့သည့် သုံးနှစ်ခန့်က အာဏာသိမ်းခံခဲ့ရသည်။

လက်ရှိအစိုးရ သမ္မတ အဗ္ဒဒယ် ဖတ်တာ အယ်လ်စီစီ၏ လက်ထက်တွင်လည်း အဆိုပါ အစ္စလာမ္မစ်အဖွဲ့များသည် နှိမ်နင်းချေမှုန်းခံနေရသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ထောက်ခံသည့် လက်နက်ကိုင်အဖွဲ့များက အီဂျစ်စစ်ဘက်နှင့် ရဲတပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိပြီး ဆိုင်းနိုင်းကျွန်းဆွယ်တွင်သာမက အီဂျစ်နိုင်ငံ တစ်ဝန်းလုံးတွင်ပါ တိုက်ခိုက်မည်ဟု ထုတ်ပြန်ကြေညာ ထားသည်။ **အင်နှစ်အိတ်ချ်ကေ။**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဒေသခံပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးလိုအပ်လျက်ရှိ

နေပြည်တော် မေ ၉

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမျူးများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အများဆန္ဒဖြင့် ဒီမိုကရေစီနည်းလမ်းတကျ ခန့်အပ်တာဝန်ပေးပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို တိတိကျကျဆောင်ရွက်နိုင်မည့် ဥပဒေ၊ နည်းဥပဒေများ ဖြစ်ပေါ်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသည် အခြားဆက်စပ်ဌာနများ၊ ဥပဒေပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ အကြံပြုချက်များ၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ အကြံပြုချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်ဖွဲ့စည်းထားသည့် လွှတ်တော်နှစ်ရပ်၏ အတည်ပြုချက်တို့ကို ရယူပြီး ရေးဆွဲပြဋ္ဌာန်းခဲ့သည့်အပြင် ယင်းဥပဒေ၊ နည်းဥပဒေများ၏ အားနည်းချက်များကို အဆင့်ဆင့် ပြင်ဆင်ဆောင်ရွက်ထားခြင်းကြောင့် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လတ်တလော ပြင်ဆင်ရေးဆွဲရန် အစီအစဉ်မရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့အစည်းအဝေးတွင် စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၏ တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန်အတွက် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည်ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ အခြေခံကျသော မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ စက်ရုံ၊ အလုပ်ရုံတို့ကို အဘယ်ကြောင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိပါသနည်း၊ ထိုစက်ရုံ၊ အလုပ်ရုံများသည် လက်နက်ကိုင်အဖွဲ့များ စိုးမိုးထားသော နယ်မြေများ၌ ရှိနေပါသည်ဟုဆိုလျှင် အမြစ်ပြတ်ချေမှုန်းနိုင်ရန် စီစဉ်ထားခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးပြဿနာသည် ဘိန်းစိုက်ပျိုးမှု ပြဿနာတစ်ခုတည်းမဟုတ်ဘဲ ၁၉၉၆ ခုနှစ်မှစတင်၍ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားစိတ်ပြောင်းဆေးအသစ်များ ပြဿနာသည် ထပ်မံကြီးထွားလာသည့်အပြင် ၁၅ နှစ်စီမံကိန်းစတင်သည့် အချိန်မှ ၂၀၀၆ ခုနှစ်အထိ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှ စတင်၍ ပြန်လည်မြင့်တက်လာခြင်းကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး ၅ နှစ် စီမံကိန်းကို ၂၀၁၄ - ၂၀၁၅ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ်အထိ ထပ်မံရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်

၅ နှစ်စီမံကိန်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး စသည့် ကဏ္ဍပေါင်းစုံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ၅ နှစ်စီမံကိန်းကာလအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အဓိကလျှော့ချနိုင်ရေး အတွက် ရှမ်းပြည်နယ်တွင် မြို့နယ် ၄၀၊ ကချင်ပြည်နယ်တွင် ၆ မြို့နယ်၊ ကယားပြည်နယ်တွင် ၃ မြို့နယ်နှင့် ချင်းပြည်နယ်တွင် ၂ မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်ကို ဦးစားပေးမြို့နယ်များအဖြစ် သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် ဒေသတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်အစိုးရ၏ ဥပဒေယန္တရား စနစ်တကျ လည်ပတ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍဖြစ်ပြီး ဒေသခံပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးလိုအပ်လျက်ရှိပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသော သွားလာမှုခက်ခဲသည့် အချို့သောနယ်စပ်ဒေသများတွင် တရားမဝင် နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အဓိကလိုအပ်သော ဓာတုဗေဒပစ္စည်းများ အလွယ်တကူ ဝင်ရောက်လျက်ရှိပါကြောင်း၊ ၎င်းတို့ကို အသုံးပြု၍ ထွက်ရှိလာသော မူးယစ်ဆေးဝါးများသည် ဓာတုဗေဒ ပစ္စည်းများဝင်ရောက်လာမှုလမ်းကြောင်းများအတိုင်း အများစု ပြန်လည်သယ်ဆောင်လျက်ရှိသည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များအနေဖြင့် ထိရောက်စွာ ဖော်ထုတ်တားဆီးထိန်းချုပ်နိုင်ရန် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၍ ထာဝရငြိမ်းချမ်းရေးရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသများ၌ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသာမက တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးအန္တရာယ် အမြစ်ပြတ်ချေမှုန်းရေးကိုပါ အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၏ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများနှင့် ပတ်သက်ပြီး စနစ်ကျ၍ ထိရောက်မှုရှိသော အစီအမံများထားရှိမှု ရှိ၊ မရှိ၊ ရှိပါလျှင် ယင်းအစီအမံများကို မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မီးဘေးလုံခြုံရေးအတွက် ပြည်သူလူထုအသိပညာပေးခြင်းလုပ်ငန်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ရေလုံလောက်စွာ ရရှိရေးစီမံမှု၊ သတင်းနှင့် နည်းပညာစီမံဆောင်ရွက်ထားရှိမှုတို့ကို စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူနေအဆောက်အအုံများ တိုးတက်များပြားလာခြင်း၊ စီမံကိန်း၊ မြို့ကွက်များ အသစ်တိုးချဲ့လာခြင်းကြောင့် လူနေအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လူ့အသုံးအဆောင်ပစ္စည်းများပြားလာခြင်း၊ အိုးအိမ်အဆောက်အအုံများ နီးကပ်စွာတည်ဆောက်ခြင်း၊ မီးလောင်ပေါက်ကွဲစေသည့် ပစ္စည်းများ သိုလှောင်ရောင်းချခြင်း၊ လမ်းများ ကျဉ်းမြောင်းသဖြင့် မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာရန် ခက်ခဲခြင်း၊ လမ်းကြားမြေ(မီးတားလမ်းကွက်)များအပေါ် လူနေအဆောက်အအုံများ တည်ဆောက်လာခြင်း၊ မီးငြိမ်းသတ်ရန် ရေရရှိမှုအစီအမံများ အားနည်းခြင်းများကြောင့် မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုများရခြင်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုအများဆုံးဖြစ်ပွားခဲ့သည့် အကြောင်းရင်းများကို မျက်ခြည်မပြတ်ဆန်းစစ်၍ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြို့ပြကျေးလက်ဒေသ မီးဘေးလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေး ကြေပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီမှ တင်သွင်းသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရေပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက မေ ၅ ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းသည့် ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါကြောင်း၊ ထို့ကြောင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို မေ ၁၁ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

နတ်သမီးကမ်းပါးမြစ်ရေတင်မှ ကျေးရွာပေါင်း ၅၄ ရွာအား တိုက်ရိုက်ရေဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မေ ၈ ရက်တွင် ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်ရေတင်စီမံကိန်းဖြင့် လက်ရှိတွင် ကျေးရွာပေါင်း ၅၄ ရွာသို့ တိုက်ရိုက်ရေဖြန့်ဝေပေးလျက်ရှိပြီး ယင်းကျေးရွာများဝန်းကျင်ရှိ ကျေးရွာများ အပါအဝင် ကျေးရွာစုစုပေါင်း ၉၈ ရွာအား အကျိုးပြုဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းနောက် နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်ဖြစ်သော ရေတင်စက်ရုံနှင့် ရေဖြန့်ဝေပေးသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညောင်ဦးမြို့နယ် ရဲတိုက်ကျေးရွာ(တဲအိမ်)သို့ရောက်ရှိပြီး ရေပေးဝေမှုအခြေအနေအားကြည့်ရှု၍ ဒေသခံများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။ ညောင်ဦးမြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်း (CDD)ရုံးသို့ရောက်ရှိပြီး စီမံကိန်းဝန်ထမ်းများ၊ ကျေးလက်ဦးစီးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ကြရန်နှင့် အပြန်အလှန် ကိုယ်ချင်းစာစိတ်ထား၍ အချင်းချင်းနားလည်မှုဖြင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့ ကျွန်းခင်းကြီးကျေးရွာသို့ရောက်ရှိပြီး လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို စီမံကိန်းဝန်ထမ်းများ၊ ကျေးလက်ဦးစီးမှ ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ၔင်းနောက် ကြံစို့ကျေးရွာနှင့် တံငါ့ကန်အုပ်စု ရွာသစ်ကျေးရွာတို့တွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သည့် ရေတွင်းတူးစက်ကြီးများဖြင့် သောက်သုံးရေရရှိရေးအတွက် တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရေတွင်းများ တူးဖော်ပြီးစီးပါက ကျေးရွာများရှိ အိမ်ခြေ ၂၉၁၊ လူဦးရေ ၁၄၇၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအား အကျိုးပြုနိုင်မည်ဖြစ်သည်။

ယင်းနောက် ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး၊ ဧရာဝတီမြစ်ရေတင်စီမံကိန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေဖြန့်ဝေပေးဝေမှုအခြေအနေနှင့် ရေစက်ရုံအတွက် လိုအပ်သည့် စက်ပစ္စည်းနှင့် နည်းပညာများ ပံ့ပိုးပေးရန် တင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူတာကို သူငါဖြေမ်းရမယ်

စာကြီးသား(ပန်ပင်)

ပူချက်က ၉ကျော်နေပြီ။ နေပူ။ လေပူ။ ဗိုက်ပူ။ အားလုံးပူ။ အောလ်ပူ။

အဲဒီအပူထဲမှာ သည်အသံက ပိုပူတယ်။ နားထဲသံရည်လောင်းထည့်သလိုပဲ။ ရေပိုက်ကလာတဲ့ ရေတွေကလည်း ရေနွေးကျနေတာပဲ။ ပူလိုက်တာ။ လာလုပ်ဦးတဲ့။ နေပူလို့ရေပူတာ။ ဗိုက်ပူနေတဲ့ကိုယ်က ဘာများတတ်နိုင်ပါဦးမည်နည်း။ ကြောက်ရမယ့်သူဆိုတော့။ ထသွားလိုက်တယ်။ နင့်အစ်မပူနေတာ မတွေ့ဘူးလား။ နင်ဝင်လုပ်လေ။ နင်တို့အလိုက်ကိုမသိဘူး။ (ကိုယ်နိုင်တဲ့သူကိုပဲ ဟောက်ပြလိုက်တယ်။ မကျေနပ်တာလည်း ပြလိုက်တာပေါ့။) ဟုတ်ကဲ့ တဲ့။ အိမ်က ကလေးမက ထလုပ်တယ်။ ပန်းကန်ဆေးတာဗျာ။ ဒေသခံကလေးမလေးပါ။ လာကူနေကျလေ။ ဝတ်ကျေတန်းကျေ သူတို့ဘေးက ဘေစင်ဘေးမှာ ယောင်ယောင်ယောင်ယောင်နဲ့ အလုပ်ပြနေလိုက်တယ်။ (ကိုယ်ကဒါပဲ လုပ်တတ်တာလေ။ အလုပ်ပြတယ်ဆိုလားဘာလား။)

ကလေးမက ပန်းကန်ဆေးတာဗျာ။ ရေပိုက်ခေါင်းကို တောက်လျှောက်ဖွင့်ထားတယ်။ ပိတ်မလားကြည့်တယ်။ မပိတ်ဘူး။ ဟဲ့ ပိုက်ခေါင်းပိတ်လေ။ ဘာလုပ်နေတာလည်း။ နင်တို့ရွာထဲမှာ ဒီလိုဆေးသလား။ ပိုက်ခေါင်းမှမရှိတာ ဘယ်လိုဆေးမလဲတဲ့။ ကြည့်. . . ကျွန်တော့်ကို ဘယ်သူမှမကြောက်။ နင်တို့ရေတယ်သေမယ်။ နင်တို့က ရေကို အလကားရလို့ လုပ်ချင်တိုင်းလုပ်မနေနဲ့။ ရေတယ်သေမယ်။ မသေဘူးအဘတဲ့။ စေတနာရှိတဲ့သူတွေ၊ တပ်နဲ့ ရဲတွေ ရေလိုက်လျှောတယ်။ ရေလိုရင် ဖွဘုတ်တင်လိုက်ရုံပဲတဲ့။ အောင်မယ်။ တောသူ တောင်သား ယန်းဂါးဂျင်နရေးရှင်းတွေ မလွယ်ပါလား။ တတ်ချက်။ အေး။ နင်မို့လို့။ ငါ့ကလေးတွေဆိုလက်ကို ခြေထောက်နဲ့ နင်းပြီးပြီ။ သေသွားမယ်။ (ကြောက်မလားလို့)။ ဘယ်လိုလုပ်တာလဲဟင်။ အဘတဲ့။ နင်ငါ့ကို အဘလို့မခေါ်နဲ့လို့ ပြောတာမမှတ်ဖူးလားဆိုတော့။ နှုတ်ကျိုးနေပြီ။ ဘာခေါ်ခေါ်။ ဒါပါပဲတဲ့။ မဒမ်အေးစက်ပိုင်က ဝင်ပြောတယ်။ ငါ့ကလေးတွေကို ပေါ့ဟယ်တဲ့။ သူနဲ့ရထားတာမဟုတ်သလိုပဲတဲ့။ ကလေးတွေက မီးကိုဖွင့်ပြီးလို့ ပြန်မပိတ်ရင်၊ ရေပိုက်ခေါင်းကို မပိတ်ဘဲထားခဲ့ရင်၊ သေသေချာချာမပိတ်ဘဲ ရေတစ်စက်တစ်စက် ကျနေရင် ကလေးတွေကို ကြမ်းပြင်မှာထိုင်ခိုင်း၊ လက်ဖဝါးလေးတွေကို ကြမ်းပြင်မှာ အပြားလိုက်ချခိုင်း၊ ပြီးတာနဲ့ သူက(မျက်စောင်းထိုးလိုက်သေး) သူ့ခြေထောက်နဲ့ အဲဒီ လက်ဖဝါးလေးတွေကို တက်နင်းတော့တာပဲ။

နောက်ကို မီးပိတ်မလား၊ ရေပိုက်ခေါင်းသေသေချာချာ ပိတ်မလား မေးလိုက်၊ နင်းလိုက်နဲ့အေ၊ ငါ့မှာ ဖအေစစ်မှဟုတ်ရဲ့လားလို့တောင် ထင်ရတယ်။ (ဒုတိယ မျက်စောင်းထိပြန်တယ်၊ သူစကားဘယ်သွားတယ်ဆိုတာ သူမသိ)။ ခပ်ဖွဖွနင်းတာပါ။ မနာပါဘူး။ ရှင်အနင်းခံကြည့်ပါလားတဲ့။ ငါအဲဒီလိုလုပ်ခဲ့လို့ မင်းသား စင်ကာပူမှာ ရေဖိုး၊ မီးဖိုး အခုသူများထက်သက်သာတာမင်းသိလား။ ပိတ်လိုက်တဲ့မီး။ ပိတ်လိုက်တဲ့ရေလေ။ သူ့ပိုက်ဆံကုန်မှာ ကျတော့ ကြောက်လိုက်တာ။ ဟုတ်လား။ ပြောစမ်းဆိုမှ ငြိမ်သွားတယ်။ အငယ်မလည်း သူ့ အလုပ်ထဲမှာ မလိုတဲ့ မီးတွေပိတ်၊ ရေပိုက်ခေါင်းတွေလိုက်စစ်မို့ သူ့စီနီယာ ဆရာဝန်တွေနဲ့ လူနာတွေသဘောကျနေတာမို့လားပြောစမ်း။ အဲဒါ ငါ့သားသမီးတွေကို ငါလေ့ကျင့်ပေးခဲ့တာကွ လို့ဆိုတော့မှ မဒီဒေဝီ အေးစက်ဝိုင်ကနေ အေးစက်ဝိုင်ဖြစ်သွားတယ်။

အဲဒါက နမူနာပါ။ ခုကာလ အယ်နီညိုဆိုလားဘာလား။ သိပ်ပူတယ်။ ဟုတ်သမို့လား။ နောက်နှစ်တွေမှာ ထပ်မ လာဘူးလို့ ဘယ်သူမှ အာမခံနိုင်ဘူး။ ဘယ်သူက အာမခံ မယ်ထင်သတုန်း။ လူဗျ လူ လူ၊ သူသူငါငါ ခင်ဗျားတို့၊ ကျွန်တော်တို့ပဲ အာမခံနိုင်မှာ။ "ပူတာကို သူငါဖြေမ်းရမယ်"ဗျ။ ဟုတ်ပလား။

ကိုင်း။ ဆိုကြဗျာ။ မပူအောင်ဘာလုပ်မလဲ။ ခုထလုပ်လို့ နောက်မကျဘူးဆိုပေသည့် ချက်ချင်းတော့ ခံစားရမှာ မဟုတ်ဘူး။ အေးသွားမှာ မဟုတ်ဘူး။ နောင်လာမယ့် ဘုစုခရုတွေအတွက်တော့ မပူအောင်သစ်ပင်တွေ စစိုက်ကြပေတော့။ သစ်ပင်တွေ ရှင်အောင် လုပ်ပေတော့။ ပြောင်နေတဲ့ ခေါင်းနဲ့ နဖူးကလွဲလို့ စိုက်လို့ရသမျှ အကုန်စိုက်ပဲ။ ရေကို ရွှေလို စပြီးစုတော့။ ရေကို ရွှေလိုသုံးဖို့ ကျင့်ကြံကြိုးကုတ်ကြပေတော့။ သစ်ပင်ကို ဘယ်လိုစိုက်မလဲ။ လူတွေစု၊ ဝါသနာတူသူ၊ စေတနာတူသူ၊ အမြင်တူသူတွေစု။ Community Basis Activity အနေနဲ့ စိုက်ပေတော့။ ဒီထက်လုပ်နိုင်တဲ့သူတွေက NGOs တွေနဲ့ပူးပေါင်းပြီး တောင်ကတုံးတွေကို ယောင်ထုံးကြပေတော့။

မပူအောင်ဘာလုပ်မလဲ။ ခုထလုပ်လို့ နောက်မကျဘူးဆိုပေသည့် ချက်ချင်းတော့ခံစားရမှာ မဟုတ်ဘူး။ အေးသွားမှာ မဟုတ်ဘူး။ နောင်လာမယ့် ဘုစုခရုတွေအတွက်တော့ အေးချမ်းမှာသေချာချက်ပဲ။ မပူအောင်သစ်ပင်တွေ စစိုက်ကြပေတော့။ သစ်ပင်တွေ ရှင်အောင် လုပ်ပေတော့။ ပြောင်နေတဲ့ ခေါင်းနဲ့ နဖူးကလွဲလို့ စိုက်လို့ရသမျှ အကုန်စိုက်ပဲ။ ရေကို ရွှေလို စပြီးစုတော့။ ရေကို ရွှေလိုသုံးဖို့ ကျင့်ကြံကြိုးကုတ်ကြပေတော့။ သစ်ပင်ကို ဘယ်လိုစိုက်မလဲ။ လူတွေစု၊ ဝါသနာတူသူ၊ စေတနာတူသူ၊ အမြင်တူသူတွေစု။ Community Basis Activity အနေနဲ့ စိုက်ပေတော့။ ဒီထက်လုပ်နိုင်တဲ့သူတွေက NGOs တွေနဲ့ပူးပေါင်းပြီး တောင်ကတုံးတွေကို ယောင်ထုံးကြပေတော့။

ရေကိုဘယ်လိုစုမလဲ။ ရတဲ့နည်းနဲ့စုကြ။ လျှောင်ထားကြ။ ထိန်းသိမ်းကြပေတော့။ မိသားစုအလိုက် ကလေးတွေ နားလည်အောင်ပြောကြ။ လိုက်နာကြ။ ထိန်းသိမ်းကြပေတော့။ ရေပိုက်ခေါင်းကရေတွေ တစ်စက်စက်ကျမနေစေနဲ့တော့။ ပြောလို့ရရင်ရ မရရင် ခြေထောက်နဲ့ တက်သာနင်းပလိုက်။ ရေပိုက်ခေါင်းတစ်ခေါင်းမှ ကျပ်တစ်ထောင် မကျော်ဘူး။ ရေတက်သေတဲ့ မသာချရင် သည်ထက်အဆ တစ်ရာမကကုန်မယ်။ ရွှေးကြပေတော့။ ကြိုက်ရာကို။ ရေကို ကုန်အောင်သောက်။ သွန်မစ်နဲ့။ ရေသန့်ဘူးတွေ တစ်ဝက်တစ်ပျက်သောက်ပြီး လွှင့်မပစ်နဲ့ သယ်သွား။ ကုန်အောင်သောက်။ ပန်းကန်ဆေးတာ၊ အကျီအဝတ်အစားခဏာခဏာလျှော်တာ မလိုအပ်ရင်မလုပ်နဲ့။ မင်းကရယ်နေတယ်၊ ဟုတ်လား။ ရေတတ်သေမှ မေမပြုံးနိုင်ဖြစ်နေမယ်။ ကြုံလို့ပါ။ တရုတ်ပြည် ဟိုင်နန်ကျွန်းက ဟိုတယ်ကို လွန်ခဲ့တဲ့ ၁၅နှစ် လောက် က ရောက်တုန်းကတောင် Laundry Service ကသည် လိုရေးတယ်။ "မလိုအပ်ဘဲ ပင်မင်း(အဝတ်လျှော်)မပေးပါနဲ့။ ကျွန်တော်တို့ ပိုက်ဆံရပေမယ့် နောင်လာ နောင်သားတွေအတွက် ရေဖြုန်းတီးရာရောက်တယ်။ မြေကြီးထဲကို ဆပ်ပြာမှုန့်တွေရောက်တာများရင် မြေဆီလွှာပျက်မယ်။ သစ်ပင်စိုက်မရဖြစ်မယ်တဲ့" သည်နှစ်မတ်လ တုန်းက ဖိလစ်ပိုင်ရောက်တုန်းကလည်း တည်းတဲ့ ဟိုတယ်မှာ ရေးထားတယ်။ "အိပ်ရာခင်းများ၊ မျက်နှာသုတ်ပဝါများကို မလိုအပ်ဘဲ အသစ်မလဲခိုင်းခြင်းဖြင့် နောင်လာမယ့်မျိုးဆက်သစ်များအတွက် ရေများထားခဲ့ပါတဲ့" သစ်ပင်တွေ ရေလောင်းတာလည်း စွတ်ရွှတ်ပက်မနေနဲ့၊ ပြောရရင်အများကြီးပါဗျာ။ ကြည့်လုပ်ကြ။

မြန်မာ့အသံကလည်း အားပေးသွားသေးတယ်။ ခုနက ကြည့်လိုက်တော့ပြောပါတယ်။ နောက် ၃၅နှစ်မှာ အာရှ၊ အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေ ရေရှားပါးမယ်ဆိုပါလား။ ကိုယ့်နိုင်ငံကလည်း အဖျားအနားပါ နေတော့ သတိထား။ ကိုယ်တို့ကတော့ နောင် ၁၀နှစ်ဆို ပြာဖြစ်လောက်ပြီဆိုတော့ No More Worry ပါ။ (ချက်ချင်းသတ္တဝါ တစ်ကောင်ကောင်ပြန်ဖြစ်ရင်တော့ ကိုယ်လည်းခံပဲ)

သို့ပေသည့် ခင်ဗျားတို့ရေလိုနေတယ်မို့လား။ ဟုတ်တယ် ဟုတ်။ ရေလောင်းမယ့်လူ မလာဘူး။ စိတ်ချ။ ကိုယ့်ဟာ ကိုယ် Plan ချမှ ကိုယ်ရေရမယ်။ ဟုတ်ပလား။ ခုတော့ ကျွန်တော်လည်း ရေလိုနေတယ်။ ဒါပေမယ့်ကလေးတွေကို ဆုံးမပြီးတော့ပဲ ရေရှာနေတယ်။ "ပူတာကို လူပါဝါ ငါနဲ့ဖြေမ်းနိုင်ကြပါစေသတည်း"။ ။

အယ်နီညိုရာသီဥတုနှင့် အပူချိန်မြင့်မားသော်လည်း ရန်ကုန်မြို့ရေရရှိရေးနှင့် ရေဖြန့်ဖြူးရေးတွင် လုံလောက်မှုရှိ

နေပြည်တော် မေ ၉

အယ်နီညိုရာသီဥတုနှင့် စံချိန်တင် အပူချိန်မြင့်မားမှုကို ကြုံတွေ့ခံစားနေရသော်လည်း ရန်ကုန်မြို့ ရေရရှိရေးနှင့် ရေဖြန့်ဖြူးရေးတွင် လုံလောက်မှုရှိနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

စံချိန်တင် မြင့်မားလွန်းသော အပူဒဏ်ကြောင့် မြန်မာနိုင်ငံဒေသတော်တော်များများတွင် ရေကန်များခန်းခြောက်ခြင်း၊ သောက်သုံးရေရရှိမှုအခက်အခဲများနှင့် ကြုံတွေ့ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အလျှုရှင်များက ပံ့ပိုးလျှက်ဒါန်းမှုများ ပြုလုပ်ပေးနေရသည်။ လူဦးရေထူထပ်၍ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့သည် လူဦးရေ ထူထပ်မှုများပြားလာသည်နှင့်အမျှ ရေသုံးစွဲမှုသည်လည်း ပိုမိုလာသည်ဖြစ်ရာ လုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအရင်းအမြစ်များကို စနစ်တကျ ရေရှည်စီမံကိန်းများဖြင့် ဖော်ထုတ်ဆောင်ရွက်ထားသည်ဟု မြို့တော်စည်ပင်မှ သိရသည်။

"လက်ရှိမှာ ရန်ကုန်မြို့ ရေပေးဝေရေးအတွက် တစ်ရက်ကို ရေဂါလန် သန်း ၂၀၀ ကျော် ဖြန့်ဖြူးပေးနေပါတယ်။ ဒါပေမယ့် ဧရိယာအနှံ့ အိမ်တိုင်ရာရောက် ဖြန့်ဖြူးနိုင်မှုတော့ မရှိသေးပါဘူး။ လက်ရှိရေပေးဝေမှုမှာလည်း အဓိက ရေအရင်းအမြစ်တွေဖြစ်တဲ့ ဂျိုးဖြူ၊ လှော်ကား၊ ငမိုးရိပ်စတဲ့ ရေလှောင်ကန်တွေရဲ့ အနိမ့်ဆုံးရေအမှတ်ကို မရောက်ရှိသေးတဲ့အပြင် စိုးရိမ်စရာတော့ မရှိပါဘူး။ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်ထားပါတယ်။ နောက်ပြီး မြို့သစ်တွေနဲ့ ရေမရသေးတဲ့နေရာတွေ၊ သီလဝါ အထူးစီးပွားရေးဇုန်လိုနေရာတွေအတွက် ရေပေးဝေနိုင်ရေး စီမံကိန်းတွေလည်း လုပ်နေတဲ့အတွက် အနာဂတ်မှာ တိုးပွားလာမယ့် လူဦးရေအတွက် ရေပမာဏနဲ့ ရေပေးဝေနိုင်မှုမှာ လုံလောက်တယ်လို့ ပြောလို့ရပါတယ်။ စီမံကိန်းအသစ်တွေကနေ နောက်ထပ်ရရှိလာမယ့် ရေပမာဏနဲ့ဆိုရင် တစ်ရက်ကို ရေဂါလန်သန်း ၅၃၀ ကျော် ရရှိလာမယ်လို့ ခန့်မှန်းထားတဲ့အတွက် နှစ်ပေါင်းများစွာ အတွက် ပြင်ဆင်ထားပါတယ်"ဟု ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသော အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူ တစ်ဦးက ရှင်းပြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ရန်ကုန်မြို့ပြ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်နေရာတွင် ရေအရင်းအမြစ်များမှ ရေရရှိရေးနှင့် ရေလုံလောက်စွာဖြန့်ဝေပေးရေးတို့ကိုလည်း ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် မြို့တော်စည်ပင်၏ ရေပေးဝေမှုကို မရရှိသေးသောဒေသများလည်း ရှိနေသေးသည်။ အဝီစိတွင်းများကို အားထားအသုံးပြုနေရမှုများ၊ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုများလည်းရှိနေပြီး စည်ပင်ရေပေးဝေနိုင်ရေးအတွက် စီမံဆောင်ရွက်နေသည်ဟု သိရသည်။ လက်ရှိ နွေရာသီကာလတွင် မြို့ပြဧရိယာအတွက် ရေလုံလောက်စွာ ဖြန့်ဝေနိုင်သော်လည်း နှစ်စဉ် ရေအခက်အခဲဖြစ်လျက်ရှိသည့် ရန်ကုန်တစ်ဖက်ကမ်း မြို့နယ်များ သို့မူ သက်ဆိုင်ရာ၏ အထောက်အပံ့အပြင် အများပြည်သူ၏ ထောက်ပံ့လှူဒါန်းမှုများဖြင့် ရေပေးဝေမှုများ ပြုလုပ်နေရသည်ဟု သိရသည်။ **(၀၀၁)**



ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

အစိုးရသစ်မူဝါဒအပြောင်းအလဲနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ

သန်းပြိုးနိုင်(ကညင်ကျိုး)

အစိုးရသစ်အနေဖြင့် ၎င်း၏သက်တမ်းကာလအစပိုင်းတွင် နိုင်ငံတော်၏ စီးပွားရေးပြောင်းလဲတိုးတက်ရေး၊ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချရေး၊ လက်တွေ့ကျသည့်စီမံကိန်းများနှင့် မူဝါဒများမှန်ကန်စွာချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်ရေး လုပ်ငန်းများ၊ ဌာနဆိုင်ရာများအတွင်း စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကိစ္စများ၊ နိုင်ငံတော်အတွင်း အရေးပေါ်အသက်ဘေးအန္တရာယ်ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးနှင့် ဒေသတွင်းနိုင်ငံများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့အတွက် မူဝါဒအသစ်များ ချမှတ်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများ ဦးစားပေးကဏ္ဍအလိုက်အတည်ပြုရေး၊ ဆိုင်းငံ့ရေး၊ ပယ်ဖျက်ရေးနှင့် ပြင်ဆင်အတည်ပြုရေးကိစ္စများ၊ ပြည်သူလူထုအများစု၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်သည့်လုပ်ငန်းစီမံကိန်းများနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများကို ထိရောက်စွာကြီးကြပ်နိုင်ရေး၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပဋိပက္ခနှိုးဆော်ရေးအတွက် အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

အစိုးရသစ်မူဝါဒများ ချမှတ်ခဲ့ကြပုံ၊ ကိုင်တွယ်ဖြေရှင်းပုံ ကဏ္ဍအလိုက် ပြည်ပမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ ဖိတ်ခေါ်ပြီး ဆွေးနွေးတိုင်ပင်ခဲ့ကြပုံ ကဲ့သို့ ကိုယ်တိုင်ကိုယ်စီ ကိုယ်ကျင့်ကျင့်ကြံ ကြိုးပမ်းနေကြပုံ ဆိုတာ ကျနော်တို့ ကြားသိမြင်တွေ့ခဲ့ကြပါတယ်။ ဒီလိုကောင်းမွန်ကျယ်ပြန့်ပြီး ကြီးကျယ်ခမည်းတဲ့ ပြောင်းလဲမှုတွေ ရှိနေတဲ့ အခြေခံ ကိုယ်ကျင့်ကျင့်ကြံ ကြိုးပမ်း

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး
မစ္စတာ ဒွန် ပရာမွတ်ဝိနိုင်း

နေပြည်တော် မေ ၉

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရေး၊ မြန်မာ-ထိုင်း ကဏ္ဍစုံတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ် ဆွေးနွေးကြကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝိနိုင်းတို့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ထိုသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည်၊ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် ကဏ္ဍများ အမြောက်အမြား ရှိနေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယနေ့ ရင်ဆိုင်နေကြရသည့် Sufficiency Economy ဆိုင်ရာ စိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံ ဆက်ဆံရေးအနေဖြင့် ပိုမိုရင်းနှီးမှုရရှိခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးအပြင် အာဆီယံအဖွဲ့ကြီးအတွင်းနှင့် မဲခေါင်ဒေသခွဲ ဆက်ဆံရေးအတွင်းတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများမေးမြန်းသည့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ အခွင့်အရေးနှင့် ထားဝယ်ရေနက်ဆိပ်ကမ်း၏ ရှေ့အလားအလာကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက "ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁ ဒသမ ၅၉ သန်း ရှိပါကြောင်း၊ ယခင်နှင့်မတူသည်မှာ ယခု ကလေးများအတွက် ပညာသင်ကြားပေးမှုများရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုများလည်း ရရှိနေကြပြီဖြစ်ပါကြောင်း၊ ယင်းမှာ တိုးတက်မှုဖြစ်သလို တဖြည်းဖြည်း ဆက်လက်၍လည်း လုပ်ဆောင်နိုင်သည်များ လုပ်ဆောင်သွားမှာဖြစ်ပါကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ တိုးတက်မှုများလည်းရှိပါကြောင်း၊ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြီးဆုံးအောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စပ်လျဉ်း၍ မည်သည့်မူဝါဒထားရှိသလဲ၊ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံကဲ့သို့ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ရွှေ့ပြောင်းအလုပ်သမားများကိစ္စလို နှစ်နိုင်ငံ ပြဿနာများ ရှိပါသလား၊ အာဆီယံအပေါ် မည်ကဲ့သို့ ရှုမြင်ပါသလဲဟု ထိုင်းနိုင်ငံမှ မီဒီယာသမားတစ်ဦး၏ မေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာဆီယံနှင့် ဆက်ဆံရေးကို အလေးထားပါကြောင်း၊ မိမိဖခင်သည် အီးယူကဲ့သို့သော ဒေသတွင်းအဖွဲ့အစည်းကြီး မပေါ်ပေါက်မီကတည်းက မိမိတို့ဒေသအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် ဒေသတွင်း အဖွဲ့အစည်းတစ်ခုရှိသင့်သည်ကို ပြောကြားခဲ့ကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ကြပြီး အများအတွက် မျှော်လင့်ချက်များ၊ ပျော်ရွှင်သာယာချမ်းမြေ့မှုများ ဖော်ဆောင်ကြရန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပြဿနာဆိုသည်မှာ ရှိစမြဲဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ ထိုပြဿနာများကို မည်သို့မည်ပုံ ဖြေရှင်းကြမည်ဆိုသည့် ခံယူချက်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား အမုန်းဖြင့်ကျန်ခဲ့မည့် ပြဿနာဖြေရှင်းနည်းမျိုးကို ရှောင်ရှား၍ နှစ်နိုင်ငံပူးပေါင်းမှု၊ နားလည်မှုများဖြင့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေမည့်၊ ထိခိုက်မှုမရှိစေမည့် ဖြေရှင်းမှုမျိုးဖြင့်သာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ထိုင်းနိုင်ငံရောက် ပြောင်းရွှေ့အလုပ်သမားများ ကိစ္စနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံဘက်ကိုသာ တာဝန်ယူစေမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အလုပ်သမားများ ပြန်လည်ရောက်ရှိ အလုပ်လုပ်နိုင်ရေးအတွက် တာဝန်ယူသွားရန် အစီအစဉ်များထားရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွတ်ဝိနိုင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

နည်းပညာနှင့် သက်မွေးသင်ကျောင်းသားများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပညာတော်သင်ထွက်ခွာ

နေပြည်တော် မေ ၉

မြန်မာ-တရုတ်နှစ်နိုင်ငံကြား နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းသားများစေလွှတ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ ကျင်စုပြည်နယ် ပညာရေးဌာန၊ မြန်မာ-တရုတ်ချစ်ကြည်ရေး (ဗဟို)နှင့် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း (ပေကျင်းမြို့)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပညာရေးဝန်ကြီးဌာန (ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်နှင့်၊ အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သမဝါယမတက္ကသိုလ်၊ ကောလိပ်)တို့မှ ပထမအသုတ် ကျောင်းသား ကျောင်းသူ ၃၆ ဦးသည် မေ ၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်မြို့သို့ ထွက်ခွာသွားကြသည်။

ပညာသင်ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနကိုယ်စား သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတက္ကသိုလ်၊ သိပ္ပံများမှ ပါမောက္ခချုပ်၊ ပါမောက္ခနှင့် ကျောင်းအုပ်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူးနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အလုပ်အမှုဆောင်များ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း(ရန်ကုန်ရုံးခွဲ) တာဝန်ခံနှင့် ကျောင်းသား ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

၂၀၁၅ ခုနှစ် သြဂုတ်လအတွင်း တရုတ်နိုင်ငံ ကွေ့ရန်မြို့တွင် ကျင်းပခဲ့သည့် China-ASEAN TVET EXPO, 8th China-ASEAN Education Week ၌ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် ပညာရေးဌာနတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်အရ ကျန်းစုပြည်နယ်ရှိ NanJing Institute of Industry Technology၊ Yangzhou Polytechnic Institute၊ Changzhou Vocational Institute of Engineering နှင့် Jiangsu Agri-animal Husbandry Vocational College တို့တွင် နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ယူနိုင်ရေးအတွက် ပညာသင်ကျောင်းသား ကျောင်းသူများအား စိစစ်ရွေးချယ်၍ စာမေးပွဲများ ဖြေဆိုအောင်မြင်သူများကို စေလွှတ်ခြင်းဖြစ်သည်။ ဒုတိယအသုတ် ကျောင်းသား ကျောင်းသူ ၅၁ ဦးကိုလည်း မေ ၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပညာတော်သင် ဆက်လက်စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယနေ့မိုးလေဝသ

၉-၅-၂၀၁၆

မေ ၁၀ ရက် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်တွင်းရေးရာ

✱ အမျိုးသားရင်ကြားစေ့ရေးမှ

အစည်းအဝေးတွင် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းရေးလုပ်ငန်းများနှင့် နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်များကို တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားရေး၊ နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေး ဦးတည်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ သဘောတူညီခဲ့ကြပြီး ဒုတိယအကြိမ်ညီနှိုင်းအစည်းအဝေးကို လာမည့်သီတင်းပတ်အတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းရေးဆိုင်ရာ ညီနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

စဉ်းစားဆင်ခြင်

ခုရေတွင်းတူး
ခုရေကြည်သောက်
သောက်ချင်တိုင်းဖြစ်မလား။
မနေ့ကအာဏာရ
ဒီနေ့ကျပြည်တော်သာ
ဖြစ်နိုင်ပါ့မလား။
ဆန္ဒမစောနဲ့
ဆန္ဒစောရင်
ဆန္ဒမချောတတ်ဘူး။
နစ် ၅၀ ဗျက်
တိုင်းပြည်ပျက်ကို
ရက် ၅၀ နဲ့ မပြင်နိုင်။

မောင်စွမ်းရည်

မြန်မာယူအိုင်ဘီ အထည်ချုပ်လုပ်သားများ လစာမရ၍ စုပေါင်းတောင်းဆို

လှိုင်သာယာ မေ ၉

အင်းစိန်မြို့နယ် တည်ကုန်းအပိုင် (၁၄) လမ်းဆုံအနီးရှိ စက်မှုဇုန် လုပ်သားအိမ်ရာ စီမံကိန်း၀င်း၏ ကျောဘက်တွင်ရှိသော မြန်မာယူအိုင်ဘီ အထည်ချုပ်စက်ရုံ အလုပ်သမားများသည် ၎င်းတို့၏ ဧပြီလ လုပ်ခလစာများ မရရှိသေးသည့်အတွက် မေ ၉ ရက် မွန်းလွဲပိုင်းမှစ၍ လုပ်လက်စအလုပ်များကို ရပ်တန့်ပြီး လစာရရှိရေး စက်ရုံ၀င်းအတွင်း၌ စုပေါင်းတောင်းဆိုလျက်ရှိသည်။

"အရင်လတွေက လဆန်း ၇ ရက်၊ ၈ ရက်ဆိုရင်ပေးပါတယ်။ အခု ၉ ရက်နေ့ရောက်ပြီ မပေးသေးဘူး။ ၁၄ ရက်နေ့တောင် မသေချာဘူးလို့ ပြောနေပါတယ်။ သမီးတို့ဘက်က အခက်အခဲတွေအများကြီး ရောက်ကုန်ပြီ။ မန်နေဂျာ မနီချိုကလည်း ဘာမှ အာမခံချက်မပေးနိုင်ဘူး။ အလုပ်ရှင်ကလည်း စက်ရုံကို မလာတာကြာပြီ။ ဒါကြောင့် ကျွန်မတို့က အလုပ်ရပ်ပြီး လစာရဖို့ တောင်းဆိုရတာပါ။ ညွှန်ချုပ် ဦးဝင်းရှိန်ကိုလည်း မနက်ပိုင်းက ဖုန်းဆက်ပြီး တိုင်ထားတယ်။ လူလွှတ်ပေးမယ်။ ရှင်းပေးမယ် ပြောတယ်။ ခုထိဘာမှ ဖြစ်မလာဘူး။ အင်းစိန်လေဘာရုံးကို သွားတဲ့တစ်ဖွဲ့လည်း အခုပဲရောက်တယ်။ မန်နေဂျာနဲ့ လေဘာရုံးက လူကြီးတွေနဲ့ စကားပြောကြတယ်။ မန်နေဂျာဘက်က ၁၄ ရက်နေ့ကို တောင် မသေချာသေးဘူး ပြောတယ်။ သူ့ဌေးကို ဖုန်းဆက်လို့မရဘူး ပြောနေတယ်။ ကျွန်မတို့တော့ ဒုက္ခရောက်ရပြီ"ဟု ယင်းစက်ရုံမှ အလုပ်သမားတစ်ဦးဖြစ်သူ မမီးမီးက ပြောသည်။

မြန်မာယူအိုင်ဘီ အထည်ချုပ်စက်ရုံသည် လုပ်သားအင်အား ၆၀၀ ကျော်ဖြင့် လည်ပတ်နေသော စက်ရုံဖြစ်ပြီး ဥပဒေအရ လစာပေးရမည့် ရက်ထက် ကျော်လွန်နေသော စက်ရုံဖြစ်သဖြင့် အလုပ်သမားညွှန်ကြားမှူး ဦးစီးဌာန မြို့နယ်ရုံးမှ မည်သို့ စီမံဆောင်ရွက်မည်ကို အလုပ်သမားများက စောင့်ကြည့်နေကြသည်။ ထို့ပြင် အလုပ်သမားများက စက်ရုံရပ်နားပြီး အလုပ်ရှင် တိမ်းရှောင်သွားမည်ကို စိုးရိမ်ကြောင့်ကြနေကြကြောင်း အလုပ်သမားများထံမှ သိရသည်။

အလုပ်ရှင်ထံ ဖုန်းဆက်သွယ်ခေါ်ဆိုကြည့်သော်လည်း ဆက်သွယ်မှုမရခဲ့ပါ။ မေ ၉ ရက်က မြို့နယ်ညီနှိုင်းဖြန်ဖြေရေးရုံးတွင် လစာပေးရန်ကိစ္စ အလုပ်သမားကိုယ်စားလှယ်တချို့နှင့် စက်ရုံမှ မန်နေဂျာ ဒေါ်နီချိုတို့ ဖြန်ဖြေရေးအဖွဲ့ဝင် ဦးသန်းထိုက်၏ ရှေ့မှောက်တွင် ပြောဆိုဆွေးနွေးခဲ့ကြသော်လည်း မန်နေဂျာက အလုပ်ရှင်နှင့် ဆက်သွယ်မှုမရရှိကြောင်း၊ လစာအမြန်ဆုံးရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောသွားခဲ့သည်။

သို့သော်လည်း အလုပ်သမားများ ဘက်ကမူ ၎င်းတို့လစာများ မရရှိသေးပါက လုပ်ငန်းခွင်မ၀င်တော့ဘဲ ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ စက်ကိုင်များနှင့် ဌာနများမှ ကိုယ်စားလှယ်တစ်ဦးစီ ပါ၀င်သော ကိုယ်စားလှယ်အဖွဲ့ဖွဲ့ပြီး စနစ်တကျဖြင့် လစာရရှိရေး တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေမြင့်ဦး(ရွှေပြည်သာ)

❍ မြန်မာ့လက်ရွေးစင်မှ

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)။ နောက်တန်း-နန္ဒကျော်၊ ကျော်ဇင်လွင်၊ နိုင်လင်းထွန်း(မကွေး)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ အောင်ဇော် (ဟံသာ၀တီ)၊ ဟိန်းသီဟဇော်(ရှမ်း)၊ ဖြိုးကိုကိုသိန်း(ဧရာ၀တီ)၊ ကိုကိုဟိန်း(ဇွဲကပင်)၊ မျိုးကိုထွန်း(ရတနာပုံ)၊ အလယ်တန်း-ရဲကိုဦး၊ လှိုင်းဘိုဘို(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)။ မောင်မောင်လွင် (ဟံသာ၀တီ)၊ ရန်နိုင်ဦး (ရှမ်း)၊ သီဟဇော်(ဧရာ၀တီ)၊ ရှေ့တန်း-ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ၊ ၀င်းနိုင်စိုး(ရတနာပုံ)၊ ဆောင်လမန်(ချင်း) တို့ပါ၀င်ကြသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး ၀န်ကြီးဌာနတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းရေး ဆွေးနွေးမည်

နေပြည်တော် မေ ၉

မေ ၁၀ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစီအစဉ်လျာထားချက်အရ နိုင်ငံတော်သမ္မတထံမှပေးပို့သော နိုင်ငံတော်အတိုင်ပင်ခံရုံး ၀န်ကြီးဌာနတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဟု သိရသည်။

ဧပြီ ၁ ရက်တွင် စတင်တာ၀နှင်းထမ်းဆောင်ခဲ့သည့် လက်ရှိအစိုးရသည် ယခင်အစိုးရလက်ထက်တွင် ဖောင်းပွနေသည့်၀န်ကြီးဌာနများကို လုပ်ငန်းသဘောသဘာ၀အရ ပေါင်းစပ်နိုင်သည့် ၀န်ကြီးဌာနများကို ပေါင်းစပ်ကာ ၀န်ကြီးဌာန ၂၁ ခုဖြင့် အစိုးရအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ အစိုးရသစ်အနေဖြင့် တိုင်းရင်းသားရေးရာ၀န်ကြီးဌာနတစ်ခုတည်းကိုသာ တိုးချဲ့ဖွဲ့စည်းခဲ့သော်လည်း ၀န်ကြီးဌာနနှင့် ၀န်ကြီးအရေအတွက်မှာ သိသိသာသာလျော့ကျသွားခဲ့ပြီး အစိုးရအသုံးစရိတ်ကို ချွေတာနိုင်ခဲ့သဖြင့် ပြည်သူလူထု၏ ထောက်ခံမှုကို ရယူနိုင်ခဲ့သည်။

ယခုလောလောဆယ်တွင် နိုင်ငံခြားရေး၀န်ကြီးဌာနနှင့် သမ္မတရုံး၀န်ကြီးဌာန ၀န်ကြီးအဖြစ် တာ၀နှယူဆောင်ရွက်နေသော ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တာ၀နှင်းပေးအပ်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များသို့ အဆိုပြုတင်သွင်းစဉ်က ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည့်အတွက် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံဆန္ဒမဲများခဲ့သောကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ ယခုတစ်ဖန် ဒေါ်အောင်ဆန်းစုကြည် တာ၀နှယူဆောင်ရွက်နေသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးကို ၀န်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၂ (က)တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရ ၀န်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် ၀န်ကြီးဌာနများကို ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်ဟု ဖော်ပြထားသည်။

(ကြေးမုံ)

❖ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ

နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၊ (၂၃၀ မိုင်) ပြင်စည်တိုက်နယ်ဆေးရုံ၊ (၂၇၀ မိုင်) အလယ်ရွာတိုက်နယ်ဆေးရုံ၊ (၂၈၀ မိုင်) မိတ္ထီလာခရိုင်ဆေးရုံ၊ (၃၄၀ မိုင်) တံတားဦးမြို့နယ်ဆေးရုံတို့အတွက် လုပ်ငန်းအရန် အရေးပေါ်လူနာတင်ယာဉ် ၁၁ စီးနှင့် အရန်ယာဉ် နှစ်စီး စုစုပေါင်း ၁၃ စီးတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးပေါ်ကုသရေး၀န်ထမ်း ၁၂၈ ဦးကိုလည်း ရွေးချယ်ကာ သင်တန်းများပေးအပ်ခြင်းဖြစ်သည်။

အမြန်လမ်းမကြီးပေါ်တွင် စတင်ဖွင့်လှစ်သည့် ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ စာရင်းအရ ဒဏ်ရာရရှိသူ ၂၁၆ ဦးနှင့် သေဆုံးသူ ၆၇၈ ဦးရှိကြောင်းနှင့် သတ်မှတ်မိုင် ၁၀၀ ထက်မကျော်ရန် သတိပေးဆိုင်းဘုတ်များ ထားရှိသော်လည်း အရေးယူခြင်းမရှိသည့်နောက်ပိုင်း သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်မောင်းနှင်နေကြပြီး ဘတ်စ်ကားလိုင်း ၁၇၄ လိုင်းမှယာဉ်များကို မိုင်နှုန်းကျော်မောင်းသဖြင့် ၁၂၈ ကြိမ်တိုင်တိုင် ဆောက်လုပ်ရေ၀န်ကြီးဌာနက သတိပေးခဲ့သည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၉

ရန်ကုန်(ရွှေဈေး) ၇၉၁၈၀၀ - ၇၉၂၈၀၀၊ မန္တလေး(ရွှေဈေး) ၇၉၁၀၀၀ - ၇၉၂၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၄၇၀/၅၀၀ ကျပ်၊	၅၁၀/၅၃၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၃၀/၇၄၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၃၀/၅၅၀ ကျပ်၊	၆၀၀/၆၁၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၁၀/၅၄၀ ကျပ်၊	၅၆၀/၅၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၃၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၇၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

၃-၅-၂၀၁၆ ရက်နေ့မှ ၆-၅-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၉၁ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၆၆ ကျပ် ဖြစ်ပါသည်။ *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၁၆၈. ၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၂၉. ၅
(ဂ)	တရုတ်	တစ်ယွမ်	- ၁၇၉. ၆၉
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၃. ၂၀
(င)	မလေးရှား	တစ်ရင်းဂစ်	- ၂၉၁. ၇၈
(စ)	အိန္ဒိယ	တစ်ရုပီး	- ၁၇. ၅၃၈
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၀၈၅. ၆
(ဇ)	တောင်ကိုရီးယား	တစ်ရာ၀မ်	- ၁၀၀. ၁၂
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၈၆၀. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၈၅၆. ၆၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း

အာဆီယံတွင် ဖွဲ့စည်းထားသည့် Shipowners' Association ၌ နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်းမှ ချိတ်ဆက်ပူးပေါင်းလုပ်ကိုင်မည်

ရန်ကုန် မေ ၉

အာဆီယံတွင် ဖွဲ့စည်းထားသည့် Shipowners' Association ၌ မြန်မာနိုင်ငံမှ နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်းဖြစ်သော Foreign-Going Shipowners' Association မှ ချိတ်ဆက်ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

ရေကြောင်းပို့ဆောင်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယကပ္ပတိန်(ငြိမ်း)ဖြစ်သော လက်ရှိနိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း၌ အကြံပေးအရာရှိတာဝန်ထမ်းဆောင်နေသည့် ကပ္ပတိန်ဦးဌေးဝင်းက "အာဆီယံမှာဖွဲ့စည်းထားတဲ့ Shipowners' Association ဆိုတာလည်းရှိပါတယ်။ ဒီတော့ကျွန်တော်တို့ မြန်မာနိုင်ငံက Foreign-Going Shipowners' Association အနေနဲ့ ချိတ်ဆက်ပူးပေါင်း လုပ်ကိုင်သွားတော့မှာပါ။ ဒါမှ ကျွန်တော်တို့အသင်းအနေနဲ့လည်း လုပ်ငန်းကိုပိုမိုချဲ့ထွင် လုပ်ကိုင်သွားလို့ရပါလိမ့်မယ်။

"ယခင်ကကျွန်တော်တို့အနေနဲ့ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ပိုမိုတိုးတက်စေဖို့အတွက် ဘယ်လိုလုပ်ကိုင်ကြမလဲဆိုတာ စာတမ်းတွေရေးသားပြုစုခဲ့တာတွေရှိခဲ့ပါတယ်။ အဲဒါတွေကို ပြန်လည်ဆွေးနွေးပြီး ရှေ့လျှောက် ဘယ်လိုလုပ်ကိုင်သွားကြမလဲဆိုတာ မေ ၆ ရက်က ပြုလုပ်ခဲ့တဲ့ Foreign-Going Shipowners' Association အစည်းအဝေးမှာဆွေးနွေးခဲ့ကြပါတယ်။

" နောက်တစ်ချက်ကတော့ ကျွန်တော်တို့ Foreign-Going Shipowners' Association တိုးတက်လာဖို့အတွက် အနာဂတ်ကာလမှာ ဘာတွေလုပ်ကြမလဲဆိုတာ ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးကြတဲ့ အခါမှာလည်း ကျွန်တော်တို့အသင်းမှာ အဖွဲ့ဝင်နည်းနေပါသေးတယ်။ ဒါကြောင့်အနာဂတ်ကာလမှာ အဖွဲ့ဝင်တွေပိုမိုများပြားလာဖို့အတွက် အဖွဲ့ဝင်တွေခေါ်ဖိုရှိပါတယ်။ ဒါကလည်း

ပန်းဆိုးတန်းဆိပ်ကမ်းဘက်ခြမ်း၌ ကျောက်ချရပ်နားထားသော ပင်လယ်ကူးသင်္ဘောများကို တွေ့ရစဉ်။

ရင်းနှီးမြှုပ်နှံမှု အလွန်များပြားတဲ့ကိစ္စရပ်ပါ။ ဒါကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်တွေကို ခေါ်ယူပြီး လုပ်ချင်လာအောင် စီးပွားရေးကောင်းရာကောင်းနိုးအတွက် ကျွန်တော်တို့က ခေါ်ယူသွားမှာပါ"ဟုပြောကြားသည်။

အဆိုပါ နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်းဖြစ်သော Foreign-Going Shipowners' Association တိုးတက်လာစေရန်အတွက် လုပ်ဆောင်လိုက်ခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက်လာစေပြီး တိုင်းရင်းသားသင်္ဘောပိုင်ရှင် လုပ်ငန်းရှင်များအတွက် ဝင်ငွေပိုမိုရရှိနိုင်ကြောင်း၊ လက်ရှိ နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း၌ အစိုးရ body တင်မဟုတ်ဘဲ ပုဂ္ဂလိက Shipowners များလည်းပါဝင်ပြီး အားလုံးစုပေါင်းထားသည့်အဖွဲ့အစည်းဖြစ်ကြောင်း အဖွဲ့အစည်းကြီး ရှေ့လျှောက်တိုးတက်လာစေရန် လုပ်ဆောင်ရခြင်းမှာ ပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်လာကြသောနိုင်ငံခြားသင်္ဘောပိုင်ရှင်များအား ယှဉ်ပြိုင်နိုင်ရန်အတွက်ဖြစ်ပြီး သင်္ဘောလုပ်ငန်းရှင်များ ပိုမိုတိုးတက်လာစေရန်နှင့် ကာကွယ်ပေးရန်အတွက် အသင်းကြီးအားတည်ထောင်ထားခြင်းဖြစ်ကြောင်း၊ ထိုနည်းတူစွာ မိမိတို့မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိအောင်တစ်ထောင့်တစ်နေရာမှ တည်ထောင်ထားခြင်းလည်းဖြစ်ကြောင်း ၎င်းကပြောသည်။

လက်ရှိအနေအထားအရ နိုင်ငံခြားသားသင်္ဘောပိုင်ရှင်များမှ မြန်မာနိုင်ငံ၌ ဆိပ်ကမ်းပို့ဆောင်ရေးလုပ်ငန်းများ၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအား လွှမ်းမိုးထားပြီး သင်္ဘောများလာရောက်ပြေးဆွဲနေသောကြောင့် တိုင်းရင်းသားသင်္ဘောပိုင်ရှင်များမှာ ဆုံးရှုံးမှုများခံနေရကြောင်း၊ ထို့အတွက်ကြောင့် ယင်းကိစ္စပြဿနာရပ်များအတွက်မည်ကဲ့သို့ကျော်လွှားရမည်ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပါမှ တိုင်းရင်းသားလုပ်ငန်းရှင်များ ဝင်ငွေပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်းမှသိရသည်။

"နိုင်ငံခြားအုံ့နာတွေကလည်းရှိမှာပါပဲ။ ပြေးဆွဲလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ သူတို့နဲ့ယှဉ်ပြီး စီးပွားရေးလုပ်တဲ့အခါမှာ နိုင်ငံအတွင်းမှာရှိနေတဲ့ တိုင်းရင်းသားသင်္ဘောပိုင်ရှင်တွေကို နေရာရစေချင်တဲ့သဘောပါ။ ဒါဆိုကျွန်တော်တို့နိုင်ငံက သင်္ဘောလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်။ တိုင်းရင်းသားသင်္ဘောပိုင်ရှင်တွေကို နေရာရစေချင်တယ်ဆိုတာကလည်း ဥပဒေဘောင်အတွင်းကအတိုင်းပါပဲ။ အဲဒီထက်တော့ ကျော်လို့မရပါဘူး။ နိုင်ငံတကာကပုံစံအတိုင်းပါပဲ။ အခုအစိုးရသစ်လက်ထက်မှာလည်း ကျွန်တော်တို့သင်္ဘောလုပ်ငန်းမှာ ဖြစ်ပျက်နေတဲ့ ပို့ဆောင်ရေးကဏ္ဍအခြေအနေတွေ၊ နိုင်ငံတကာစိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို တင်ပြသွားပါမယ်။ ဒါဆိုကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ဝင်တွေလည်း ပိုမိုများပြားလာပြီဆိုရင် ပိုမိုတိုးတက်သွားမှာပါ။ ဒီ Shipping လုပ်ငန်းရော၊ Port လုပ်ငန်းရောပြိုင်တူ တိုးတက်လာပြီဆိုရင် မြန်မာနိုင်ငံဟာ ပိုမိုတိုးတက်လာပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်တော့မှာပါ။ တိုင်းပြည်အတွက် ဝင်ငွေလည်း ပိုမိုတိုးတက်လာမှာပါ။ ဒီမှာက SAD ဆိုတာ ကရှိနေတယ်လေ။ အာဆီယံနိုင်ငံတွေမှာက Shipping Agency Department ဆိုတာ မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့အနေနဲ့အနာဂတ်ကာလမှာ ညှိနှိုင်းဆောင်ရွက်သွားတော့မှာပါ" ဟု သုံးသပ်ပြောကြားသည်။

လက်ရှိအနေအထားအရ နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်းဖြစ်သော Foreign-Going Shipowners' Association ၌ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ အပါအဝင်အဖွဲ့ဝင် ၁၄ ဦးရှိနေကြောင်းသိရပြီး အဖွဲ့ဝင်များအား တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကာ အဆိုပါ နိုင်ငံခြားသွား သင်္ဘောပိုင်ရှင်များအသင်းအား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း နိုင်ငံခြားသွား သင်္ဘောပိုင်ရှင်များအသင်းဖြစ်သော Foreign- Going Shipowners' Association မှသိရသည်။

(သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း-MLA)

■

ရေအရေးတကြီးလိုအပ်နေသော ကျေးရွာ ၂၅ ရွာအတွက် ရေရရှိရေး ဆောင်ရွက်မည်

မကွေး မေ ၉

ရေအရေးတကြီးလိုအပ်နေသော မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၅ရွာအတွက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေအမြန်ရရှိရေးဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအရေးတကြီးလိုအပ်နေသော ကျေးရွာများအတွက် စက်ရေတွင်းများပြုပြင်ခြင်းလုပ်ငန်း၊ မြေသားကန် တာပေါင်ပြုပြင်ခြင်း၊ ကျေးရွာရေလိုအပ်ချက်အရ ရေထွက်နည်းပြီး ပြန်လည်ပြုပြင်ရန်ခက်ခဲနေသော စက်ပစ္စည်းများ လဲလှယ်ပြုပြင်ခြင်း၊ မြေသားရေကန်ချဲ့ရန်နှင့် အနက်နှိုက်ခြင်း၊ ရေမြှုပ်ပန့်ပြောင်းလဲပေးခြင်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံကိန်းအတွင်း ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်တောင်စုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၅၅ ဒသမ ၂၉၀ ကုန်ကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ရေအရေးတကြီးလိုအပ်နေသော ကျေးရွာများမှာ ချောက်မြို့နယ်မှ ဆူးတောကျေးရွာ၊ ဆင်ကကျေးရွာ၊ စွယ်ပေါက္ကံကျေးရွာ၊ ရေနံချောင်းမြို့နယ်မှအောင်သာကျေးရွာ၊ မြို့သစ်မြို့နယ်မှ သားမ္ဘားကျေးရွာ၊ နတ်မောက်မြို့နယ်မှ ကျားထူးကျေးရွာ၊ မင်းဘူးမြို့နယ်မှ အင်ပင်လှကျေးရွာ၊ ခရုကန်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်မှ လေးအိမ်ကုန်းကျေးရွာ၊ သရက်မြို့နယ်မှ ဝက်သားစားကျေးရွာ၊ ဂုမ္ဘကီကျေးရွာ၊ ကံမမြို့နယ်မှ ပယ်ကျကျေးရွာ၊ မင်းတုန်းမြို့နယ်မှ ကံလည်ကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်မှ လက်ယက်ကျေးရွာ၊ ပခုက္ကူမြို့နယ်မှ ကန်ရပ်ကြီးကျေးရွာ၊ ရေစကြိုမြို့နယ်မှ ရွာသာအေးကျေးရွာ၊ မြိုင်မြို့နယ်မှ မင်းသာကျ(တ)ကျေးရွာ၊ လေးတန်းကျေးရွာ၊ ကွမ်းတောကျေးရွာ၊ မကျီးကန်ကျေးရွာ၊ ကန်ကလေးကျေးရွာ၊ စိုတောကျေးရွာ၊ ပန်းတိုင်းတောကျေးရွာ၊ ပေါက်မြို့နယ်မှ စခန်းလှကျေးရွာ၊ တာချောင်းကျေးရွာတို့ဖြစ်သည်။

အခြားရေလိုအပ်သည့် ကျေးရွာများမှ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားပါက သက်ဆိုင်ရာဌာနဆိုင်ရာများမှ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာနှင့်ပရဟိတအဖွဲ့အစည်းများကလည်း ကျေးရွာများအရောက်သွားရောက်လှုဒါန်းလျက်ရှိကြသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း ရေရှားမှုဖြစ်ပေါ်လျက်ရှိနေသော်လည်း ဆိုးရွားသည့်ရေရှားပါးမှုဖြစ်စဉ်မျိုးမဖြစ်ခဲ့ကြောင်း သိရသည်။ **(မိုး)**

မန္တလေး မေ ၈

စက်ရေတွင်းတူး အဘုံးလိုက်သူများအဆင်ပြေ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြောက်ဘက်ဒေသများတွင် စက်ရေတွင်းတူး အဘုံးလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသည် ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုဖြစ်ပေါ်လျက်ရှိသောကြောင့် ရေရှားပါးမှုပြဿနာများ ဒေသတော်တော်များများ၌ ကြုံတွေ့လျက်ရှိရာ အဆိုပါ ရေရှားပါးမှု ပြဿနာများကို တစ်ဘက်တစ်လမ်းမှ ကူညီဖြေရှင်းနိုင်ရန် စက်ရေတွင်းတူး၍မြေအောက်ရေတူးဖော်သုံးစွဲမှုအဖြစ် စက်ရေတွင်းတူးသူများပြားလျက်ရှိရာ စက်ရေတွင်းတူး အဘုံးလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က စက်ရေတွင်းတူးအဘုံးလိုက်တာ ၁၀နှစ်လောက်ရှိပြီ။ ဒီနှစ်ရေတွင်းတူးလိုက်ရတာ အများဆုံးပဲ။ ဒီဘက်နယ်က အနီးအနားရွာတွေဖြစ်တဲ့ ရသာ၊ ဖက်ရင်း၊ လေးတန်း၊ ရွာသာယာကြီးတွေကတော့ ပေ ၂၀၀ လောက်တူးရင် ရေထွက်တော့ သုံးလက်မတွင်း တစ်တွင်းဆိုရင် နှစ်ရက်ပဲတူးရတာ တစ်ပေကို ကျပ် ၇၀၀ ပဲယူတယ်။ ရေတွင်းတူး ပစ္စည်းသယ်ယူစရိတ်တို့၊ ရေတွင်းတူးရာမှာ အသုံးပြုတဲ့စက်သုံးဆီဖိုးတို့ကို ရေတွင်းပိုင်ရှင်က အကုန်အကျခံရတာ ရေတွင်းတူးသူတွေကို ထမင်းလည်း ကျွေးရတယ်။ တခြားနယ်တွေ အဘုံးလိုက်ရင်တော့ တစ်ပေကို ကျပ် ၁၅၀၀ ယူတယ်။ ဒါကတော့ ကိုယ့်ထမင်းကိုယ်စားပြီး စရိတ်စက ကိုယ့်ဘာသာကုန်ရတာ။ တချို့နေရာတွေကျတော့ ပေ ၃၀၀၊ ပေ ၄၀၀ လောက်တူးရတယ်။မြို့သာစီမံကိန်းဘက်က ရေတွင်းတွေ တူးတုန်းက တစ်ပေကို ရှစ်ထောင်ရတယ်။ ပေ ၄၀၀ ကျော်မှ ရေထွက်တာ ဒါပေမယ့် တစ်တွင်းတူးရင် နှစ်လ၊ သုံးလလောက်ကြာတယ်။ အရပ်တွင်း ကတော့ ပေ ၂၀၀ ကို တစ်ရက်ခွဲ နှစ်ရက်ပဲတူးရတာ။ ဒီနှစ်ကတော့ ရေတွင်းတူးသူတွေများတယ်။ နားကို မနားရဘူး။ ကျွန်တော့်တို့အဖွဲ့က လေးယောက်တူးတာပါ။ နေရာတော်တော်များများကတော့ စိုက်ပျိုးရေနဲ့ သုံးရေပဲရတယ်။ သောက်ရေကတော့ ဆယ်ပုံတစ်ပုံပဲထွက်တာ။ ကျွန်တော်တို့စက်က ပေ ၅၀၀ လောက်ပဲအဆင်ပြေတာ။ ပေ၅၀၀ကျော်ရင် တော့တူးရတာ အဆင်မပြေတော့ဘူး။ ဒီမှာကအရပ်တွင်းတွေ အိမ်တိုင်းနီးပါးတူးနေတော့ အဆင်ပြေတယ်။ တစ်တွင်းမှ နှစ်သိန်းလောက်ကုန်တာလေ။ ကျွန်တော်က ကိုယ်တိုင်စက်ထောင်ပြီး ကိုယ်တိုင်တူးတာဆိုတော့ အဆင်ပြေတယ်"ဟု မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာမှ စက်ရေတွင်းတူး အဘုံးလိုက်သူ ကိုကျော်စိုးလင်းက ပြောပြသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသည် ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတု ဖြစ်ပေါ်လျက်ရှိသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသများတွင် စက်ရေတွင်းတူးသူများ များပြားလျက်ရှိပြီး စက်ရေတွင်းတူး အဘုံးလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(မြန်/ဆက်)**

ဆင်ဘိုမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၀၀ ကျော် အမိုးအကာများပျက်စီး

ဆင်ဘို မေ ၉

မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ်အတွင်း မေ ၆ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၀၀ ကျော်နှင့်အခြေခံပညာအလယ်တန်းကျောင်းခွဲ နှစ်ထပ်စာသင်ဆောင်၊ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့တွင် အမိုးအကာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ဆင်ဘိုမြို့ ညောင်ပင်သာကျေးရွာတွင်လူနေအိမ် ၁၀၂ လုံး၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ခြောက်ခန်းတွဲနှစ်ထပ်စာသင်ဆောင် တစ်လုံး၊ ဝဏ္ဏရာမ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့ အမိုးအကာများ လေပြင်းနှင့်အတူလွင့်ပါ၍ ပျက်စီးဆုံးရှုံးခဲ့မှုဖြစ်ပွားခဲ့ပြီး နယ်မြေခံတပ်မတော်တပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရာဇာဖွား(မြစ်ကြီးနား)

ရန်ကုန်-မန္တလေး- မူဆယ် ကုန်တင်ယာဉ်မောင်းကြီးများ လူမှုကွန်ရက်စာမျက်နှာများမှ သတင်းအချက်အလက်မျှဝေခြင်းများ ပိုမိုဆောင်ရွက်လာ

မန္တလေး မေ ၉

ရန်ကုန်-မန္တလေး-မူဆယ် ကုန်တင်ယာဉ်မောင်းကြီးများ လူမှုကွန်ရက်စာမျက်နှာ (face book) ထူထောင်၍ သတင်းအချက်အလက် မျှဝေခြင်းများကို ပိုမိုဆောင်ရွက်လာကြောင်း ကုန်တင်ယာဉ်မောင်းများထံမှ စုံစမ်းသိရသည်။

ရန်ကုန်မှ မန္တလေးသို့လည်းကောင်း၊ မန္တလေးမှ မူဆယ်သို့လည်းကောင်း နေ့စဉ်ကားစီးရေ ထောင်ချီပြေးဆွဲလျက်ရှိရာ လမ်းကြောင်းတစ်လျှောက် တွေ့ကြုံရသည့်ယာဉ်ကြောပိတ်ဆို့မှု၊ ရာသီဥတုအခြေအနေ၊ ကုန်ပစ္စည်းအခြေအနေ၊ ယာဉ်အင်ဂျင်ပိုင်းဆိုင်ရာ အခက်အခဲများ၊ ယာဉ်မောင်းလိုအပ်ချက်၊ ကားတန်ဆာခများနှင့် အခြားသောကိစ္စရပ်များကို အဆိုပါလူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖော်ပြပြီး သတင်းအချက်အလက် ဖလှယ်ရယူသွားလာပြေးဆွဲမှုများပြားလာသဖြင့် အခက်အခဲအချို့ ပြေလည်မှုရရှိလာသည်ဟု ဆိုသည်။

"ကျွန်တော်တို့ရှမ်းမြောက်လမ်းမှာ ဆိုရင် ဂုတ်တွင်းလမ်းပိတ်တာ၊ ရှွေခင်းသာလမ်းပိတ်တာတွေပြီးတော့ ယာဉ်မတော်တဆမှု အများဆုံးဖြစ်တဲ့နေရာတွေမှာ သတိထားဖို့အကြံပြုချက်တွေ၊ နောက်ပြီးမိုးရွာရင်လမ်းချော်နိုင်တဲ့ အနေအထားတွေကို အချိန်နဲ့တစ်ပြေးညီ တင်ပေးနေတာကြောင့် လမ်းပိတ်ဆို့မှုနည်းသွားနိုင်သလို သဘာဝဘေးတွေလည်း သတိထားရှောင်ရှား ဂရုပြုနိုင်ပါတယ်"ဟု ယာဉ်မောင်း ကိုစိုင်းလောဝ်မိန်းက ဆိုသည်။

ရန်ကုန်-မန္တလေးလမ်းပေါ်၌ ကားကြီးများ မကြာခဏကြုံရလေ့ရှိသည့် ကားမှန်များအား ကုန်းသီးလေးခွဖြင့် ပစ်ခတ်ခြင်း၊ ညအိပ်ရပ်နားစဉ် ပစ္စည်းများဖောက်ခိုးယူခံရခြင်း၊ ကားကြီးဖြင့်ဆိုင်ကယ်အား ချိတ်မိသည်ဟုဆိုကာလိမ်လည်၍ ငွေကြေးလိုက်လံတောင်းခံခြင်း စသည့်အတွေ့အကြုံနှင့် ဖြစ်ပွားတတ်သည့်နေရာများကို ဖော်ပြပေးလာသည့်အတွက် အဆိုပါအချက်များကို သတိပြုရှောင်ရှားလာနိုင်ကြောင်း ယာဉ်မောင်းများက ဆိုသည်။

"အခုဆိုရင် ကျွန်တော်တို့ ကွန်ရက်မှာဝင်ရောက်ထားသူ ငါးသောင်းကျော်ရှိပါပြီ။ ကုန်တင်ယာဉ်ကြီး လောကရဲ့အကြောင်း အများပြည်သူ နားလည်သိရှိစေဖို့ ဖွဲ့စည်းထားတာဖြစ်ပြီး နောက်ပိုင်းမှာ ယာဉ်မောင်းတွေရဲ့ အခက်အခဲ၊ ရပိုင်ခွင့်တွေ ယာဉ်လမ်းကြောင်းဆိုင်ရာ အချက်အလက်တွေ မျှဝေနိုင်တဲ့ တရားဝင်မှတ်ပုံတင်အဖွဲ့အစည်းဖြစ်အောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု အဖွဲ့ဦးဆောင်တည်ထောင်ခဲ့သူ ကိုသက်လွင်က ရှင်းပြသည်။

ယခုအခါအဆိုပါ လူမှုကွန်ရက်စာမျက်နှာမှာ ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာလျက်ရှိရာ ကုန်တင်ယာဉ်မောင်းကြီးများသာမက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကပါ ဝင်ရောက်၍ ယာဉ်ကြောပိတ်ဆို့သည့်နေရာများ၊ ကားပျက်သည့် နေရာများတွင် လမ်းပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်ပေးလာကြောင်း သိရသည်။ ဝင်ရောက်လေ့လာလိုသူများအနေဖြင့် 'ရန်ကုန်-မန္တလေး-မူဆယ် ကုန်တင်ကားကြီးများ'အမည်ဖြင့် Facebook တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကိုနေ(သီပေါ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးဝန်ထမ်းများ တွေ့ဆုံ

ရန်ကုန် မေ ၉

လက်ရှိအစိုးရသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်နှင့် အညီ စာရင်းစစ်ဝန်ထမ်းများကလည်း စစ်ဆေးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ယင်းဦးတည်ချက်နှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မေ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က ဌာနဆိုင်ရာများအနေဖြင့် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးအဖွဲ့အစည်းများ စာရင်းထားနည်းအတိုင်း ဆောင်ရွက်ကြသော်လည်း ဦးစီးဌာနများအနေဖြင့် အစိုးရစာရင်းထားနည်းအတိုင်း Cash Basic ကို အခြေခံရေးဆွဲကြသဖြင့် စာရင်းအမှန်ရရှိစေရန် Accrual Basic ပြောင်းလဲရေးဆွဲရေးအတွက်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကမကထပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုကြောင်း ပြောကြားပြီး ဝန်ထမ်းတစ်ဦးချင်းစီတွင် စာရင်းပညာရှင်များ ကျင့်ဝတ်ဖြစ်သည့် စာရင်းပညာအရည်အချင်းပြည့်စုံရန်၊ လုပ်ငန်းခွင်တွင် သတိသမ္မဇဉ်ဖြင့် ဆောင်ရွက်ရန်၊ စာရင်းပညာများကို စဉ်ဆက်မပြတ်သိရှိကြရန်နှင့် အများပြည်သူအကျိုးစီးပွားကို ဆောင်ရွက်ရန် မှာကြားသည်။

ယင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်အတူ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် စာရင်းစစ်-၁ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မေပန်းပွင့်ချိန်

တက်ခဲ့လို့ ခေါ်
မောမြေမြင့် တောင်တန်း
ဘယ်ကွေ့ ညာခွေနဲ့
တက်တိုင်းလေ လိမ်ခွေကောက်
တောတောင်ပေါက်လမ်း။
(ဆရာဇော်ဂျီ ၊ ကမ္ဘောဇသို့)
သာစည်က ယင်းမာပင်အထိတော့
တောင်တက်၊ မြောင်ဘက်သွားရပေမယ့်
အအေးဓာတ် မဝင်ချင်သေးဘူးပါ့
ယင်းမာပင် ကျော်တော့
အအေး ပျံ့လာပါပြီ
ပေါင်းပင်တွေကလည်း စိမ်းလို့
သစ်ပင်တွေကလည်း စိမ်းလို့
တောင်နံရံတွေကလည်း စိမ်းလို့
အစိမ်း လွှမ်းလာလိုက်တာနော်
တံတားကလေးအောက်မှာ
ရေကြည်ချောင်းကလေးစီး
ပလုံစီတွေက ငွေရည်လက်လက်
တောင်ကြီးတွေကလည်း
မဟာနံရံကြီးတွေ
မတ်စောက် စိမ်းပိတ်
မင်းခေါင်းပေါ်မှာ တောင်
မင်းမျက်စိရှေ့မှာ တောင်
အလို-တောင်ကြီးတွေ ပတ်လည်ဝိုင်း
တောင်စောင်းတွေ စောက်လိုက်ပုံမတွေးဝံ့
တက် တက် တက် တက်

(မေလ ၁၀ ရက်၊ စာရေးဆရာကြီး ဒဂုံတာရာ မွေးနေ့အမှတ်တရ)

အုံ့မောင်

အလုံ ဆင်မင်းဈေးမှတ်တိုင်တွင် ယာဉ်ထိန်းရဲ အမြဲရှိစေလို

ရန်ကုန် မေ ၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ဆင်မင်းဈေးမှတ်တိုင်အား သက်ဆိုင်ရာမှ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် အဆိုပါမှတ်တိုင်အား ဆင်မင်းအိမ်ရာရှေ့သို့ ပြောင်းရွှေ့ထားသော်လည်း စည်းကမ်းမဲ့ယာဉ်များသည် မူလမှတ်တိုင်နေရာ ဆင်မင်းလမ်းနှင့် ကမ်းနားလမ်းထောင့်တွင်သာ ရပ်၍လူအတင်အချ ပြုလုပ်နေသည်ကို တွေ့မြင်ရပြီး **(အပေါ်ယာဝုံ)** ယာဉ်ထိန်းရဲများရှိနေချိန်တွင်သာ သတ်မှတ်ထားသော မှတ်တိုင်တွင် ယာဉ်ရပ်၍ လူအတင်၊ အချ ပြုလုပ်နေပါသောကြောင့် အဆိုပါဆင်မင်းဈေးမှတ်တိုင်တွင် ယာဉ်ထိန်းရဲ အမြဲရှိဖို့လိုကြောင်း ပြည်သူများက ပြောကြားနေသည်ကို သိရသည်။

တင်မောင်ဦး (အလုံ)

ရွှေကျင်မြို့နယ် ရေရှားပါးပြတ်လပ်သည့်ကျေးရွာများသို့ သောက်ရေများသွားရောက်လျှပ်ဒါန်း

ရွှေကျင် မေ ၉

အယ်နီညီရာသီဥတုကြောင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ရေတွင်း၊ ရေကန်များရှိ ရေများလျော့နည်းခန်းခြောက်လျက်ရှိရာ အဆိုပါကျေးရွာများသို့ ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဌာနပိုင်မော်တော်ယာဉ်ဖြင့် သောက်ရေအခက်အခဲဖြစ်ပေါ်နေသော သရက်ချောင်းကျေးရွာနှင့် ခြေတော်ရာကျေးရွာများသို့ ကျေးရွာတစ်ရွာလျှင် သောက်ရေဂါလန် ၅၀၀ နှုန်းဖြင့် မေ ၇ ရက်မှ ၉ ရက်အထိ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

နေလင်း(ညောင်လေးပင်)

စာရေးဆရာ ညိုမင်းလွင်၏ လက်စားချေနတ်သမီး ရုပ်ရှင်ဇာတ်ကား ရိုက်ကူးတင်ဆက်ပြသမည်

Angel of Vengeance လက်စားချေနတ်သမီး အမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီးကို မေလ ၁၅ ရက်နေ့တွင် စတင်ရိုက်ကူးသွားမည်ဟု မေ ၈ ရက်မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Jasmine ဟိုတယ်တွင် ပြုလုပ်ခဲ့သော အဆိုပါဇာတ်ကားမိတ်ဆက်ပွဲ အခမ်းအနားမှ သိရသည်။

ယင်းဇာတ်ကားကို ကျိန်စာသင့်အချစ်ဇာတ်လမ်း ပုံစံပုံဖော်ရိုက်ကူးမည်ဖြစ်ပြီး ပဟေဠိများဖြင့် ပြည့်နှက်နေသော အချစ်ဇာတ်ကားဖြစ်သည်။ ချစ်သူအချင်းချင်း အကြောင်းတစ်စုံတစ်ရာကြောင့် လက်စားချေလိုသူသည် နတ်သမီးရုပ်ထု၏ လက်ဝဲဘက်လက်တော်အတွင်းသို့ မိမိဓာတ်ပုံ ထည့်သွင်း၍ မိမိချစ်သူကို မည်သည့်အတွက်ကြောင့် လက်စားချေလိုကြောင်းဖော်ပြကာ သုံးကြိမ်သုံးခါ ဆုတောင်းရသည်။ ထိုနတ်သမီးသည် ချစ်ခြင်းတရားကြောင့်ဖြစ်သော လက်စားချေခြင်းကို အစိုးရတော်မူကာ ရှေးယခင်ကာလကတည်းက လက်စားချေနတ်သမီးဟုခေါ်ဆိုအမည်တွင်ခဲ့သည်။ ယုံကြည်စွာဆုတောင်းသောသူတို့သည် မိမိချစ်သူကို

သက်ဆုံးတိုင်အောင် လက်စားချေနိုင်ကြသည်ဟု ဆိုသည်။

"အဓိကကတော့ ကျွန်တော်ဒီဇာတ်ကားကိုရိုက်ဖြစ်ခဲ့စေတာကတော့ ဆရာချစ်ဦးညိုရဲ့ဇာတ်လမ်းဖြစ်တဲ့အတွက်ကြောင့်ပါ"ဟု ဒါရိုက်တာညိုမင်းလွင်က ပြောသည်။

ယင်းရုပ်ရှင်ဇာတ်ကားကြီးတွင် အဓိကသရုပ်ဆောင်အဖြစ် မင်းသားအသစ်သြဘာ၊ ဖြိုးငွေစိုး၊ မင်းခေတ်၊ သက်မွန်မြင့်နှင့် နန်းဆုဦးတို့က အဓိကနေရာမှ အချစ်ကိုနာကြည်းစွာခံစားခဲ့ရသူတို့၏ ကလေ့စားချေမှုအကြောင်းကို ပီပြင်စွာသရုပ်ဆောင်ကြမည်ဖြစ်သည်။

"ကျွန်တော့်ရဲ့ ပထမဦးဆုံးရုပ်ရှင်ဇာတ်ကားကြီးဖြစ်တဲ့အတွက်ကြောင့် ကိုယ့်ဘက်ကတော့ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်သွားမှာပါ။ ကိုယ်တိုင်ကလည်း အနုပညာပိုင်းမှာ အတွေ့အကြုံ မရှိခဲ့ပေမယ့်ကိုညိုမင်းလွင်ရဲ့ သင်ပြမှုတွေအပေါ်မှာ အကောင်းဆုံးသင်ယူမယ်။ သူပြောတဲ့အတိုင်း တစ်သဝေမတိမ်း သရုပ်ဆောင်သွားမယ်။ အဲ့ဒီ အတွက်ကြောင့် အမှားတွေပါခဲ့ရင်တောင် အမှားအနည်း ဆုံးဖြစ်အောင် သရုပ်ဆောင်သွားမှာပါ"ဟု မျက်နှာသစ်မင်းသား သြဘာက ပြောသည်။

မော်ဒယ်သြဘာအနေဖြင့် အနုပညာပိုင်းတွင် ၂၀၁၂ ခုနှစ်မှာ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အဆိုတော်နိန်ခင်ဇော်၏ ဂယ်ပဲ ဂယ်ပဲ အမ်တီဗီဖြင့် ပရိတ်သတ်များကြား စိတ်ဝင်စားခံရသူတစ်ဦးဖြစ်သည်။ မကြာခင်ရိုက်ကူးတင်ဆက်တော့မည့် Angel Of Vengeance ရုပ်ရှင်ဇာတ်ကားကြီးသည် သူ့အတွက် ပထမဦးဆုံးဇာတ်ကားတစ်ကားဖြစ်သည့်အပြင် အဓိကခေါင်းဆောင်နေရမှ သရုပ်ဆောင်ရမည်ဖြစ်သည်။

ယင်းကြောင့် သရုပ်ဆောင်ပိုင်းနှင့် ပတ်သက်ပြီး အတူတကွသရုပ်ဆောင်ရမည့် အနုပညာရှင်ကြီးများဖြစ်သည့် ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ နန်းဆုဦးတို့မှလည်း သင်ပြပေးစေလိုတယ်ပါတယ်ဟု အဆိုပါ အခမ်းအနားတွင် ပြောကြားခဲ့သည်။

(သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချီကိုဟန်)

ထိုင်းနိုင်ငံ၌ကျင်းပသည့် ဆောင်ဂျွန်ကီ၏ ပရိသတ်တွေ့ဆုံပွဲ တက်ရောက်သူ လေးထောင်ကျော်

ကေဘီအက်စရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့ပြီး အာရှဒေသတစ်လွှားတွင် လူကြိုက်များ ရေပန်းစားခဲ့သည့် Descendants of the Sun ဇာတ်ကားမှ နာမည်ကျော် တောင်ကိုရီးယား မင်းသမီး ဆောင်းဟေကိုနှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့ကာ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိခဲ့သည့် သရုပ်ဆောင် ဆောင်ဂျွန်ကီသည် အားပေးကြသောပရိသတ်များ၏ မေတ္တာကို တုန့်ပြန်သောအနေဖြင့် ပရိသတ် ၄၀၀၀ နှင့် တွေ့ဆုံပွဲတစ်ခုကို ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းခရီးစဉ်သည် ဆောင်ဂျွန်ကီ၏ ၂၀၁၆ ခုနှစ်အတွင်း အာရှတစ်လွှားကျင်းပမည့် ပရိသတ်တွေ့ဆုံပွဲများအနက် တစ်ခုအပါအဝင်ဖြစ်ကာ ယင်းခရီးစဉ်ကို ဧပြီ ၁၇ ရက် ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းတွေ့ဆုံပွဲတွင် သရုပ်ဆောင် ဆောင်ဂျွန်ကီက လွန်ခဲ့သည့် လေးနှစ်ကျော်ကာလက ထိုင်းနိုင်ငံသို့ရောက်ရှိခဲ့ခြင်းနှင့် ယခုတစ်ဖန်ပြန်လည်ရောက်ရှိခြင်းက ၎င်းအတွက် ပိုမိုစိတ်လှုပ်ရှားမှုဖြစ်စေကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါတွေ့ဆုံပွဲတွင် ပရိသတ်နှင့် ဆောင်ဂျွန်ကီတို့အကြား ဘာသာစကားအတားအဆီး ရှိနေသော်လည်း တက်ရောက်လာကြသည့် ပရိသတ်များနှင့် သုံးနာရီကြာ ဖျော်ဖြေမှုများနှင့် အပြန်အလှန်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုင်းမီဒီယာများ၏ သတင်းထုတ်ပြန်မှုများအရ လက်ရှိတွင် ဆောင်ဂျွန်ကီသည် ထိုင်းနိုင်ငံ၏ လူကြိုက်အများဆုံးသော တောင်ကိုရီးယားငွေကြယ်ပွင့်တစ်ဦးအဖြစ် ရပ်တည်နေပြီး ၎င်းရောက်ရှိလာသည့်နေ့က လေဆိပ်၌ လူစုလူဝေးကြီးတစ်ခုဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

သရုပ်ဆောင် ဆောင်ဂျွန်ကီအနေဖြင့် ၎င်း၏ပရိသတ်တွေ့ဆုံပွဲများကို တရုတ်၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့ရှိ မြို့ပေါင်းကိုးမြို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ Descendants of the Sun ဇာတ်ကားအား ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် Next Entertainment World အနေဖြင့် အဆိုပါ ဇာတ်ကားကို နိုင်ငံပေါင်း ၃၂ နိုင်ငံသို့ ဖြန့်ချိပြသသွားမည်ဖြစ်ပြီး အာရှဒေသအတွင်းတွင် ဂျပန်၊ တရုတ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ဖြန့်ချိပြသခဲ့ကြောင်း သိရသည်။

(ဖြိုးစန္ဒာမြင့်)

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀ - ၅ - ၂၀၁၆ (အင်္ဂါနေ့)]

Entertainment Channel

ညဦး

- ၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
- ၆း၁၀ ပြည်သူ့နီတ "တူသောအကျိုး"
- ၆း၃၀ ကာတွန်းအစီအစဉ် "Bambi II" (အပိုင်း-၂)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပဋ္ဌာ"(အပိုင်း-၄၁)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း -၄၁)
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၅၀ ရွှေမန်းဇာတ်သဘင်အစီအစဉ် (အပိုင်း-၁)
- ၉း၀၀ ဆရာဇော်ဂျီ(အပိုင်း-၃)
- ၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၃၀ လီဆူးနှစ်သစ်ကူးပွဲတော် အစီအစဉ်
- ၉း၄၀ တေးဂီတအစီအစဉ်
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "လယ်ပတူ ရင်ခုန်သံ"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။

မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ လူမှုစီးပွားမြင်ကွင်းများ Football Magazine (ဧရာဝတီယူနိုက် တက်အသင်း)
- ၈း၅၅ "ကရင်ဖြူလူမျိုးတို့နေထိုင်ရာ တောင်ကျရွာကလေး"
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၁း၃၅ "ဝတ်စားဆင်ယင်မှုပြပွဲ"
- ၁၁း၄၅ "မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ကြက်ဌက်တုပ်ကွေး ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ချက်"
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၆)
- ၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၁၆)
- ၂း၂၀ တေးဂီတအစီအစဉ်
- ၂း၄၀ ညဦး "တစ်ပြည်ဝင်အိုး"
- ၃း၃၅ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၄း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၇) -Yes or No Talk Show -တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း -၈)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ကမ္မဌာန်း" တရားတော် (ဆရာတော်ဘဒ္ဒန္တဣန္ဒက)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၇)
- ၇း၃၀ MRTV-4 သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Toyota Fort -uner စာနယ်ဇင်းမိတ်ဆက်ပွဲ)
- ၈း၀၀ "မင်္ဂလာပါ" The Moring Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၅)
- ၁၀း၀၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၅ သွားမယ်စားမယ်(Sky Bistro)
- ၁၀း၅၀ Forever Music Tribute အဝေးတစ်နေရာ(အပိုင်း-၂) (ဒုတိယပိုင်း)
- ၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၇၃)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (လှိုင်ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၉)
- ၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Golf Tour 2016 Signing Ceremony& Press Confrence
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၈)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၀)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၆)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၇၄)
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၄၀ World of Knowledge (America Lost Treasures;Rare Silver Goblet)

mitv

- 07:25 Insight Myanmar: Manuscription (Epi-3) Preservation of Ancient Manuscript
- 07:45 Amazing: Magician Sak Kaw Ma
- 08:26 Director: Maung Myo Min (Yin Twin Pyit)
- 08:35 Those Who Never Give Up (Ep-1) Aung Thamar Di Gold Shop
- 09:26 Bagan Choral Dance
- 09:31 Choral Dance (Duel)
- 09:38 Oboist and His Life
- 10:26 Crab Business (Part-I) Mud Crab
- 10:41 Cultural Show: Theatrical Make Up
- 07:26 A Day Out With Sarah (EP-5)
- 07:52 Kindhearted Pet Lovers
- 08:26 Discovering Tribes "Lisu: Their Life and Customs (Part- II)"
- 08:48 Serene and Happy Rural Life in Myanmar

ဘာနေဗျူးဌ် ဂိုး ၂၀၀ အထိ သွင်းယူနိုင်သည့်ကစားသမား စီရိုနယ်လ်ဒိုဖြစ်လာ

ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ သွင်းဂိုး ၂၀၀ အထိသွင်းယူနိုင်ခဲ့ပြီဖြစ်သည်။ တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည် ဗလင်စီယာအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် လာလီဂါပွဲစဉ် (၃၇)တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၂၀၀ အထိသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ၂၀၀၉ ခုနှစ်တွင် မန်ယူအသင်းမှ ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ ဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲပေါင်း ၁၇၁ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ အိမ်ကွင်း ဘာနေဗျူးတွင် သွင်းဂိုး ၂၀၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်းတွင် တစ်ပွဲပျမ်းမျှသွင်းဂိုး ၁ ဒသမ ၁၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

စီရိုနယ်လ်ဒိုသည် ၂၀၀၉ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိလာချိန်တွင် ဒီဗိုတီဗိုအသင်းနှင့်ပွဲစဉ်တွင် စတင်ပွဲထွက်ကစားခဲ့ရပြီး ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိလာခဲ့ချိန်မှစတင်ကာ လာလီဂါသွင်းဂိုး ၁၄၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလီဂ်ပြိုင်ပွဲတွင်လည်း သွင်းဂိုး ၄၀ အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်မူ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ **(ဌေးကြယ်)**

ယူရို-၂၀၁၆ ပြိုင်ပွဲအား ဝဲလ်ဘတ်လွဲချော်မည်ကို ဝင်းဂါးစိုးရိမ်

မန်စီးတီးနှင့် အာဆင်နယ်တို့နှစ်ဂိုးစီသရေကျခဲ့သော ပွဲစဉ်တွင် အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘတ်မှာ ဒူးဒဏ်ရာရရှိသွားသောကြောင့် ပြင်သစ်တွင်ကျင်းပသွားမည့် ယူရို-၂၀၁၆ပြိုင်ပွဲကို လွဲချော်မည်ကို မိမိအနေဖြင့် စိုးရိမ်မိကြောင်း အာဆင်နယ်အသင်းနည်းပြ ဝင်းဂါးက ဖွင့်ဟလိုက်သည်။ ဝဲလ်ဘတ်မှာ ပွဲကစားချိန် ၂၄ မိနစ်တွင် မန်စီးတီးနောက်ခံလူဆက်ဂ်နာနှင့်တိုက်မိခြင်းကြောင့် ဒူးအရိုးနုဒဏ်ရာရရှိသွားခဲ့ရာ ပြိုင်ပွဲအတွင်းမှ လူနာတင်ကတ်ဖြင့် ထွက်ခွာခဲ့ရသည်။

ဝဲလ်ဘတ်မှာ ဒူးဒဏ်ရာကြောင့် ကာလကြာရှည် အနားယူနေခဲ့ရသူဖြစ်ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလရောက်မှသာ အသင်းအတွက် ပြန်လည်ဝင်ရောက်ကစားပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်နည်းပြ ရွှင်းဟော့ဂ်ဆန်က လာမည့် မေ ၁၂ ရက်တွင် ယူရိုပြိုင်ပွဲဝင် အင်္ဂလန်လက်ရွေးစင်အသင်းကစားသမားစာရင်းကို ထုတ်ပြန်ကြေညာတော့မည်ဖြစ်ရာ ဝဲလ်ဘတ်အနေဖြင့် အဆိုပါစာရင်းတွင် ပါဝင်ခွင့်မရမည်ကို ဝင်းဂါးက စိုးရိမ်နေခြင်းဖြစ်သည်။

ဝဲလ်ဘတ်၏ ဒဏ်ရာအခြေအနေကို ယခုထိ အတိအကျမသိရသေးဘဲ ဒဏ်ရာကို ဓာတ်မှန်ရိုက်ပြီးမှသာ အချိန်ကာလမည်မျှ ကြာအောင် အနားယူရမည်ဆိုသည့် အဖြေကို အတိအကျတွက်ချက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဝဲလ်ဘတ်အနေဖြင့် ယူရို-၂၀၁၆ ပြိုင်ပွဲ စတင်မည့် ဇွန် ၁၀ ရက်အမီ ပြန်လည်ကစားနိုင်ခြင်း ရှိမရှိဆိုသည်မှာလည်း အဖြေမထွက်လာသေးပေ။**(မေလွဲ့သင်း)**

လက်စတာကြယ်ပွင့်ကစားသမားများ လာမည့်ရာသီ ကလပ်အသင်းတွင်သာ ဆက်လက်ရှိစေရန် ရာနီရေရီ လိုလား

လက်စတာကြယ်ပွင့်ကစားသမားများအနေဖြင့် လာမည့်ရာသီတွင်လည်း ကလပ်အသင်းအတွက် တစ်ရာသီဆက်လက်ကစားစေလိုပြီး ယင်းနောက်ပိုင်း ကာလရောက်လျှင် ၎င်းဆန္ဒရှိသည့် ကလပ်အသင်းများသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ကြောင်း လက်စတာအသင်းနည်းပြ ရာနီရေရီက သူ၏လိုလားချက်အား ထုတ်ဖော်ပြောကြားလိုက်သည်။ လက်စတာအသင်းသည် စပါးနှင့် ချယ်လ်ဆီးတို့ သရေရလဒ်ကြောင့် လက်ကျန်နှစ်ပွဲအလိုမှာပင် ချန်ပီယံဖြစ်ခဲ့သည်။

ရာနီရေရီက လာမည့်ရာသီတွင် အသင်း၏ ကြယ်ပွင့်ကစားသမားများ အားလုံးကို ဆက်ထိန်းထားနိုင်ရန် မျှော်လင့်ထားပြီး အကယ်၍ ကစားသမားများအနေဖြင့် အသင်းပြောင်းရွှေ့ရေးကိစ္စရပ်ကို အလျင်အမြန်စီစဉ်ဆောင်ရွက်ခဲ့လျှင် မှားယွင်းမှုသာ ဖြစ်လာမည်ဖြစ်ကြောင်း သတိပေးစကားဆိုလိုက်သည်။ လက်စတာအသင်း ချန်ပီယံဖြစ်လာခဲ့မှုနှင့်အတူ ဗာဒီ၊ မာရက်ဇ်နှင့် ကန်တီတို့သုံးဦးမှာ ဥရောပအသင်းကြီးများ၏ အဓိက ပစ်မှတ်ကစားသမားများဖြစ်လာခဲ့သည်။ သို့သော် ဗာဒီမှာ မကြာသေးမီကာလကပင် လက်စတာနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားပြီး မာရက်ဇ်ကလည်း အင်္ဂလန်တွင်သာ ပျော်ရွှင်နေပြီး အသင်းပြောင်းရွှေ့ရန် စဉ်းစားမည်မဟုတ်ကြောင်း ပြောကြားထားသည်။

အဆိုပါကစားသမားသုံးဦးအနက် ကန်တီတစ်ဦးတည်းသာ အသင်းပြောင်းရွှေ့ရန် အလွန်နီးစပ်နေပြီး ဂျူဗင်တပ်(သို့မဟုတ်) ချယ်လ်ဆီးသို့ ပြောင်းရွှေ့လိမ့်မည်ဟု အားကစားသတင်းရင်းမြစ်များက အတိအကျဖော်ပြသည်။ **(မေလွဲ့သင်း)**

လက်ရှိချန်ပီယံ မာရေးအား အနိုင်ကစားကာ မက်ဒရစ်အိုးပင်းပလားအား ဂျိုကိုဗစ်ချ် ဆွတ်ခူး

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်ချ်က လက်ရှိချန်ပီယံ အန်ဒီမာရေးအား ၆-၂၊ ၃-၆၊ ၆-၃နဲ့ အနိုင်ကစားပြီး မက်ဒရစ်အိုပင်းချန်ပီယံဘွဲ့ကို ရယူသွားနိုင်ခဲ့ပါတယ်။ အဆိုပါပွဲမှာ အရေးနိမ့်မှုကြောင့် မာရေးဟာ ကမ္ဘာ့အဆင့်(၂)နေရာကို ဆွစ်တင်းနစ်ကစားသမား ရိုဂျာဖက်ဒရာဆီ လွှဲပြောင်းပေးခဲ့ရပါတယ်။

ပထမပွဲငယ်မှာ မာရေးဟာ ဂျိုကိုဗစ်ချ်ရဲ့ ကစားအားအောက်မှာ ရုန်းကန်ခဲ့ရပေမယ့် ဒုတိယပွဲငယ်မှာတော့ အကောင်းဆုံး တုံ့ပြန်ကစားပြီး အမှတ်ပြန်လည်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရလဒ်ပိုင်းအပြောင်းအလဲကို ဖန်တီးနိုင်တာကတော့ ဂျိုကိုဗစ်ချ်ရဲ့ ကိုယ့်ကိုကိုယ်ယုံကြည်မှုအပြည့်ရှိတဲ့ သဘ္ဘာကြောင့် ဖြစ်ပြီး သုံးပွဲနဲ့ပြတ်အောင် အနိုင်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ မာရေးဟာ အကြိုဗိုလ်လုပွဲမှာ မြေစေးကွင်းဘုရင် နာဒဲလ်ကို ၇-၅၊ ၆-၄နဲ့ အနိုင်ကစားနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာ ဂျိုကိုဗစ်ချ်ကို အရှုံးပေးခဲ့ရတာကြောင့် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခွင့် ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။

ဂျိုကိုဗစ်ချ်ဟာ လက်ရှိမှာ အကောင်းဆုံးလက်စွမ်းတစ်ခုကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ မာစတာစီးရီးခြောက်ပွဲမှာ ငါးကြိမ်အထိ ချန်ပီယံဆုကို ရယူနိုင်ခဲ့တာကိုတွေ့ရပါတယ်။ အခုလို ချန်ပီယံဆုကို ရယူနိုင်ခဲ့တဲ့အတွက် ဂျိုကိုဗစ်ချ်ဟာ ရာဖေးလ်နာဒဲလ်ရဲ့ မာစတာစီးရီး ၂၈ ကြိမ်စံချိန်ကို ရိုက်ချိုးပြီး မာစတာစီးရီးမှာ ၂၉ ကြိမ်အထိ ဗိုလ်စွဲနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဂျိုကိုဗစ်ချ်ဟာ

၂၀၁၄ ခုနှစ်မှာ ဝင်လ်ဘယ်လ်ဒန်ဖလားနဲ့ မာစတာစီးရီးချန်ပီယံအဖြစ် လေးကြိမ်ဗိုလ်စွဲပြီးနောက် ကမ္ဘာ့အဆင့် (၁)နေရာကို ရာဖေးလ်နာဒဲလ်ဆီက လွှဲပြောင်းရယူနိုင်ခဲ့ပြီး လက်ရှိ အချိန်ထိလည်း ရက်သတ္တပတ် ၁၉၇ ပတ်ကြာအောင် ကမ္ဘာ့အဆင့်(၁)နေရာကို ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။

(ရွှေင်ယန်ဟေဒင်)

ဗလင်စီယာကို အနိုင်ကစားပြီးနောက် ဘာစီလိုနာအားနောက်ကောက်ချကာ လာလီဂါချန်ပီယံအဖြစ် ရီးယဲလ်မက်ဒရစ်အောင်ပွဲခံနိုင်မည်ဟု ဇီဒန်းယုံကြည်

ရီးယဲလ်မက်ဒရစ်သည် လာလီဂါပွဲစဉ် (၃၇)တွင် ခက်ခဲသည့် ပြိုင်ဘက် ဗလင်စီယာအား အနိုင်ကစားနိုင်ပြီးနောက် ဘာစီလိုနာအား နောက်ကောက်ချကာ လာလီဂါချန်ပီယံအဖြစ် အောင်ပွဲခံနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရီးယဲလ်အသင်းနည်းပြ ဇီဒန်းက ကြွေးကြော်လိုက်သည်။ ဘာစီလိုနာသည် နောက်ဆုံးလာလီဂါပွဲစဉ်တွင် ဂရန်နာဒါနှင့် တွေ့ဆုံမည်ဖြစ်ပြီး ရီးယဲလ်လည်း ဒီဗိုတီပိုနှင့်သာ တွေ့ဆုံရမည်ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အနေဖြင့် ဇယားထိပ်ရှိ ဘာစီလိုနာအား နောက်ကောက်ချကာ လာလီဂါချန်ပီယံဆုကို ၂၀၁၂ ခုနှစ် နောက်ပိုင်းရယူပေးနိုင်လိမ့်မည်ဟု ဇီဒန်းက ယူဆနေခြင်းဖြစ်သည်။

လာလီဂါတွင် ပြီးခဲ့သည့် ဧပြီလဆန်းပိုင်းအထိ ဘာစီလိုနာအသင်းကသာလျှင် ကိုးမှတ်ဖြတ် ဦးဆောင်နေခဲ့သော်လည်း ဘာကာ၏ သုံးပွဲဆက်ခြေချော်မှုကြောင့် အက်သလက်တီကို၊ ရီးယဲလ်တို့နှင့် ရမှတ်ကျဉ်းမြောင်းလာကာ ချန်ပီယံဆုအတွက် အမှားမခံသော အနေအထားတစ်ရပ်ကို ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ မေ ၉ ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် လာလီဂါပွဲစဉ်များ၌ ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့မှ နိုင်ပွဲအသီးသီးရခဲ့သော်လည်း အက်သလက်တီကိုမှာ ဇယားအောက်ဆုံးရှိ လီဗန်တေးအား မထင်မှတ်ဘဲအရေးနိမ့်ခဲ့ရာ လတ်တလောအနေအထားအရ အက်သလက်တီကိုမှာ လာလီဂါဆုနှင့် ဝေးကွာသွားပြီဖြစ်ပြီး ဘာစီ လိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့သာ ချန်ပီယံဆုကို စိန်ခေါ်နိုင်တော့မည့် အခြေအနေပင် ဖြစ်သည်။

ဇီဒန်းက "တစ်ပွဲသာ ကစားဖို့ ကျန်တော့မယ့်အချိန်မှာ ဘာစီလိုနာနဲ့ တစ်မှတ်ကွာဟတဲ့အနေအထားကို ဆက်ထိန်းနိုင်တာကျေနပ်ပါတယ်။ ဘာကာဟာ အခုထိ အမှတ်ပေး ဇယားထိပ်ကို ဦးဆောင်နေတဲ့အသင်းဖြစ်သလို သူတို့သာ လာလီဂါချန်ပီယံဖြစ်ဖို့ အကောင်းဆုံးအနေအထားကို ပိုင်ဆိုင်ထားဆဲပါ။ ဒါပေမယ့် ဘောလုံးလောကဆိုတာ နောက်ဆုံးအချိန်ထိ အပြောင်းအလဲတွေ ကြုံတွေ့ရတတ်တာမို့ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရအောင်ပါ။ ဒါ့ကြောင့် ရီးယဲလ်ကလည်း ဘာကာလက်ထဲရောက်လုနီးပါးဖြစ်နေတဲ့ ချန်ပီယံဖလားကို ရယူနိုင်စွမ်းရှိပါတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်"ဟု ပြောကြားလိုက်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်အသင်းမှာ ဂါရတ်ဘေးလ်၊ လူကာမိုဒရစ်တို့ နှစ်ဦးစလုံး ပါဝင်နိုင်ခြင်းမရှိသော်လည်း ဗလင်စီယာအား အနိုင်ကစားနိုင်ခဲ့ပြီး ဘင်ဇီမာနှင့် စီရိုနယ်လ်ဒိုတို့နှစ်ဦးစလုံး ဂိုးသွင်းယူနိုင်ခဲ့ကြသည်။ ဇီဒန်းက ရီးယဲလ်အနေဖြင့် ချန်ပီယံလီဂ် ပိုလ်လုပွဲကို အာရုံစိုက်ထားသလို လာလီဂါပွဲစဉ်အတွက်လည်း အတောင့်တင်းဆုံးလူစာရင်းဖြင့်ပင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သတင်းစကားပါးခဲ့သည်။ **(ရွှေင်ယန်ဟေဒင်)**

အယ်ဒီတာထံပေးစာ

သို့
အယ်ဒီတာ
ကြေးမုံသတင်းစာ

မုံရွာကြက်/ဇုန်တွင် H_9N_2 အတွက် ကြက်များကို သုတ်သင်ခြင်းသည် မှန်ကန်သည့်လုပ်ကိုင်နည်း မဟုတ်ပါ

မုံရွာ ကြက်မွေးမြူရေးဇုန်တွင် တွေ့ရသည့် H_9N_2 သည် H_5N_1လို အပြင်းစားရောဂါပိုးမဟုတ်ကြောင်း အများပြည်သူ နားလည်မှုလွဲမှားပြီး မလိုလားအပ်သည့် ထိတ်လန့်မှုမဖြစ်ကြစေရန် ၁၉-၄-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာတွင် အယ်ဒီတာထံပေးစာအားဖြင့် ရှင်းလင်းတင်ပြခဲ့ဖူးပါသည်။

ယခုအချိန်သည် ပြည်သူအများသည် မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် အစိုးရအဖွဲ့သစ်ထံမှ ပြည်သူ့အကျိုးပြုလုပ်ရပ်သစ်များဖြင့် နိုင်ငံပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့လုပ်ဆောင်ပြလာမည်ကို ပြင်းပြသည့် မြင်တွေ့လိုစိတ်များဖြင့် စောင့်စားနေချိန်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း အစိုးရသစ်၏ လုပ်ဆောင်ချက်များ အပေါ် ဝေဖန်ထောက်ပြကြရန် ဖိတ်ခေါ်ထားကြောင်း သိရှိထားပါသည်။

ဤသို့သော အချိန်မျိုးတွင် သုတ်သင်ရှင်းလင်းရန် မလိုအပ်သည့် အပျော့စား H_9N_2 ပိုးအတွက် မုံရွာကြက်/ဇုန်တွင် ကြက်များကို သုတ်သင်ရှင်းလင်းနေခြင်းသည် မှန်ကန်သည့် လုပ်ကိုင်နည်း မဟုတ်ပါကြောင်း နိုင်ငံတော်အကြီးအကဲများသိရှိပြီး ကြက်များဆက်လက်သုတ်သင်ခြင်းကို တားဆီးပေးနိုင်ပါရန် အယ်ဒီတာထံမှတစ်ဆင့် ယခု ထပ်မံတင်ပြခြင်းဖြစ်ပါသည်။

၈-၅-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မေ ၇ ရက်စွဲပါ **ကြက်ဌက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်း ထုတ်ပြန်ချက်** ပါရှိခဲ့ပါသည်။

သတင်းထုတ်ပြန်ချက်၌ ဇုန်အတွင်း ကြက်ခြံအချို့တွင် ၃-၄-၂၀၁၆ ရက်မှစတင်၍ ကြက်များသေဆုံးခဲ့ကြောင်း၊ သေဆုံးသည့်ကြက်များကို စစ်ဆေးခဲ့ရာ H_5 နှင့် အတူ H_9 ပိုင်းရပ်စ်ပိုး ပထမအကြိမ် ပူးတွဲတွေ့ရှိကြောင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)သို့ ၁၆-၄-၂၀၁၆ ရက်တွင် ကြက်ဌက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း အရေးပေါ် သတိပေးချက် အစီရင်ခံစာပေးပို့ခဲ့ကြောင်း၊ ပိုင်းရပ်စ်ပိုး မျိုးကွဲများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးနိုင်ရန် ဒေသဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းသို့ နှစ်ကြိမ်ခွဲပေးပို့ခဲ့ကြောင်း၊ ပထမအကြိမ်ပို့သည့် နမူနာတွင် H_9N_2 ရောဂါပိုးပါဝင်ကြောင်း ပြန်ကြားခဲ့ကြောင်း၊ အခြားမျိုးကွဲများပါဝင်မှုကို ဆက်လက်စစ်ဆေးနေကြောင်း ဖော်ပြထားပါသည်။

ထုတ်ပြန်ချက်တွင် မုံရွာမြို့ ဥစားကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်ခြံများတွင် ၆-၅-၂၀၁၆ ရက်အထိ ကြက် ၆၉၂၄၈ ကောင်ကို ပိုင်ရှင်များ၏ ဆန္ဒအရ စနစ်တကျသုတ်သင်ရှင်းလင်းခဲ့ပါသည်ဟု ဖော်ပြထားပါသည်။

ကြက်ဌက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ မွေးမြူရေးနှင့် ရေလုပ်ငန်း၀န်ကြီးဌာန ၀န်ကြီးချုပ်၏ ၉-၃-၂၀၀၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၉/၂၀၀၄)ဖြင့် ကြက်ဌက်မျိုးနွယ်များတွင် ဖြစ်ပွားသော၊ ပြင်းထန်သောကြက်ဌက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza) ကို စာရင်း၀င် ကူးစက်ရောဂါအဖြစ် သတ်မှတ်ကြေညာထားပါသည်။ ဥပဒေအရ အပျော့စားကြက်ဌက်တုပ်ကွေးရောဂါ (Low Pathogenicity Avian Influenza)သည် စာရင်း၀င်ကူးစက်ရောဂါမဟုတ်သည့် အတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ဆောင်ရွက်သည့် တိရစ္ဆာန်များကို သီးသန့်ခွဲထားခြင်း၊ သုတ်သင်ရှင်းလင်းခြင်းစသည့် ရောဂါထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရမည့်ရောဂါ မဟုတ်ပါ။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၏ *Terrestrial Animal Health Code* – 2015 အခန်း ၁၀-၄၊ ပုဒ်မ ၁၀-၄-၁ တွင် **ကြက်ဌက်တုပ်ကွေးရောဂါကို** "For the purposes of the *Terrestrial Code*, avian influenza is defined as an *infection* of *poultry* caused by any influenza A virus of the H_5 or H_7 subtypes or by any influenza A virus with an intravenous pathogenicity index (IVPI) greater than 1.2 (or as an alternative at least 75% mortality) as described below." ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

OIE ၏ သတ်မှတ်ချက်အရ IVPI ၁ ဒသမ ၂ ထက်ကျော်သော(တစ်နည်းအားဖြင့် သေနှုန်း ၇၅ ရာခိုင်နှုန်းထက်မလျော့သော)ပိုးများကို High Pathogenicity Avian Influenza (HPAI)ဟုသတ်မှတ်ပြီး IVPI ၁ ဒသမ ၂ အောက်လျော့သော (တစ်နည်းအားဖြင့် သေနှုန်း ၇၅ ရာခိုင်နှုန်းထက်မပိုသော)ပိုးများကို Low Pathogenicity Avian Influenza (LPAI)ဟု သတ်မှတ်ပါသည်။

မုံရွာကြက်မွေးမြူရေးဇုန်တွင် တွေ့ရသည့် H_9N_2 သည် ကိုရီးယား၊ တရုတ်၊ ဘင်္ဂလာဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန် စသည့်နိုင်ငံများတွင် တွေ့နေရပြီး အပျော့စားပိုး (LPAI) ဟုသတ်မှတ်ထားကြပါသည်။ မေလ ၇ ရက် ၀နှင်းကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ခြံများရှိ ကြက်သေဆုံးမှုနှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ နှစ်ရက်အတွင်းရှိသည်ဟု ဖော်ပြချက်အရ သေနှုန်းမြင့်မားသည့် HPAI မဟုတ်ကြောင်း ပေါ်လွင်နေပါသည်။

ပြင်းထန်သောကြက်ဌက်တုပ်ကွေးရောဂါ(HPAI)သည် ကူးစက်မှု အလွန်လျင်မြန်ပြီး ရက်အနည်းငယ်အတွင်း ခြံလုံးပြုတ် သေစေနိုင်သည့်ရောဂါမျိုးဖြစ်ပါသည်။ မုံရွာကြက်မွေးမြူရေးဇုန်တွင် **ပြင်းထန်သော ကြက်ဌက်တုပ်ကွေးရောဂါ**သာဖြစ်ပွားခဲ့ပါက တစ်လကျော်ကြာပြီဖြစ်သည့် ယခုအချိန်တွင် ဇုန်အတွင်း ကြက်အရှင် လုံး၀ကျန်နေတော့မည် မဟုတ်ပါ။

မုံရွာကြက်မွေးမြူရေးဇုန်တွင် ကြက်ဌက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ-

(၁) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပါပြဋ္ဌာန်းချက်များအရ သတ်မှတ်ပေးထားသော လုပ်ပိုင်ခွင့်ကို ကျော်လွန်လျက် စာရင်း၀င်ကူးစက်ရောဂါ မဟုတ်သည့် သာမန်ရောဂါကြောင့် သေဆုံးမှုဖြစ်ပွားသည့် ခြံများရှိကြက်များကို သုတ်သင်ရှင်းလင်းခဲ့ခြင်းသည် မှားယွင်းသည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။

(၂) စာရင်း၀င်ကူးစက်ရောဂါ ဖြစ်ပွားခြင်းမရှိသည့် မုံရွာ ကြက်မွေးမြူရေးဇုန်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ(၁၃၇)အရ ကန့်သတ်ဧရိယာအဖြစ် အမိန့်ထုတ်ပြန်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမိန့်အမှတ် (၁/၂၀၁၆)ကို ထုတ်ပြန်ခဲ့ခြင်းသည် အများပြည်သူအကျိုး ထိခိုက်မှုမဖြစ်စေနိုင်သည့် သာမန်ရောဂါဖြစ်ပွားမှုတစ်ခုအတွက် ဇုန်အတွင်းနေထိုင်လုပ်ကိုင်နေသူများအား မလိုလားအပ်သည့် ကန့်သတ်ချုပ်ချယ်ခြင်း၊ မသေဆုံးသင့်သည့်ကြက်များ သတ်ဖြတ်ခံရခြင်း၊ ပုံမှန်စီးပွားရေးလုပ်ကိုင်မှုကို ပျက်ပြားသွားစေခြင်း၊ တိုက်ရိုက်စီးပွားဆုံးရှုံးမှုဖြစ်စေခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်း စသည့်ထိခိုက်မှုများကို ဖြစ်စေသည့်ပြင် တစ်နိုင်ငံလုံးရှိ ကြက်မွေးမြူသူများနှင့် စားသုံးသူများအား ဘိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပွားစေသည့် မှားယွင်းသော လုပ်ဆောင်ချက်ဖြစ်ပါသည်။

(၃) ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် မုံရွာမြို့ ဥစားကြက်မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူထားသော ကြက်ခြံများတွင် ၆-၅-၂၀၁၆ ရက်အထိ ကြက် ၆၉၂၄၈ ကောင်ကို ပိုင်ရှင်များ၏ဆန္ဒအရ စနစ်တကျ သုတ်သင်ရှင်းလင်းခဲ့ပါသည်ဟု ဖော်ပြထားပါသည်။ ပိုင်ရှင်အများစုသည် အမိန့်အမှတ်(၁/၂၀၁၆)ကို ဆန့်ကျင်ငြင်းဆန်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ(၁၃၃)အရ ကျခံရမည့်ပြစ်ဒဏ်များကို ကြောက်ရွံ့ခြင်းကြောင့် သဘောတူခဲ့ကြခြင်းဖြစ်သည်။ နစ်နာကြေးတစ်စုံတစ်ရာရမည်ဟု အာမခံခြင်းမရှိဘဲ မိမိတို့၏ အကျိုးစီးပွားပျက်စီးမည်ကို သိပါလျက် အမိန့်အာဏာကိုကြောက်၍ သဘောတူရသည့်အဖြစ်မျိုးသည် ဤအစိုးရသစ်လက်ထက်တွင် လုံး၀မရှိသင့်သည့်ကိစ္စမျိုးသာ ဖြစ်ပါသည်။

(၄) ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဗိုင်းရပ်စ်ပိုး မျိုးကွဲများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးနိုင်ရန် ဒေသဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းသို့ နှစ်ကြိမ်ခွဲ၍ပေးပို့ခဲ့ကြောင်း၊ ပထမအကြိမ်ပို့သည်နမူနာတွင် H_9N_2 ရောဂါပိုးပါဝင်ကြောင်း ပြန်ကြားခဲ့ကြောင်း၊ ဖော်ပြချက်အရ ဒုတိယနမူနာ၏အဖြေကို ထပ်မံစောင့်ဆိုင်းနေသည်ဟု ဆိုလိုဟန်ရှိပါသည်။ ဤအချက်အရ ဇုန်တွင် လက်တွေ့ဖြစ်ပွားခဲ့သည့် ကြက်သေဆုံးမှုသည် ပြင်းထန်သည့် ရောဂါမဟုတ်ကြောင်း ထင်ရှားနေပါလျက် လုပ်ဆောင်သင့်သည်ကို ကိုယ်တိုင်ဆုံးဖြတ် လုပ်ကိုင်ကြရမည့်အစား ရောဂါအပြင်းစား (HPAI)ဟုအဖြေရလာနိုင်စရာမရှိသည့် ဓာတ်ခွဲခန်းအဖြေကို စောင့်ဆိုင်းနေခြင်းသည် ပြောင်းလဲမှုကို ဖော်ဆောင်နေသည့် အစိုးရသစ်အား ပြည်သူအများ ယုံကြည်အားကိုးမှုအပေါ် သံသယဝင်အမြင်လွဲမှားစေနိုင်သည့် လုပ်ရပ်မျိုးသာဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်များကို ထောက်ချင့်လျက် မုံရွာမြို့ ဥစားကြက်မွေးမြူရေးဇုန်ရှိ ကြက်မွေးသူများအပါအဝင် ပြည်သူအများ၏ နစ်နာထိခိုက်နေမှုများကို သက်ဆိုင်ရာ၀နှင်းကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နိုင်ငံတော်ကသိရှိပြီး တာ၀နှယ်၊ တာ၀နှခံသည့် ဆောင်ရွက်မှုများကို အမြန်ဆုံး စတင်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း အယ်ဒီတာထံမှတစ်ဆင့် ရေးသားတင်ပြအပ်ပါသည်။

(မွေး/ကုသုတေသီတစ်ဦး)

ရှုပ်ရှင်လောကသားများသို့ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံဆွေးနွေးရန် ၈-၄-၂၀၁၆ ရက်မှစ၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါနေ့တွင် ကျင်းပမည့်ဆွေးနွေးပွဲသို့ တက်ရောက်ပါရန် ရုပ်ရှင်လောကသားများအား ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၁၅-၅-၂၀၁၆ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီ
ကျင်းပမည့်နေရာ - မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ကမ္ဘာ့ဗုဒ္ဓဓာတ်မြတ်ဘုရား ဆင်းတုတော်(၁၀၈)ဆူ ဂန္ဓကုဋီကျောင်းတော်ရာ ရေစက်ချမင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ သယ်နံးကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ မေယဝတီတောရကျောင်းတိုက်၏ ကမ္ဘာ့ဗုဒ္ဓဓာတ်မြတ်ဘုရားဆင်းတုတော် (၁၀၈)ဆူ ဂန္ဓကုဋီကျောင်းတော်ရာ ရေစက်ချအလှူတော်မင်္ဂလာ ပြုလုပ်ရာဝယ် ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ် (၂၁)ပါး တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်တပ်လှူဒါန်းမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း အတူတကွ တရားတော်နာကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - (၁၃၇၈-ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)
၁၂-၅-၂၀၁၆ရက်(ကြာသပတေးနေ့)
အချိန် - နံနက် ၈း၁၀နာရီမှ မွန်းတည့် ၁း၀၀နာရီထိ
နေရာ - မေယဝတီတောရကျောင်းတိုက်၊ ဆ/ခရပ်ကွက်၊ သယ်နံးကျွန်း။

တပည့်ဒါယကာ/ဒါယိကာမများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာ၀ဓာတ်ငွေ့လုပ်ငန်း
ရေနံစိမ်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းစိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်းကိစ္စ
(Letter of Expression of Interest)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံနှင့်သဘာ၀ဓာတ်ငွေ့လုပ်ငန်းသည် ရေနံမြေများမှ ထွက်ရှိလာသော ရေနံစိမ်းများကို ရေနံချဆိပ်ကမ်းအသီးသီးမှ မန်းသံပုရာကန် ရေနံချက်စက်ရုံသို့ တင်ပို့နိုင်ရန်အတွက် မြစ်တွင်းသွားရေယာဉ်/ဆီတွဲများအား ငှားရမ်း၍ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအား ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြစ်တွင်းသွား ရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်လိုသောပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အဆိုပါငှားရမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါက စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ (Letter of Expression of Interest) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI (Letter of Expression of Interest)တွင် တင်ပြရန် လိုအပ်သည့် အချက်အလက်များကို မြစ်တွင်းသွားရေယာဉ်/ဆီတွဲများဖြင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူများသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာ၀ဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ရေနံထုတ်လုပ်ရေးဌာနတွင် ၂၀၁၆ခုနှစ်၊ မေလ ၉ရက်မှစ၍ ဇွန်လ ၃၀ရက်အထိ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းရရှိနိုင်ပါသည်။

၃။ တင်သွင်းလာသော စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလျှောက်လွှာ (Letter of Expression of Interest)များအနက် အချက်အလက်များနှင့် ပြည့်စုံသော ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းများကို ပဏာမစိစစ်ရွေးချယ်ပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာ၀ဓာတ်ငွေ့လုပ်ငန်း
ရုံးအမှတ်(၄၄)၊ နေပြည်တော်

အမည်မှန် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ စျေးကြီးရပ်ကွက်နေ မသူဇာအောင်(၇/ကဝန(နိုင်)၁၈၀၃၉၇)၏ ဖခင်အမည်အမှန်မှာ ဦးအေ ၁င်ဇော်လွင်(၇/ကဝန(နိုင်)၀၃၁၀၆၅) ဖြစ်ပါကြောင်း။

ဦးအောင်ဇော်လွင်

ပျောက်ဆုံးကြောင်း

MR NI WUMING + 17 ဦး၏ တရုတ်နိုင်ငံ ကူးလက်မှတ်များသည် Visa သက်တမ်းတိုးနေစဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။

PH: 09-420012721, 09-31427381

ပညာဒါန အခြေခံအမျိုးသမီး စက်ချုပ်သင်တန်း

လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။ စက်ချုပ်ပညာကို အခြေခံစက်နင်းမှ အစပြု၍ ပုဆိုး၊ ထဘီ၊ ဒေါက်ထည့်ချိတ်ထဘီ၊ အေစကတ်၊ သုံးလွှာ၊ လေးလွှာ၊ ထီးစကတ်၊ အကျီမှာ နောက်စေ့၊ ရှေ့စေ့၊ ရင်ဖုန်း၊ ကော်လံထောင်၊ ဆယ့်နှစ်မျိုးကို တစ်လ (၁၀-၅-၂၀၁၆ရက်မှ ၁၀-၆-၂၀၁၆ရက်)ထိ သင်ပေးမည်ဖြစ်ပါသည်။ သင်တန်းသူဦးရေ ကန့်သတ်ချက်ရှိပါသည်။ သင်တန်းသူများကို စတင်လက်ခံနေပါပြီ။

တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် (၁၀)နာရီမှ (၁၂)နာရီထိ တန်းခွဲ(အေ)၊ မွန်းလွဲ (၁)နာရီမှ (၃)နာရီထိ တန်းခွဲ(ဘီ)။ လစဉ်ပုံမှန် တန်းခွဲများ ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ-ရွှေသင်္ဘောအင်ဂျင်နီယာ၊ ဖုန်း-၀၉ ၉၇၀၉၃၈၅၇၊ ဒုတိယလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်၊ ပန်းဘဲတန်းမြို့နယ်၊

ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်ဝင်းယဉ်မင်း(၁၂/မရက(နိုင်)၀၀၀၅၂၂)၏ မှတ်ပုံတင်သက်တမ်းကြာမြင့်သော ဖျက်သိမ်းယာဉ် ထောက်ခံချက်ပုံစံ (ယ)မူရင်း၊ စာအမှတ် မကဖတ(ရန်ကုန်အနောက်)၁၆/၅၀၅၊ အမှတ်စဉ် အမှတ် 1055085 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09-965074647

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘ၀သစ်

စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်း၊ ကဗျာရွတ်၊ ပုံပြော ဖိတ်ခေါ်ပြိုင်ပွဲ နှင့် ဆုပေးပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပုလဲ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နှင့် ၃၄ မိုင်ကွာဝေးသည့် ပုံတောင်ခြေရှိကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက္ကယ်ကျင်းကျေးရွာ 'အလင်းစေတမာန်' စာကြည့်တိုက်ကော်မတီတို့ ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျပန်းစကားပြော၊ ပုံပြော၊ ကဗျာရွတ်ဆို ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ ၇ ရက် မွန်းတည့် ၁၂ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချဆရာတော်ဦးရာဇိန္ဒက ပြိုင်ပွဲဝင်လူငယ်မောင်မယ်များအတွက် စာပေအကြောင်း သိကောင်းစရာများနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေး ရည်မှန်းချက်များကို မိန့်ကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမြင့်သိန်းစိုးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် အကဲဖြတ်အမှတ်ပေးမည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကဗျာရွတ်ဆိုပြိုင်ပွဲသို့ အဖွဲ့ ၂၀၊ ပုံပြောပြိုင်ပွဲသို့ ၁၈ ဦးနှင့် ကျပန်းစကားပြောပြိုင်ပွဲသို့ ကိုးဦး အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် လူငယ်မောင်မယ်များကို ပြိုင်ပွဲကျင်းပရေးကော်မတီ နာယကဆရာတော်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးညွန့်ငွေနှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူးတို့က ချီးမြှင့်ပေးခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ် ပြန်/ဆက်ဦးစီးမှူးက ပုံတောင်ခြေရှိ ကျေးရွာစာကြည့်တိုက် ၁၀ တိုက်အတွက် တစ်တိုက်လျှင် သုတရသစာအုပ်စာစောင် ၁၀၀ နှုန်းဖြင့် စုစုပေါင်း ၁၀၀၀ အုပ်ကို ပေးအပ်လျှက်ဒါန်းရာ ကျေးရွာများကိုယ်စား သက္ကယ်ကျင်းကျေးရွာ၊ 'အလင်းစေတမာန်' စာကြည့်တိုက်ကော်မတီ နာယကဆရာတော်ဦးဝိစိတ္တက လက်ခံရယူခဲ့သည်။

ပုလဲမြို့နယ် အိုင်းမကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာ 'အလင်းစေတမာန်' စာကြည့်တိုက်ကော်မတီနာယက ဆရာတော်ဦးဝိစိတ္တက "ဘုန်းဘုန်းက မြို့နယ်ပြန်/ဆက်ဦးစီးဌာနနဲ့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျင်းပခဲ့တာ ဒီနှစ်က စတုတ္ထအကြိမ်မြောက်ကို ရောက်ရှိခဲ့ပါပြီ။ ဘုန်းဘုန်းတို့ တောင်ပေါ်ဒေသက မြေပြန့်နဲ့စာရင် ဒေသဖွံ့ဖြိုးမှုကော၊ အသိဉာဏ်ပညာဖွံ့ဖြိုးမှုကော အားနည်းနေသေးတာကြောင့် ကျောင်းသား၊ ကျောင်းသူများကို ဗဟိုပြုပြီး ကျပန်း၊ ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို အခြေခံပညာမူလတန်းအဆင့်နဲ့ အခြေခံပညာအလယ်တန်းအဆင့်ဆိုပြီး ကျင်းပပေးတာဖြစ်ပါတယ်။

ပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် ကျောင်းသား၊ကျောင်းသူများ အနေနဲ့ ပညာရဲရင့်ပွဲလယ်တင့်စေပြီး နိုင်ငံနဲ့ ဒေသအတွက်အကျိုးပြုမည့် ထူးချွန်ထက်မြက်တဲ့ လူရည်ချွန်၊ လူရည်မွန်တွေ ပေါ်ထွက်လာစေမှာဖြစ်ပါတယ်။ ဒါအပြင် ပြည်သူတွေကလည်း မိမိတို့ရပ်ရွာတွေမှာရှိတဲ့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို မိမိတို့ကိုယ်တိုင်က စေတနာထားအားထည့်ဆောင်ရွက်မှ ဖွံ့ဖြိုးနိုင်မယ်ဆိုတဲ့ အသိတွေရှိဖို့လည်းလိုပါတယ်။ ပြိုင်ပွဲသုံးမျိုးမှာ ပထမဆုကို ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုကို ငွေကျပ် ၃၅၀၀၀၊ တတိယဆုကို ငွေကျပ် ၂၀၀၀၀နဲ့ နှစ်သိမ့်ဆုကို ငွေကျပ် ၁၀၀၀၀ ဆိုပြီး ထိုက်ထိုက်တန်တန် ချီးမြှင့်နိုင်ခဲ့ပါတယ်" ဟု မိန့်ကြားခဲ့သည်။

မင်းခန့်စိုး (ဓေယျာမြေ)

ရောဝတီမြစ်ရေမြင့်တက်လာမှုကြောင့် နှမ်းစိုက်တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းလုပ်ရန်မဝံ့မရဲဖြစ်နေ

မြန်အောင် မေ ၉

မေလအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်အရှေ့ဘက်ကမ်း ရေလယ်ကျွန်းများတွင်နေထိုင်ကြသော နှမ်းစိုက်တောင်သူများ နှမ်းစိုက်ရန် မဝံ့မရဲဖြစ်နေသည်ဟု မိုးညိုမြို့နယ် စိန်တိုင်ကျွန်းကျေးရွာမှတောင်သူတစ်ဦးက ပြောသည်။

မြန်အောင်မြို့နယ် အမှတ် (၃)ရပ်ကွက် မြို့မရေလယ်ကျွန်းရှိ နှမ်းစိုက်တောင်သူတစ်ဦးက "နှမ်းစိုက်ရင် ရေတင်စိုက်ရတယ်။ နှမ်းတွေအောင်မြင်လို့ မထွက်ခင်မှာ မြစ်ရေကတက်လာရင် မျိုးဖိုးရော၊ ရေတင်ခရော လုပ်အားတွေရောဆုံးကုန်မှာ" ဟု ပြောသည်။

"မနှစ်က နှမ်းတွေရိတ်သိမ်းပြီးလို့ လှေခါနီးမှ မြစ်ရေတက်လာပြီး ရွာတွေထဲရောင်ပြီး အကုန်ရေမြုပ်တော့ စက်လှေတွေနဲ့ ရသလောက်ကို မြန်အောင်ဖက်ကမ်းကိုသယ်ပြီး ဘုရားကွင်းတွေမှာ လှန်း၊ လှေပြီး အလုပ်သမားခ မျိုးဖိုးပြန်ရအောင် မနည်းလုပ်လိုက်ရတယ်။ တချို့ဆို အကုန်လုံးမြစ်ရေထဲပါသွားတော့ ရှုံးတာပေါ့ဗျာလို့" ဟု ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနေသူ နှမ်းအများအပြားစိုက်သည့် တောင်သူတစ်ဦးကပြောပြသည်။

ပွဲရုံလုပ်ငန်းရှင်တစ်ဦးက "မြန်အောင်မြို့ရဲ့ မြစ်အရှေ့ဖက်ကမ်းက နှမ်းတော်တော်ရတယ်။ မနှစ်ကစပြီး မြစ်ရေတက်တော့ နှမ်းအထွက်နည်းသွားလိုက်တာ ခုလည်း မြစ်ရေကတက်နေပြန်ပြီ ကျွန်တော့အတွေ့အကြုံအရဆိုရင်တော့ ခုတက်တဲ့ မြစ်ရေက ပြန်ကျတောင် နည်းနည်းပဲကျမယ်။ မိုးဦးကျမြစ်ရေနဲ့ရောပြီး ခုနှစ်လည်း မြစ်ရေကြီးဦးမှာပဲ" ဟု ပြောသည်။

တချို့တော့ ရေတင်ပြီးစိုက်နေတယ်။ ဖြစ်ချင်ရာဖြစ်ပေါ့။ ကံစမ်းဥာဏ်စမ်း စိုက်လိုက်တာ၊ မြစ်ရေက မနှစ်ကလည်းကြီးတယ်။ ဒါပေမယ့် ခုရာသီမှာ ရေခံကဒီလောက် မရှိဘူး။ ခုတော့ မြစ်ရေအခံကများနေတော့ မြစ်ရေတက်မှာသေချာသလောက်ဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဒီစိုက်တဲ့ပျိုးတဲ့အလုပ်ပဲလုပ်တတ်တော့ ဆုံးကာမှဆုံးရော စိုက်နေကြတာပဲ" ဟု စိန်တိုင်ကျွန်းကျေးရွာမှ နှမ်းစိုက်ပျိုးရန် မဝံ့မရဲဖြစ်နေသည့် တောင်သူတစ်ဦးက ပြောသည်။

နေဝင်းဓော်(မြန်အောင်)

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ အလှူငွေပေးအပ်

ရမည်းသင်း မေ ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ဧပြီ ၃၀ ရက်က မိုးသက်လေပြင်းတိုက်ခတ်ပြီး ပြိုကျပျက်စီးသွားသည့် စာသင်ကျောင်းများ ပြန်လည်ပြုပြင်နိုင်ရန် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ အလှူငွေပေးအပ်ပွဲကို မေ ၆ ရက်နံနက် ၉ နာရီကရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုစည်းခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာနုနုသာက အမှာစကားပြောကြားပြီး(ဗဟို) အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အလှူငွေလျှပ်ဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ရမည်းသင်းမြို့နယ် လေဘေးသင့်များအတွက် အလှူငွေကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အလှူငွေကျပ်သိန်း ၅၀ ကိုလျှပ်ဒါန်းရာ မြို့နယ်လေဘေးသင့်အလှူငွေ ကောက်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နိုင်အေးက လက်ခံရယူပြီး၊ ပျော်ဘွယ်မြို့နယ် လေဘေးသင့် စာသင်ကျောင်းများအတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ပျော်ဘွယ်မြို့နယ်မိခင်နှင့် ကစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာကလက်ခံရယူကာ ရမည်းသင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန္ဒာအောင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၊ မိခင်ရိပ်မြုံအဆောက်အအုံနှင့် မူကြိုကျောင်းတို့ကိုကြည့်ရှုပြီး သားဖွားဆရာမသုံးဦးကို ဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ မူကြိုကလေးများကို အဟာရတိုက်ကျွေးရန် အလှူငွေကျပ် တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းခဲ့သည်။

စော်ဝင်းအောင်

နေအိမ်များပျက်စီးခဲ့သော မိသားစုများအား ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများပေးအပ်လှူဒါန်း

ငါန်းဇွန် မေ ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း မိုးသက်လေပြင်းနှင့် မိုးသီးများရိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာများမှ မိသားစုများအား ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၇ ရက်ညနေ ၄ နာရီ ၁၅မိနစ်က ညောင်ချင်း အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ထောက်ပံ့ငွေနှင့် အိမ်သုံးပစ္စည်းများ ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာမွန်ဦးက နေအိမ်များ ပြိုကျပျက်စီးဆုံးရှုံးခဲ့သော မိသားစုများအား ငွေကျပ်ငါးသောင်းနှင့် အိမ်သုံးပစ္စည်း ကိုးမျိုးကိုလည်းကောင်း၊ နေအိမ် အမိုးလန်ပျက်စီးခဲ့သော မိသားစုများအား ငွေကျပ်နှစ်သောင်းနှင့် အိမ်သုံးပစ္စည်း လေးမျိုးကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ညောင်ချင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနေဝင်းက နေအိမ်များပျက်စီးဆုံးရှုံးခဲ့သော မိသားစုများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ငါန်းဇွန်မြို့နယ်အတွင်း မိုးသက်လေပြင်းနှင့် မိုးသီးများရိုက်ခတ်မှုကြောင့် နေအိမ် ၂၄ လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် ၂၈၁ လုံး အမိုးလန်ပျက်စီးခဲ့သည်။

သက်နောင်ဦး(ငါန်းဇွန်)

တာချီလိတ်မြို့နယ်ရှိ ရေအခက်အခဲများဖြစ်နေသည့် ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

တာချီလိတ် မေ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့နေရသည့် ကျေးရွာနှစ်ရွာအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မေ ၇ ရက်နံနက်က သောက်သုံးရေများ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားများဖြင့် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စုရှိ ဟွေယုန်းကျေးရွာဟောင်းမှ အိမ်ခြေ ၃၀ တို့အား ရေဂါလန် ၁၆၀၀ ကို လည်းကောင်း၊ ဝမ်ဆောက်ခုံ(အာခါ)ကျေးရွာမှ အိမ်ခြေ ၂၅ လုံးအား ရေဂါလန် ၈၀၀ ကိုလည်းကောင်း သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

ဘားအံမြို့နယ်တွင်း ကျေးရွာများ၌ ရေပြတ်လပ်မှုမရှိစေရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်

ဘားအံ မေ ၉

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဘားအံမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာအရန်မီးသတ်များ ပူးပေါင်းပါဝင်၍ ရေတွင်း၊ ရေကန် ခန်းခြောက်မှုကြောင့် ရေလိုအပ်လျက်ရှိသည့် ကျေးရွာများ ဖြစ်သော ပန်းကုံး၊ ငနက်ပြာ၊ တောကြီးကုန်းနှင့် ဆင်ကျုံးကျေးရွာများသို့ မေ ၅ ရက်က ရေလှူဒါန်းမှုများ ဆောင်ရွက်ခဲ့ရာ ဒေသခံကျေးရွာသားများအတွက် သောက်သုံးရေ ဂါလန် ၂၄၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း ရေလိုအပ်ချက်ရှိသည့် ကျေးရွာပေါင်း ကိုးရွာတို့အား ရေလှူဒါန်းနိုင်ခဲ့ပြီး ရေလိုအပ်ချက်ရှိသော ကျေးရွာများသို့ ရေပြတ်လပ်မှုမရှိစေရေးအတွက် ဆက်လက်လှူဒါန်းသွားမည်ဟု ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးခင်မောင်ဝင်းကပြောသည်။

ထွန်းထွန်းထွေး (ဘားအံ)

မြစ်မ်ားရောင်ကျေးရွာစီမံကိန်းများ ကွင်းဆင်းစစ်ဆေး

ဟိုပန် မေ ၉

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်ရှိ ရွှေဝါကျေးရွာနှင့် ပန်လုံမြို့ ရှိ ပန်လုံကျေးရွာနှစ်ရွာတွင် မြစ်မ်ားရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းဝန်ထမ်းများဖြင့် မေ ၇ ရက်က ကျေးရွာမြစ်မ်ားရောင်ကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ငွေစာရင်းပုံစံများ စနစ်တကျဆောင်ရွက်ထားရှိရန်နှင့် ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ဟိုပန်မြို့နယ်ရှိ ရွှေဝါကျေးရွာနှင့် ပန်လုံမြို့ရှိ ပန်လုံကျေးရွာနှစ်ရွာတို့သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်း မြစ်မ်ားရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများဖြစ်ပြီး ရွှေဝါကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၇ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၂၄ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ခုနစ်ဦး၊ အသက်မွေး ဝမ်းကျောင်း တစ်ဦး၊ စုစုပေါင်း ၆၉ ဦးရှိပြီး ပန်လုံကျေးရွာနှစ်ရွာတွင် စိုက်ပျိုးရေး လုပ်ကိုင်သူ ၂၀ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၈ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း ၇၃ ဦးဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် မော်ချီးဒေသခံများနှင့် တွေ့ဆုံ

ဖားဆောင်းမြို့ မေ ၉

ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် မေ ၇ ရက်နံနက် ၁၀ နာရီခွဲတွင် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်း စီမံကိန်းရုံး၌ မော်ချီးဒေသအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက အစိုးရသစ်လက်ထက်တွင် မော်ချီးဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မည်ကဲ့သို့ ပူးပေါင်း ဆောင်ရွက်သွားမည်ကို ဆွေးနွေး စေလိုကြောင်း၊ ပြည်သူတွေကို မည်သို့ပံ့ပိုးပေးရမည်၊ မည်ကဲ့သို့ပံ့ပိုးနိုင်မည်ဆိုသည်ကို ပြန်လည်ပြီး ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အတူ လိုက်ပါလာသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသော မော်ချီးဒေသခံပြည်သူများက ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေးနှင့် အခြားလိုအပ်ချက်များကို အသီးသီးဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် အစိုးရသစ်လက်ထက်တွင် မော်ချီးဒေသအတွင်းရှိ ပြည်သူများ၏ ဘဝလုံခြုံမှုကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက နိုဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် လိုက်ပါလာသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက မော်ချီးဒေသအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်နေရာများ၊ ပညာရေး၊ ကျန်းမာရေး အဆောက်အအုံများကို သွားရောက်ကြည့်ရှုခဲ့သည်။

ကိုနိုင်း (လွှင်ကော်)

ခရိုင်အဆင့် စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲပြုလုပ်မည်

ကလေး မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အနေဖြင့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို လာမည့် မေ ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ယခုနှစ် ပညာရှင်အဆင့်ကိုပါဖိတ်ခေါ်၍ပြိုင်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို နှစ်စဉ်ကလေးမြို့တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ဟူ၍ ခရိုင်အဆင့်ပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ ယခုနှစ်တွင်လည်းပညာရှင်အဆင့်ကိုပါ ထည့်သွင်းပါဝင်ယှဉ်ပြိုင်စေမည် ဖြစ်ကြောင်း မေ ၆ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ MANA မှတာဝန်ရှိသူများ ပါဝင်သောအပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ကျင်းပရေးကော်မတီ အစည်းအဝေး၌ ခရိုင်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ပြောကြားခဲ့သည်။

ချင်းတွင်းသား

ကိုးတောင်ကန်ကျေးရွာတွင် မြေသားရေကန်တူးဖော်မှုစတင်ဆောင်ရွက်

ရောင်းဦး မေ ၉

နွေရာသီကာလအတွင်း အယ်နီညို ရာသီဥတုကြောင့် အပူချိန်မြင့်တက်လာမှုနှင့်အတူ ကျေးလက်ဒေသများတွင် သောက်သုံးရေ လိုအပ်လာနိုင်သဖြင့် ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးဌာနမှ ကိုးတောင်ကန်ကျေးရွာတွင် မြေသားရေကန် တူးဖော်ပေးခြင်း လုပ်ငန်းကို မေ ၆ ရက်က စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေသားရေကန် တူးဖော်ခြင်းနှင့် ပတ်သက်၍ ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးခက်ခဲမှုများ ကြုံတွေ့လာနိုင်သဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းရက် (၁၀၀) စီမံချက်ဖြင့် ကိုးတောင်ကန်ကျေးရွာအတွက် အလျားအရှည် ပေ ၁၈၀၊ အနံ ၁၅၀ ပေ၊ အမြင့် ၆ ပေရှိ မြေသားရေကန် တူးဖော်ပေးခြင်း ဖြစ်ကြောင်းနှင့် ဆက်လက်ပြီး ရက် (၁၀၀) စီမံချက် အရ နတ်ရေကန်ကျေးရွာရှိ အလျား ၉၀၀ ပေ၊ အနံ ၄၀၀ ပေရှိ မြေသားရေကန်ကိုလည်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

မယု (ရောင်းဦး)

လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်း လုပ်ငန်းရက်တိုသင်တန်း ကသာမြို့တွင်ဖွင့်

ကသာ မေ ၉

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် အဓိကရည်ရွယ်လျက် လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အ-လ-က(၁)၊ အ-ထ-က(ခွဲ) ကျောင်း ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် မြို့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားများ ပြောကြားကြပြီး ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မျိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြော ကြားခဲ့သည်။

အဆိုပါ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်းရက်တိုသင်တန်းသို့ ကသာခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ် မှ သင်တန်းမတက်ရောက်ရသေးသည့် မြေတိုင်း (၅) ဝန်ထမ်း သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ မေ ၁၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

မုံးထ မေ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မုံးထမြို့၌ ဧပြီ ၃၀ ရက် ညနေပိုင်းက မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ပြီးစီးမှု၊ လမ်းဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုကို မေ ၇ ရက် မွန်းတည့် ၁၂ နာရီက ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် လမ်းဦးစီးဌာန၊ ခရိုင်အင်ဂျင်နီယာမှူး ဦးအောင်ညိုတို့ သွားရောက်ကြည့်စစ်ဆေးခဲ့သည်။

ပြန်လည်ပြုပြင်ရန် ကျန်ရှိသည့် ပြည်သူ့ဆေးရုံ အမျိုးသမီးလူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့အား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

စလင်း မေ ၉

မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဧပြီ ၃၀ ရက်နှင့် မေ ၇ ရက်တို့တွင် မိုးသက်လေပြင်းများ ကျရောက်ခဲ့မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှု ဖြစ်ပွားခဲ့ရာ အဆိုပါ လေဘေးသင့် အိမ်ထောင်စုများအား မေ ၈ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေများ ပေးအပ်လျှုဒါန်းခဲ့သည်။

စလင်းမြို့နယ် ဖောင်းလင်းကျေးရွာအုပ်စု ငွေတောင်ကျေးရွာတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် အိမ် ၉၁ လုံး ပြိုလဲပျက်စီးခဲ့ပြီး အိမ် ၈၂ လုံး အမိုးလန်ခဲ့သည်။ ဖောင်းလင်း ကျေးရွာတွင် အိမ် ၉၁ လုံး ပြိုလဲပျက်စီးခဲ့ပြီး အိမ် ၂၈ လုံး အမိုးလန်ပျက်စီးခဲ့ရာ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အမိုးလန် ပျက်စီး နေအိမ်တစ်လုံးလျှင် ငွေကျပ် နှစ်သောင်း၊ ပျက်စီးပြိုလဲ နေအိမ်တစ်လုံးလျှင် ငွေကျပ်၈၊၀၀၀ သောင်းနှုန်းဖြင့် ကူညီထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ငွေကျပ်သိန်း ၆၇၅၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

ဆေးခန်းသို့ မသွားနိုင်သော ရောဂါသည်များအား သုခချမ်းသာ ကျန်းမာရေး စောင့်ရှောက်မှုအသင်းက အခမဲ့ကုပေးနေ

နွားထိုးကြီး မေ ၉

နွားထိုးကြီးသုခချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှုလူမှုကူညီရေးအသင်းမှ ဒေါက်တာသွဲ့ယဉ်ဝင်းဦးဆောင်သော ဆေးအဖွဲ့က မေ ၇ ရက်က အထွေထွေရောဂါသည် ၁၂၅ ဦးကို ဆေးဝါးများ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

အလားတူ မြင်းခြံ ကလေးအထူးကုဆရာဝန် ဒေါက်တာဥာဏ်မျိုးဝင်းမြင့်ကလည်း ယင်းနေ့ နေ့လယ်ပိုင်းတွင် ကလေးလူနာ ၁၆ ယောက်ကို အခမဲ့ ကုသပေးနိုင်ကြောင်း အသင်းဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။

နွားထိုးကြီးတွင် နေပူရှိန် ၄၅ ဒီဂရီစင်တီဂရိတ် အထက်ရှိနေ၍ လူနာအချို့ ဆေးခန်းမလာနိုင်ကြောင်း၊ သုခချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမှာ နွားထိုးကြီးတွင် အောင်မြင်စွာ စောင့်ရှောက်ပေးနိုင်ပြီဖြစ်သည်။

ဌေးမြင့်မောင်

ဇွဲကပင်တောင်ပေါ်သို့ကေဘယ်ကားပြေးဆွဲတပ်ဆင်ရန် စီမံကိန်းကို ကရင်ပြည်နယ် ငြိမ်းချမ်းရေးအဖွဲ့တစ်ခုအားလုပ်ကိုင်ခွင့်ပေးမည်

ဘားအံ မေ ၉

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်တောင်ပေါ်သို့ ကေဘယ်ကားပြေးဆွဲတပ်ဆင်ရန် စီမံကိန်းကို ကရင်ပြည်နယ် ငြိမ်းချမ်းရေးအဖွဲ့တစ်ခုအား လုပ်ကိုင်ခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင် ဇွဲကပင်တောင်ပေါ်သို့ ကေဘယ်ကားအကြီးပြေးဆွဲတပ်ဆင်ရန် ဂျပန်နိုင်ငံမှ ဒေါ်လာသန်း ၂၀ ချေးငွေရယူဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေခဲ့သည့်အတွက် ယခုကဲ့သို့ ကရင်ပြည်နယ် ငြိမ်းချမ်းရေးအဖွဲ့တစ်ခုအား လုပ်ကိုင်ခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"ဂျပန်နိုင်ငံမှာ ချေးငွေအတွက် ညှိနှိုင်းခဲ့ပေမယ့် အဆင်မပြေခဲ့ဘူး။ စပေါ်ကလည်း ဒေါ်လာ ၂ သန်းတင်ရမယ်။ ဒီငွေအတွက်ပေးမယ့်သူရှိပေမယ့် ရေရှည်မှာ မလွယ်ဘူး။ အဲ့ဒီအချိန်မှာ ကရင်ပြည်နယ် ငြိမ်းချမ်းရေးအဖွဲ့က သူတို့ တာဝန်ယူလုပ်ပေးမယ်လို့ ပြောတာကြောင့် အဲ့ဒီအဖွဲ့ကို လွှဲလိုက်ပြီ။ ရရှိလာတဲ့ အကျိုးအမြတ်ရဲ့ ၇၀ ရာခိုင်နှုန်းကို သူတို့ယူမယ် ၃၀ ရာခိုင်နှုန်းကိုတော့ ဘုရားကြီးအတွက် ထည့်ဝင်ဆောင်ရွက်သွားမှာပါ။ အခုလိုလွှဲလိုက်တော့ တာဝန်တစ်ခုပေါ့သွားတယ်" ဟု ဇွဲကပင်တောင် ဆရာတော်ဘဒ္ဒန္တကဝိဒေက မိန့်ကြားသည်။

ယင်းအဖွဲ့တည်ဆောက်ပါက ကေဘယ်ကားစီမံကိန်းအတွက် ဒေါ်လာ ရှစ်သန်းခန့် ကုန်ကျနိုင်ကာ သုံးနှစ်အတွင်း အပြီးတည်ဆောက်ရန် အကြမ်းဖျဉ်းသဘောတူညီမှု ရရှိထားကြောင်း၊ အသေးစိတ်ကိုမူ ယခုလ ၁၅ ရက်တွင်ယင်းအဖွဲ့နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

"ဘုရားပွဲလုပ်ရင် လာသူများတော့ လူခြောက်ရောက်စီးလို့ရတဲ့ အတွဲ ၃၀ လုပ်စေချင်တယ်။ ဒါမှမဟုတ်ရင် တစ်တွဲမှာ လူများများစီးလို့ရတဲ့ ပုံစံလုပ်မယ်။ ဒီစီမံကိန်းက ကိုယ်ကျိုးအတွက်လုပ်တာမဟုတ်ပါဘူး။ဆံတော်ရှင်ဘုရားကို လွယ်လွယ်နဲ့ဖူးလို့ရအောင် လုပ်ပေးတာဖြစ်တယ်" ဟု ဆရာတော်က ထပ်မံ မိန့်ကြားခဲ့သည်။

တည်ဆောက်ရေးပိုင်းကိုမူ ဂျပန်နှင့် ဩစတြေးလျနိုင်ငံ တစ်ခုခုမှ ကျွမ်းကျင်ပညာရှင်များကိုခေါ်ယူကာ အသက်သာဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် တောင်ပေါ်သို့ စက်ပစ္စည်းနှင့် လူအနည်းငယ်သာ တင်ဆောင်နိုင်သော ကေဘယ်ကားအသေးစားပြေးဆွဲနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ဇွဲကပင်တောင်သည် ဘားအံမြို့တောင်ဘက် ၇ မိုင်အကွာရှိပင်လယ်ရေမျက်နှာပြင်အထက် ၂၇၃၄ ပေမြင့်ပြီး တောင်နှင့်မြောက်မိုင် ၂၀၅ နှင့်မျှ သွယ်တန်းရှည်လျားကာ ဆံတော်ရှင် စေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်သူများ သည် ခြေလျင်တက်ရာတွင် အချိန် ၂ နာရီခွဲ၊ ၃ နာရီခန့် တက်ရောက် ဖူးမြော်နေရသည့်အတွက် အခက်အခဲများရှိနေကြောင်း၊ကေ ဘယ်အကြီးစား စီမံကိန်းပြီးစီးပါက ခရီးသွားများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် တခုတည်းသော ကေဘယ်ကားဖြစ်သောကြောင့် ကရင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုး တက်လာပြီး စီးပွားရေးအခွင့်အလမ်းတွေ ရရှိလာရုံမက မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းလည်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဝင်းထူး

စားသောက်ကုန်များတွင်မာတုဆိုးဆေးအသုံးပြုရောင်းချသူများအားစစ်ဆေးအရေးယူသွားမည်

မန္တလေး မေ ၉

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ စားသုံးသူများကျန်းမာရေးကို ထိခိုက်စေမည့် ဓာတုဆိုးဆေးအသုံးပြုရောင်းချသူများကို မန္တလေးတိုင်းဒေသကြီးအတွင်း စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"စားသုံးသူ ကာကွယ်ရေးအတွက် ထိရောက်တဲ့ အရေးယူမှုတွေလုပ်ဆောင်သွားမှာပါ။ ငပိတို့ လက်ဖက်တို့တွေထဲမှာ ဆိုးဆေးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဇင်ဇင်နွယ်က ပြောသည်။

ဓါတုဆိုးဆေးအသုံးပြုထားသည့် စားသောက်ကုန်များစစ်ဆေးတွေ့ရှိပါက ပထမပါ၊ မပါ စစ်ဆေးပေးတဲ့ပစ္စည်းတွေကို ရောင်းချပေးခဲ့ပါတယ်။ အများကြီးတော့ မရောင်းချနိုင်တဲ့အတွက် ရုံးမှာလာစစ်ကြဖို့ ပြောလိုပါတယ်။ နောက်ပိုင်းကျရင်တော့ မျှားများစားစားထုတ်ရောင်းချပေးသွားမှာပါ" ဟု မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးဌာန ညွှန်ကြားရေးမှူး ဒေါ်ဇင်ဇင်နွယ်က ပြောသည်။

"အမျိုးသားဥပဒေအရ အရေးယူပြီဆိုရင်တော့ ပြစ်ဒဏ်က ကြီးသွားပြီ။ ရဲအရေးပိုင်မှု ဖြစ်သွားတယ်။ ထုပ်ပိုးထားတဲ့ အစားအဆင့်အနေ ဖြင့် စီမံခန့်ခွဲရေး နည်းလမ်းများအရ သိမ်းဆည်းကာဖျက်စီးခြင်း၊ အရောင်းဆိုင်ပိတ်သိမ်းခြင်းတို့ဖြင့် အရေးယူသွားမည်ဖြစ်ကာ အမျိုးသားအစားသောက်ဥပဒေ၊ စားသုံးသူ အကာအကွယ်ပေးရေဥပဒေတို့ အပြင် မြို့တော်စည်ပင် ဥပဒေများဖြင့်ပါ အရေးယူနိုင်ကြောင်း ၎င်းက ပြောသည်။

"အမျိုးသားဥပဒေအရ အရေးယူပြီဆိုရင် ပြစ်ဒဏ်ကြီးသွားပြီ။ ဆေးဝါးဖြစ်ပါက တစ်ပတ်လျှင် တစ်ကြိမ် စစ်ဆေးနေရာမှ အရှိန်မြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး စျေးများတွင် ဟောပြောပွဲများ ပြုလုပ်ကာ ရောင်းချနေသည့် စားသောက် ကုန်များကို ဝယ်ယူစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟုသိရသည်။

မင်းထက်အောင်(မန်းကိုယ်မွား)

ပြို့ရေပေးဝေရေးရေလှောင်တမံ ပြန်လည်တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်

ကော့သောင်း မေ ၉

ကော့သောင်းမြို့နေပြည်သူများ သောက်သုံးရေ ရရှိရေး အဓိကအားထားရာ ယင်းဝါရေလှောင်တမံ ရေအရင်းအမြစ် ပြန်လည်တိုးပွားရေး တူးဖော်ခြင်း လုပ်ငန်းများကို မေ ၆ ရက်ကစတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်းများပေါ် တည်ရှိသဖြင့် မြို့နေပြည်သူများသည် သောက်သုံးရေအား မိုးတွင်းသိုလှောင်ထားသည့် မိုးရေများဖြင့်လည်းကောင်း၊ မြို့အစွန် ရေတွင်းရေကန်တချို့မှလည်းကောင်း၊ အထူးသဖြင့် ယင်းဝါရေလှောင်တမံရှိ သဘာဝရေအရင်းအမြစ်မှ အဓိကအားထား ရယူဖြန့်ဝေသုံးစွဲနေကြရသည်။

ယခုအခါ အယ်နီညိုရာသီဥတုဒဏ်ကြောင့် တမံအတွင်း ရေအရင်းအမြစ်များ လျော့နည်းလာကာ မြို့နေပြည်သူများ သောက်သုံးရေအခက်ကြုံတွေ့လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ကူညီပံ့ပိုးမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့ထောက်အကူပြုကော်မတီများ ပူးပေါင်းကာ မြို့နေပြည်သူများ၏ သောက်သုံးရေ အခက်အခဲအားဖြေရှင်းနိုင်ရေး၊ သန့်ရှင်းသည့် ရေအရင်းအမြစ်များ ပိုမိုစုဆောင်းရရှိနိုင်ရေး ရည်ရွယ်ကာ တမံတွင်း ရွှံ့ရွှံ့များ၊ နုန်းမြေများ ဆယ်ယူခြင်းနှင့် ရေစုဆောင်းသိုလှောင်နိုင်မှုတမံဧရိယာ ပိုမိုကျယ်ပြန့်လာရေး တိုးချဲ့တူးဖော်မှုလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

သောက်သုံးရေအခက်အခဲရှိကျေးရွာပြည်သူများသို့ ရေလှူဒါန်း

လွှိုင်လင် မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွှိုင်လင်မြို့နယ် ပန်ခေါက်ပိုးကျေးရွာရှိ ပြည်သူများအား မေ ၈ ရက် နံနက် ၉ နာရီက မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေဝင်တိုးနှင့် ဝန်ထမ်းများ ရေဂါလန် ၂၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာမှ ပြည်သူ ဦးစိုင်းမောင်နီက "ကျွန်တော်တို့ရွာက လွှိုင်လင်မြို့နဲ့ သုံးမိုင်ကွာဝေးပါတယ်။ လွှိုင်လင်-နမ့်စန် ကားလမ်းမကြီးဘေးမှာ တည်ရှိပါတယ်။ လက်ရှိအနေအထားအရတော့ ရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့ စိမ့်စမ်းရေ ရေထွက်က ရေကို အားထားနေရပါတယ်။ အခုလိုမီးသတ်ဦးစီးဌာနက ရေလာရောက်လှူဒါန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ။ စိမ့်စမ်းရေကခန်းခြောက်လာတော့ လွှိုင်လင်ရေကန်ကြီးမှာပဲ ဆိုင်ကယ်ဖြင့် တစ်နိုင် သွားခတ်ရပါတယ်။ လက်ရှိရွာမှာ အိမ်ခြေ ၄၀၊ အိမ်ထောင်စု ၃၆ စုနဲ့ လူဦးရေကတော့ ၂၂၀ ရှိပါတယ်။ နောက်လဲ မကြာခဏ လာရောက်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံပါတယ်" ဟု ပြောသည်။

လွှိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေရှားပါးသည့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများကို ဧပြီလ နှင့် မေလ ၈ ရက်နေ့အထိ ရေဖြန့်ဝေလှူဒါန်းခဲ့သည်မှာ ရေဂါလန်ပေါင်း ၂၀၀၀၀ လှူဒါန်းခဲ့ပြီး ကြောင်းသိရသည်။

မိုးလွင်ဦး(လွှိုင်လင်)

မေတ္တာမြို့ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးမြို့ရေပေးဝေရေး ကော်မတီမှနေ့စဉ်ဆောင်ရွက်

ထားဝယ် မေ ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့သည် ထားဝယ်မြို့မှ ၃၄ မိုင်အကွာတွင်တည်ရှိပြီး ထားဝယ်-ထီးခီး-ယိုးဒယားနယ်စပ်သွားသည့် လမ်းပေါ်တွင်တည်ရှိသည်။ မြို့ပေါ်(၃) ရပ်ကွက်တွင် အိမ်ခြေ ၂၈၀၊ လူဦးရေ ၁၈၀၀ ခန့် နေထိုင်၍ သောက်သုံးရေအဖြစ် လက်တူးတွင်းများနှင့် ခမောင်းသွယ်ချောင်းနှင့် ဘန်းချောင်းမှရေကို သွယ်ယူသုံးစွဲလျက်ရှိသည်။

ယခုအခါ မုတ်သုံမိုးဝင်ရောက်မှုနောက်ကျပြီး အယ်နီညိုရာသီဥတု ကြောင့် သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်လျက်ရှိရာ မြို့ပေါ်ရေပေးဝေရေး ကော်မတီမှ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဘန်းချောင်းမှ ရေသွယ်ယူခြင်းလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်အတွင်းရှိရေသိုလှောင်ကန်များသို့နေ့စဉ် ရေဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။

မေတ္တာမြို့ရှိ ပြည်သူလူထုများအနေဖြင့် သောက်သုံးရေအဆင်ပြေချောမွေ့လျက်ရှိကြောင်း မြို့ပေါ်ရေပေးဝေရေး ကော်မတီထံမှ သိရသည်။

(ထားဝယ်ခရိုင်ပြန်/ဆက်)

မျိုးဝင်းထွန်း(မုံရွာ)

မုံရွာမီးသတ်စခန်းသို့မီးသတ်ယာဉ်နှင့် လူမှုကူညီရေးအသင်းများသို့ ကားတာယာ ၂၀၈လုံးလှူဒါန်း

မုံရွာ မေ ၉

မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ကူညီပံ့ပိုးရေး ဖောင်ဒေးရှင်း (MFFR) ၏ အစီအစဉ်ဖြင့်ဂျပန်နိုင်ငံ Aichi Prefecture ရှိ NPO Team Mikawa Recovery နှင့် THEIN MIN INDUSTRY GROUP CO.,Ltd တို့ပူးပေါင်းပြီး မုံရွာမြို့ မီးသတ်စခန်းသို့ ကျပ်သိန်း ၁၂၀ ခန့် တန်ဖိုးရှိ ဂျပန်နိုင်ငံလုပ် ISUZU မီးသတ်ယာဉ်တစ်စီးနှင့် လူမှုကူညီရေးအသင်းများသို့ မော်တော်ကားတာယာများ လှူဒါန်းပွဲကို မေ ၈ ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"မုံရွာမီးသတ်စခန်းအတွက် ဂျပန်နိုင်ငံလုပ် မီးသတ်ကားတစ်စီးနဲ့အတူ ရန်ကုန်တာယာစက်ရုံကထုတ်တဲ့ ကျပ်သိန်း ၁၀၀ ကျော်ဖိုးရှိတဲ့ YANGON TYPE ဆိုဒ်စုံ ၂၀၈ လုံးကို မုံရွာမြို့မှာရှိတဲ့ လူမှုကူညီရေးအသင်း ၁၉ သင်းအတွက်ပေးအပ် လှူဒါန်းတာပါ။ ဒါ့အပြင် မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံအတွက် လှူထားတဲ့ သိန်း ၅၀၀ က ကျန်နေတဲ့သိန်း ၃၀၀ ကိုလည်း လှူဒါန်းတာဖြစ်ပါတယ်။ အခုမီးသတ်ယာဉ် လှူတာဟာ ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်ကလည်း မုံရွာမီးသတ်စခန်းကို မီးသတ်ယာဉ်တစ်စီး လှူဒါန်းခဲ့ပါတယ်။ အခုလို မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ယာဉ် လှူဒါန်းခွင့်ရတာ အထူးဝမ်းမြောက်မိပါတယ်" ဟု THEIN MIN Group Co.,Ltd Managing Director ဦးမောင်မောင်ဌေးက ပြောပြသည်။

ပေးအပ်လှူဒါန်းပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဌေးက မီးသတ်ယာဉ်ကို ပေးအပ်လှူဒါန်းရာ မုံရွာမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိဦးညီညီဇော်က လက်ခံပြီး ရန်ကုန်တာယာစက်ရုံ စျေးကွက်မန်နေဂျာ ဒေါက်တာထင်ကျော်ဦးက ရန်ကုန်တာရာ ၂၀၈ လုံးကို ပေးအပ်လှူဒါန်းရာ မုံရွာမြို့မှ လူမှုကူညီရေးအသင်းများကိုယ်စား ရုံးကြီးလူငယ်ဥက္ကဋ္ဌ ဦးစောထွန်းက လက်ခံခဲ့သည်။ ဆက်လက်၍ ရန်ကုန်တာယာစက်ရုံ ဥက္ကဋ္ဌ ဦးကျော်ကျော်စိန်က မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအတွက် လှူဒါန်းရန် ကျန်သော ကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံတည်ဆောက်ရေးကော်မတီ ကိုယ်စား မြို့မိမြို့ဖ ဦးလှဟန်က လက်ခံခဲ့သည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဌေးက လှူဒါန်းမှု အစုစုအကြောင်းကို ရှင်းလင်းပြောပြပြီး လှူဒါန်းမှုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ရာ ရန်ကုန်တာယာစက်ရုံဥက္ကဋ္ဌ ဦးကျော်ကျော်စိန်က လက်ခံရယူပြီး လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းညွန့်ဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

"အခုလိုလှူဒါန်းပေးတဲ့အတွက် ပြည်သူလူထုကို အားအများကြီးဖြစ်စေသလို တိုင်းဒေသကြီးအစိုးရအနေနဲ့ အများကြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်မှာ မီးသတ်ယာဉ်တစ်စီးကို ကွေ့ကြီးရပ်အရန်မီးသတ်တပ်ဖွဲ့အတွက် လှူဒါန်းခဲ့သေးတာသိရပါတယ်။ နောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှာလည်း မီးသတ်ယာဉ်နဲ့ လယ်ယာစက်ပစ္စည်းသုံး တာယာဆိုဒ်စုံ ၅၆ လုံး လှူဒါန်းခဲ့တာ သိရတဲ့အတွက် ပြည်သူလူထုရဲ့ မီးဘေးလုံခြုံရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့အပြင် လူမှုရေးလုပ်ငန်းတွေမှာလည်း အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု လျှပ်စစ်စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောသည်။

ရှိုးဝင်းထွန်း(မုံရွာ)

ကယားပြည်နယ်တွင်း နေထိုင်သည့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့နှင့် ဝတ်စားဆင်ယင်မှုအား ပြည်ပခရီးသည်များ စိတ်ဝင်စားမှုများလာ

ဒီးမော့ဆို မေ ၉

ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ မိုင် ၃၀ ခန့်ကွာဝေသည့် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာတွင်နေထိုင်သည့် ကယန်းလူမျိုး (ပဒေါင်-ကြေးကွင်းစွပ်) များအား ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်လေ့လာမှုများ ယခင်နှစ်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များသည် ကယန်းပဒေါင်လူမျိုးများ၏ လူမှုဘဝနေထိုင်ပုံ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာအစားအစာနှင့် ဓလေ့ထုံးစံများအား စိတ်ဝင်စားကြပြီး၊ ပဒေါင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာအရ လည်ပင်းတွင် ကြေးကွင်းစွပ်ခြင်းကို ပို၍စိတ်ဝင်စားကြသည်။

ယင်းကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များက ပန်ပက်ကျေးရွာရှိ ကယန်း(ပဒေါင်)လူမျိုးများ တည်ရှိရာရွာကလေးသို့ ရောက်ရှိတိုင်း ကြေးကွင်းများအား လည်ပင်းတွင်စွပ်၍ ကယန်းပဒေါင် ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ ရိုးရာဝတ်စုံများ ဝယ်ယူခြင်း ပဒေါင်လူမျိုးများ၏ ရိုးရာအကဖြင့် ကပြဖော်ဖြေမှုများအား ကြည့်ရှုကာ မှတ်တမ်းတင်ကြပြီး ပန်ပက်ရွာမှအပြန် ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ ကန်ခုနှစ်ဆင့်တို့အား ဝင်ရောက်၍ အပန်းဖြေကြကြောင်း သိရသည်။

ယင်းအပြင် ဒီးမော့ဆိုမြို့နယ်ရှိ ဒေါတမကြီးကျေးရွာတွင် နေထိုင်သော ရှေးဟောင်းကယားဝတ်စုံ ဝတ်ဆင်သည့် ကယားလူမျိုးများအား သွားရောက်၍ လေ့လာမှတ်တမ်းတင်ကြကြောင်းလည်း သိရသည်။

ကိုမိုင်း (လွိုင်ကော်)

ပြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၉

ပြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၆ ခုနှစ် မေ ၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ အသင်းအတွင်းရေးမှူး သစ္စာလှထွေးက အမှာစကားပြောကြားပြီး ဌေစာရင်းရှင်းတမ်းကို တင်ပြရာ အသင်းက အတည်ပြုသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အမှုဆောင်သစ်များရွေးချယ်ရာ ဥက္ကဋ္ဌ ဦးမင်းဇော်၊ ဒုဥက္ကဋ္ဌများအဖြစ် ဦးသူရိန်လှထွေးနှင့် ဦးဟန်ထွေးအောင်၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဒေါ်ဆင့်ဆင့်အောင်၊ ဒေါ်လှလှဌေးနှင့် ဒေါ်ခင်မိုမိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးငြိမ်းချမ်းနိုင်နှင့် ဒေါ်ရတနာထွန်း၊ စာရင်းစစ် ဦးခင်မောင်ဝင်းနှင့် ဦးဖြိုးဟိန်းကျော်တို့အား ရွေးချယ်ခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းဝင်များ တက်ရောက်ကြသည်။

၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းမှာ ယခုအခါ အသင်းဝင် ၆၃ ဦးရှိပြီး အသင်းရုံးခန်းမှာ အခန်း(၆၀၁-၆၀၂) ၇လွှာ၊ အမှတ်(၁၇၃-၁၇၅)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်း- ၀၉-၃၀၀၉၁၉၂ ဖြစ်ကြောင်းသိရသည်။

ရွှေအင်းသားစင်မောင်ဝင်း

မှုခင်းကျဆင်းရေးအတွက် ရပ်ရွာအခြေပြု စည်းကမ်းထိန်းသိမ်းရေးစနစ်လိုအပ်

မကွေး မေ ၉

မကွေးတိုင်းဒေသကြီးအတွင်း၌ နှစ်စဉ်မှုခင်းပေါင်း ၄၀၀၀ ခန့် ဖြစ်ပွားလျှက်ရှိပြီး မှုခင်းကျဆင်းရေးတွင် ရဲတပ်ဖွဲ့အင်အားတစ်ခုတည်း ဆောင်ရွက်ရုံဖြင့် လုံလောက်မှုမရှိဘဲ ရပ်ရွာစည်းကမ်းထိန်းသိမ်းရေးစနစ်များ အားကောင်းရန်လိုအပ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က ပြောကြားသည်။

"ရပ်ရွာမှာ ကျေးရွာခေါင်းဆောင်တွေနဲ့ လူငယ်အဖွဲ့အစည်းတွေကနေပြီးတော့ အရက်သေစာသောက်စားမှုတွေ လျှော့ချနိုင်ဖို့နဲ့ အနည်းဆုံးပြဿနာတွေကို တုတ်တစ်ပြက်၊ ဓားတစ်ပြက် မဖြစ်စေဘဲနဲ့ ဆွေမျိုးစုတွေ၊ ညီအကိုတွေ၊ မိကြီးဖကြီးတွေက ဝိုင်းဝန်းထိန်းသိမ်း နိုင်မယ်ဆိုရင် ရဲစခန်းတွေ၊ရုံးတွေကို ရောက်လာမှာမဟုတ်ပါဘူး။ ဒီကိုရောက်မလာဘူးဆိုရင် ပြည်သူတွေလည်းမိမိတို့ဝမ်းစာကို စိတ်အေးချမ်းသာစွာလုပ်ကိုင်စားသောက်နိုင်ပြီး GDP တွေလည်း လျှော့ကျသွားစရာအကြောင်း မရှိပါဘူး။ ဒါ့ကြောင့် ရပ်ရွာထဲမှာ ပြဿနာတွေ၊ ပဋိပက္ခတွေလျှော့ချနိုင်ဖို့ဆိုရင် ရပ်ရွာအခြေပြု စည်းကမ်းထိန်းသိမ်းရေးစနစ်တွေ အားကောင်းဖို့လိုတယ်လို့ မြင်ပါတယ်" ဟု တိုင်းရဲတပ်ဖွဲ့မှူးက မေ ၇ ရက်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင်ပြုလုပ်သော ရက်(၁၀၀) စီမံချက်အောင်မြင်ရေး ရှင်းလင်းဆွေးနွေးပွဲ၌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က ပြောကြားခဲ့သည်။

ပြည်သူပူးပေါင်းပါဝင်သော ရဲလုပ်ငန်းများလုပ်မည်ဆိုလျှင် ပြည်သူယုံကြည်မှု ရအောင်လုပ်ဖို့လိုသည် ဟု အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြမှုများရှိနေပြီး ရပ်ရွာအပျိုခေါင်း၊ လူပျိုခေါင်း၊ လူငယ်ကွန်ရက် အဖွဲ့အစည်းများ၏ ကဏ္ဍကိုလည်းမြှင့်တင်ရန် အမှန်တကယ်လိုအပ်ကြောင်း၊ ရပ်ရွာများတွင် ရိုသေလေးစားမှုအပေါ် အခြေခံသည့် ရပ်မိရပ်ဖများ၊ ကာလသားခေါင်းများ၏သြဇာသက်ရောက်မှုမှာ ယခင်ထက်စာလျှင် ကျဆင်းနေဖွယ်ရှိကြောင်း၊ အရက်သေစာသောက်စားမှုမြင့်တက်လာမှုကြောင့် လူမှုအဖွဲ့အစည်းများကြား ဂါရဝတရားများ ပျောက်ဆုံးလာမည်ဆိုလျှင် ရပ်ရွာအခြေပြု စည်းကမ်းထိန်းသိမ်းရေးအပိုင်း၌ တည်ဆောက်ရန် ခက်ခဲမည်ဖြစ်ကြောင်း မကွေး ဒေသခံတစ်ဦးက ၎င်း၏ ထင်မြင်ချက်အားပြောသည်။

ဆင်းရဲမွဲတေမှု၊ ပညာရေးအဆင့်အတန်းနိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရရှိခြင်း စသည့်အချက်များသည် တရားဥပဒေစိုးမိုးမှုနှင့်ဆက်စပ်နေသော အကြောင်းအရာများဖြစ်ပြီး တရားဥပဒေစိုးမိုးမှုအားနည်းကျဆင်းလျှင် အမျိုးသား အသားတင် ထုတ်လုပ်မှုတန်ဖိုးကိုပါ ထိခိုက်နိုင်ကြောင်း၊ မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် အစိတ်အပိုင်းတစ်ခုအဖြစ် အထောက်အကူပြုသည့် မှုခင်းကျဆင်းရေးအတွက် ရပ်ရွာအခြေပြုစည်းကမ်းထိန်းသိမ်းရေးစနစ်များ ကောင်းမွန်ရန်လိုအပ်ပြီး ရက် (၁၀၀) စီမံချက်လုပ်ငန်းစဉ်များမှတစ်ဆင့် ပြည်သူ၀န်ဆောင်မှုကိုရှေးရှုသည့် ရဲလုပ်ငန်းစနစ်ကို လူမှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

ဗေယျတု(မကွေး)

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သက်ကြီးတပ်ဖွဲ့ဝင်များကန်တော့ပွဲနှင့် ထူးချွန်ကြက်ခြေနီများ ထပ်ဆင့်ဂုဏ်ပြု

နေပြည်တော် မေ ၉

နှစ်စဉ်ကမ္ဘာပေါ်တွင်ဖြစ်ပွားနေတဲ့ Natural Disaster လို့ခေါ်တဲ့ သဘာဝဘေးအန္တရာယ်တွေ၊ Man Maid Disaster လို့ခေါ်တဲ့ လူကြောင့်ဖြစ်ပွားတဲ့ ဘေးအန္တရာယ်တွေ စတဲ့ ဘယ်လိုဘေးအန္တရာယ်မျိုးမဆို ကြက်ခြေနီသည် ခွဲခြားမှုမရှိ ဘက်လိုက်မှုမရှိ ကြားနေကာ လူအများ ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေကို သက်သာစေခြင်း အလို့ငှာ လူသားချင်းစာနာထောက်ထားတဲ့ စိတ်ဓာတ်အပြည့်အဝဖြင့် ကြက်ခြေနီလူမှုဂရုဏာရှင်များက သန်းပေါင်းများစွာသော လူသားများ၏အသက်နှင့် ဂုဏ်သိက္ခာအတွက် အကူအညီများပေးလျက်ရှိတာကိုအားလုံး မျက်ဝါးထင်ထင် မြင်တွေ့ရပါတယ်။

မေ ၈ ရက်တွင်ကျရောက်သော (၆၈)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ကျင်းပလျက်ရှိရာ နေပြည်တော် ဒဂ္ဂိဏာခရိုင် လယ်ဝေးမြို့နယ် ကြက်ခြေနီအသင်းရုံး၌ ကမ္ဘာ့ကြည်ခြေနီနေ့ အထိမ်းအမှတ် သက်ကြီးတပ်ဖွဲ့ဝင်များကန်တော့ပွဲနှင့် ထူးချွန်ကြက်ခြေနီများ ထပ်ဆင့်ဂုဏ်ပြုအခမ်းအနားကို မေ ၈ ရက်နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ်ကြက်ခြေနီအသင်းအတွင်းရေးမှူး ဦးချစ်ဆွေက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌထံမှ ပေးဖို့လာသော သဝဏ်လွှာအား ဖတ်ကြားပြီး နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှလှကြည်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှလှကြည်က ထူးချွန်ကြက်ခြေနီဆုရရှိသူ တပ်စုမှူး မေပုလဲအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး လယ်ဝေးမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက သူနာပြုစွမ်းရည်များကို အဖွဲ့လိုက် လက်တွေ့သရုပ်ပြသကြသည်။

ယင်းနောက် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး မျိုးသန်းဝင်းက သူနာပြုစွမ်းရည်ပြသကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ရာ တပ်ဖွဲ့ဝင်များကိုယ်စား တပ်စုမှူးမေပုလဲနှင့် တပ်ကြပ်ကြီး မျိုးမင်းဇော်တို့က လက်ခံကြပြီး တက်ရောက်လာသူများက သက်ကြီးတပ်ဖွဲ့ဝင်များအား ကန်တော့ကြသည်။

သန့်မောင်(ပြန်/ဆက်)

ဘောက်ချာမပေးဘူးလား

à အေးမိုစံ

အခုတစ်လော အိမ်ထမင်းအိမ်ဟင်း စားရတယ် မရှိဘူး။ အပြင်မှာပဲစားဖြစ်တယ်။ ကြွားတာမဟုတ်ပါ။ တိုက်ဆိုင်လို့ပြောပြတာပါ။

ပြီးခဲ့တဲ့နှစ်ရက်လောက်က ဧည့်သည် တစ်ယောက်ကို ညစာဖိတ်ကျွေးဖြစ်လို့ စားသောက်ဆိုင်ကြီးတစ်ခုကို ရောက်ခဲ့သေးတယ်။ အဲသည်နေ့က ငွေရှင်းတော့ ဘောက်ချာစာရွက်လေးနဲ့ ကျသင့်ငွေကိုလာပြတယ်။ ငွေပေးလိုက်တော့ ဘောက်ချာပြန်ယူသွားတယ်။ နောက်တစ်ခေါက် ငွေလာအမ်းပေးတော့ ဘောက်ချာပြန်မယူလာဘူး ။ 'ဘောက်ချာမပေးဘူးလား' ဆိုမှ ' ခဏစောင့်ပါအုံးတဲ့' ဘာတွေလဲမသိ။ အတော်ကြာတဲ့ထိမရတော့ ကောင်တာထိလိုက်သွားပြီး ဘောက်ချာ တောင်းရတယ်။ငွေရှင်းပေးပြီးသွားတဲ့ ဘောက်ချာတစ်ရွက်ကို ဘာတွေလုပ်နေလို့ ချက်ချင်းပြန်မပေးနိုင်ရတာလဲ။ ဘယ်လောက်ကျသလဲမေးတော့ ဘောက်ချာယူလာပြပြီး ငွေရှင်းပေးပြီးတော့ ဘောက်ချာပြန်မပေးတာကရော ဘာသဘောပါလိမ့် အခြားသူတော့မသိ ကျွန်မရဲ့ပြဿနာက ပိုက်ဆံကိုသုံးပြီးရင် ပြန်မမှတ်မိတတ်တော့ ဘောက်ချာလေးတွေက ကျွန်မဘာသုံးထားတယ်ဆိုတဲ့ အထောက်အထားလေးတွေပါပဲ။ ဆိုလိုတာက ကျွန်မအတွက် ဘောက်ချာလေးတွေက အရေးပါတယ်လို့ ပြောချင်တာပါ။

ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ကိစ္စများမြောင် လူတို့ဘောင်၏ လူမှုရေးကိစ္စများ တာဝန် ကျေပွန်ရေး အတွက် အင်းစိန်ဘက်ကိုသွားဖြစ်တယ်။ အပြန်မှာ နေ့လည် ၁ နာရီခွဲနေပြီဆိုတော့ ဗိုက်ဆာတာနဲ့ လမ်းသင့်တဲ့ တောင်ဥက္ကလာပမြို့နယ်ထဲက Super Market ကြီးတစ်ခုထဲမှာဖွင့်ထားတဲ့ ထမင်းဆိုင်တစ်ခုမှာ ထမင်းဝင်စားဖြစ်တယ်။ စားပြီးလို့ ငွေရှင်းရအောင် ဆိုတော့ စားပွဲထိုးလေးတစ်ယောက် ရောက်လာပြီး ကောင်တာဆီကို သွားတယ်။ ခနကြာတော့ပြန်လာပြီး ကျပ် ၈၄၀၀ ကျပါတယ်လို့ ပြောတယ်။ ဒါနဲ့ သူလက်ထဲမှာ ဘောက်ချာစာရွက်ပါလားဆိုပြီး မေးမိတယ် 'ဘောက်ချာမပေးဘူးလား ' ဆိုတော့မှ 'ရပါတယ်' ဆိုပြီး ကောင်တာဆီပြန်သွားပြန်တယ်။ ငါးမိနစ်လောက်ကြာမှ ပြန်ရောက်လာပြီး ဘောက်ချာစာရွက်ပေးတယ်။ ကြည့်လိုက်တော့ ကျသင့်ငွေက ကျပ် ၈၈၀၀ ဖြစ်နေတယ်။ ခုနကသူပြောတော့ ကျပ် ၈၄၀၀ အခုက ကျပ် ၈၈၀၀ ဆိုတော့ ဘာလို့ပါလိမ့် ။ ဘောက်ချာကိုသေချာပြန်ကြည့်မိတော့ ကျွန်မတို့စားတဲ့စုစုပေါင်း ကျသင့်ငွေက ၈၀၀၀၊ Service Charges က ၄၀၀၊ Commercial Tax က ၄၀၀၊ ဆိုတော့ ၈၈၀၀ ဖြစ်နေတယ်။ ဒါနဲ့ ကျွန်မက 'ဘောက်ချာကတောင်းမှပေးတာလား၊ ဒါဆို ဆိုင်မှာစားတဲ့စားသုံးသူ အကုန်လုံးဆီကနေ Commercial Tax မယူဘဲ ဘောက်ချာတောင်းတဲ့ စားသုံးသူဆီကနေဘဲ Commercial Tax ယူတာပေါ့ ဟုတ်လား" လို့ မေးတော့ စားပွဲထိုးလေးက ဘာပြောရမှန်းမသိဘဲ 'အင်း အဲလိုမဟုတ်ပါဘူးတဲ့' ဆက်ပြောနေရင် အခြေအတင်နဲ့ အချိန်ကုန်ရအုံးမယ် သွားစရာလေးကလည်းရှိနေလို့ ဆက်မပြောတော့ဘဲ ကျသင့်ငွေကိုရှင်းပေးပြီး ထွက်လာခဲ့လိုက်တယ်။ အခုစားခဲ့တဲ့ ထမင်းဆိုင်ကရုံးကုန်မြို့မှာ နာမည်ကြီးပြီး ဆိုင်ခွဲတွေအများကြီးဖွင့်ကာ အောင်မြင်နေတဲ့ ဆိုင်တွေထဲမှာပါတဲ့ ဆိုင်တစ်ဆိုင်ပါ။ လမ်းဘေးက ဆိုင်မဟုတ်ပါ။

> **အခုတော့ပေါ့ပေါ့လေးနေ၍ မရတော့ပါ။ ကျွန်မတို့ ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာ ပူးပေါင်းကူညီဆောင်ရွက်မှ ကျွန်မတို့နိုင်ငံ ...**

အရင်ကဆို ကျွန်မ ဘောက်ချာပြန်တောင်းလေ့မရှိပါ။ ကျသင့်ငွေကို ပြောတဲ့အတိုင်းရှင်းပေးလေ့ရှိပါတယ်။ မှတ်မှတ်ရရ တစ်နေ့မှာ ကျွန်မမိတ်ဆွေတစ်ယောက်နဲ့ ဒီနေ့စားတဲ့ဆိုင်ကြီးရဲ့ ကမာရွတ်မြို့နယ်ကဆိုင်ခွဲမှာ ထမင်းစားတော့ သူကထောပတ်ထမင်းတစ်ပွဲစားတယ်။ ကျွန်မက ပါဆယ်ယူမယ်ဆိုပြီးပြောလိုက်တယ်။ ရှောက်ချိုသီးဖျော်ရည် တစ်ခွက်မှာတယ်။ ငွေရှင်းပြီးတော့ မှားနေတယ် ထင်တာနဲ့ ဘောက်ချာပေးပါလို့ တောင်းလိုက်တယ်။ ဘောက်ချာမှာ ထောပတ်ထမင်းသုံးပွဲလို့ ရေးထားတယ်။ တို့ကတစ်ပွဲစားပြီး တစ်ပွဲပါဆယ်ယူတာလေဆိုတော့ သူတို့က ပါဆယ်နှစ်ပွဲလုပ်မိတယ်ပြောတယ်။ စားပွဲမှာ ကြည့်လိုက်တော့ ဖော့ဘူးကနှစ်ဘူး အေးအေး ဒါဆိုလည်း နှစ်ပွဲစလုံးယူလိုက်မယ်ဆိုပြီး ငွေရှင်းပေးလိုက်တယ်။ ကျွန်မ မိတ်ဆွေကို တစ်ဘူးပေးလိုက်မယ်ဆိုပြီး အပေါ်ကဘူးကို မလိုက်တော့ ပေါ့နေတာနဲ့ ဖွင့်ကြည့်လိုက်တော့ ကြက်သားဟင်းကတစ်ဘူး၊ ထမင်းကတစ်ဘူးဖြစ်နေတယ်။ ထောပတ်ထမင်းတစ်ပွဲထဲကို ဟင်းတစ်ဘူး၊ ထမင်းတစ် ဘူးခွဲထည့်ထားတာဖြစ်နေတယ်။ အဲတော့မှ သူတို့ကိုခေါ်ပြီးပြောတော့မှ သူတို့က တစ်ပွဲစာကို ငွေပြန်အမ်းပေးလိုက်တယ်။ အဲဒီနောက်ပိုင်း အဲဒီဆိုင်မှာစားရင်း သတိထားပြီး ဘောက်ချာတောင်းမိတယ်။ တစ်ခါတည်းမဟုတ်ပါ နောက်တစ်ခါကလည်း မမှာတဲ့ဟင်းပွဲကိုထည့်ပြီး ငွေတောင်းထားတာတွေ့ရပါသေးတယ်။ အဲလိုဆိုလို့ လည်းရှောင်လွှဲလို့မရပါ ထမင်းဆိုင်ကလည်း ကောင်းကောင်းမှ မရှိပေဘူးကိုး။ ဘောက်ချာပြန်မတောင်းမိတဲ့ အကြိမ်များစွာမှာ ဘယ်လောက်တောင်များ မှားထားကြလေသနည်း။

ဘောက်ချာမတောင်းဘဲ ငွေရှင်းမယ်ဆို ကျပ် ၈၄၀၀၊ ဘောက်ချာတောင်းရင် Commercial Tax ကျပ် ၄၀၀ ထပ်ဆောင်းပေးရမယ်။ ယခင်ကတော့ ဘောက်ချာပေးသည် မပေးသည်ကို ကျွန်မဂရုမစိုက်ပါ။ စားသောက်ဆိုင်များမှ စားသုံးသူများဆီမှ Commercial Tax ကိုတောင်းပြီး အမှန်တကယ် အခွန်ရုံးကိုမပေးသည်များကိုလည်း ကျွန်မတို့ မစိစစ်နိုင်ပါ။ သို့သော် အခုတော့ ပေါ့ပေါ့လေးနေ၍ မရတော့ပါ။ ကျွန်မတို့ ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းကူညီဆောင်ရွက်မှ ကျွန်မတို့နိုင်ငံ တိုးတက်မှာပါ။ ကျွန်မလည်း ပြည်သူတစ်ယောက်အနေဖြင့် မိမိနိုင်သည့် အခန်းကဏ္ဍမှ နိုင်ငံသားတိုင်း မိမိတို့၏ အသိစိတ်ဓာတ်ရှိစွာဖြင့် အခွန်ပေးရေးကို တာဝန်ကျေပွန်စွာဆောင်ရွက်ချင်ပါသည်။ စီးပွားရေးလောကတွင်အောင်မြင်နေသော ပုဂ္ဂိုလ်များကို အားကျမိပါသည်။ အခွန်များစွာထမ်းဆောင်ကြသော လုပ်ငန်းရှင်ကြီးများကိုလည်း လေးစားမိပါသည်။ အများကြီးတော့ မပြောချင်ပါ။ ကျွန်မစဉ်းစားမိသည်မှာ ယခုလို အောင်မြင်နေသော စားသောက်ဆိုင်ကြီးများနှင့် ထမင်းဆိုင်ကြီးများက အခွန်ဆောင်ရမည်ကို ကြောက်ပြီး ဘောက်ချာကိုတောင်းမှ ပေးကြမှာလား။

ကော့သောင်း(၈၈)မျိုးဆက်ငြိမ်း/ပွင့်အဖွဲ့အစည်း သောက်ရေသန့်များလိုက်လံလှူဒါန်း

ကော့သောင်း မေ ၉

ကော့သောင်း (၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ မေ ၆ ရက် နံနက်ပိုင်း က ဘုန်းတော်ကြီးကျောင်းများနှင့် ကော့သောင်းမြို့ ပေါ်ရပ်ကွက်များသို့ သောက်ရေသန့်များ လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝှမ်း မြို့ပြနှင့် ကျေးလက်ဒေသပြည်သူများ သောက်သုံးရေ အခက်ကြုံလျက်ရှိရာ ကော့သောင်းမြို့နယ် ကျေးလက်တောရွာများနှင့် ဆင်ခြေဖုံးရပ်ကွက်ရှိ ပြည်သူများသည် သုံးရေထက် သောက်ရေသန့် ပိုမိုအခက်တွေ့လျက်ရှိသဖြင့် ကော့သောင်း (၈၈) မျိုးဆက်အဖွဲ့ဝင်များ၊ ဒေသခံ မေတ္တာစက်ဝန်းပရဟိတ အဖွဲ့ဖြင့် ပူးပေါင်းကာသောက်ရေအခက်တွေ့လျက်ရှိသည့် ကော့သောင်းမြို့ ပေါ်ဘုန်းတော်ကြီးကျောင်းများနှင့် ဆင်ခြေဖုံးရပ်ကွက် ပြည်သူများသို့ ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီးများအား မော်တော်ယာဉ်များဖြင့် လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ကျွန်းလှတွင် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်း တိုးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

ကျွန်းလှ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင်အသစ်ထုတ်ပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်းကို မေ ၇ ရက်က ရွှေကျွန်းမြေခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် အသစ်လျှောက်ထားသူများအား ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး ဆိုင်ကယ်မောင်းနှင်မှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးခြင်းကို ရွှေဘိုခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနတို့ ပူးပေါင်းပြီးဒေသခံပြည်သူများအား နှစ်ရက်ကြာ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

သောက်သုံးရေကောင်းရှားပါးသည့် သဲတောလေးကျေးရွာသို့ သောက်ရေသန့်များပေးပို့လှူဒါန်း

မိတ္ထီလာ မေ ၉

မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာအုပ်စုရှိ သောက်သုံးရေကောင်း ရှားပါးသည့် သဲတောလေးကျေးရွာသို့မေ ၇ ရက် နံနက် ၉ နာရီက ဒေသခံ လူမှုကူညီရေးအဖွဲ့တစ်ခုဖြစ်သည့် အဖြူရောင်ကွန်ရက်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမိုးနှင့် အဖွဲ့ဝင်များ စုပေါင်း၍ သောက်ရေသန့်ဘူးများ သွားရောက်ပေးပို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

"သဲတောလေးကျေးရွာမှာ အိမ်ခြေ ၉၈ အိမ်နဲ့ လူဦးရေ ၂၅၈ ဦးရှိပြီးတော့ သုံးရေအတွက် အဝီစိတွင်း ၁၀ တွင်း လောက်ရှိပါတယ်။ သောက်ရေအတွက်က ရေငန်ပဲထွက်လို့ သောက်သုံးရေသန့် လာရောက်လှူဒါန်းတဲ့ လူတွေလာမှ ရေချိုကို သောက်ရပြီး လှူဒါန်းမယ့်သူမရှိရင်တော့ ရေငန်ပဲ သောက်ရတယ်လို့ သိရတယ်။

"ဒါကြောင့် ကျွန်တော်တို့ အဖြူရောင်ကွန်ရက်အဖွဲ့အနေနဲ့ သဲတောလေးကျေးရွာဒေသခံတွေ သောက်သုံးရေသန့် သောက်နိုင်ပါစေဆိုတဲ့ စေတနာအရင်းခံပြီးတော့ အခုလို လာရောက်လှူဒါန်းတာ ပါ။ သောက်ရေ ၂၀ လီတာဘူးကြီး စုစုပေါင်း ၂၀၀ ဘူး လှူဒါန်းတာပါ" ဟု အဖြူရောင်ကွန်ရက်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမိုးက ပြောသည်။

သဲတောလေးကျေးရွာသို့ မိတ္ထီလာနယ်ခံ လူမှုရေးကူညီရေးအသင်းအဖွဲ့များ၊ တစ်ဦးတည်း အလှူရှင်များက သောက်သုံးရေသန့်များကို မကြာခဏ ပေးပို့လှူဒါန်းလျက်ရှိသော်လည်း သုံးရက်တစ်ကြိမ်ခန့် သောက်ရေသန့် လှူဒါန်းသူရှိမှသာ ကျေးရွာဒေသခံများအတွက် သောက်ရေအတွက် အဆင်ပြေပြီး လှူဒါန်းသူမရှိပါက ကျေးရွာမှ ထွက်ရှိသည့် ရေငန်ကိုသာ မကျိုမချက် သောက်သုံးရသည်ဟု ဒေသခံများက ပြောသည်။

သဲတောလေး ကျေးရွာနှင့် တစ်ဖာလုံ ခန့်ကွာဝေးသည့်နေရာတွင် သဲတောလေးချောင်းရှိပြီး ယင်းချောင်းအနီးတွင် သောက်ရေတွင်းတူးဖော် လှူဒါန်းမည့်သူရှိပါက ကျေးရွာ၌ သောက်သုံးရေ ကောင်းကောင်း ရရှိရေးအတွက် အဆင်ပြေမည်ဖြစ်ရာ ရေတွင်းတူး လှူဒါန်းပေးမည့်သူများကို ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ကျွန်တော်နှင့် ရေခပ်ချိန်

à ကိုရွှေမိုး

တစ်နိုင်ငံလုံးရေရှားပါးမှု ဒဏ်ခံနေရသည်။ ပဲခူးမြို့လည်း အောက်ရေဆုပ်လာသဖြင့် ရေအထွက်က သိသိသာသာ နည်းလာသည်။ ရေတစ်ခါတင်တိုင်း နာရီတော်တော်ကြာ မောင်းတင်နေရသည်။ ပဲခူးမြို့သစ်ဖက်က ပေ ၇၀ တွင်းများ ရေလုံးဝမထွက်တော့။ နီးစပ်ရာ အိမ်နားနီးချင်းများက ရေမျှဝေကြသည်။ ရေပြတ်တဲ့ဒဏ် ခံနေရသော အခြားဒေသများနှင့် စာလျှင်တော့ မပြောသာသေးပါ။ ရေနှင့်မီးက ဆက်စပ်ပါတ်သက်မှုရှိသည်။ ပဲခူးမြို့လျှပ်စစ်မီးအားက မကောင်းပါ။ အဝင်က ၁၂၀ ဗို့သာသာရှိသည်။ ကျွန်တော်နေတဲ့ အမှတ်(၆)ရပ်ကွက် ကညနရုံးနှင့်အစိုးရသစ်ဆိုင်ထောင့်က ထရန်စဖော်မာ အသေးမှအကြီးလဲလိုက်ပြီးမှပိုဆိုးသွားသည်ထင်သည်။ ကညနရုံး အနောက်ဘက်ရပ်ကွက်က ထရန်စဖော်မာနှင့် နီးနေသော်လည်း မီးအားကမကောင်းပါ။ လေအေးပေးစက်ပင် အလုပ်မလုပ်တော့သဖြင့် ပန်ကာလေနှင့် နှစ်ပါးသွားနေရသည်။

လျှပ်စစ်မီး အဝင်ကို မီးအားမြှင့်စက် ဒိုင်ခွက်တွေကြည့်လိုက်ရင် မြင်းတစ်ကောင်ခုန်နေသလိုမြင်ရသည်။ ဗို့အဝင်အထွက်ပြ ဒိုင်ခွက်မှာ ချက်ခြင်းထိုးကျသွားပြီးချက်ခြင်း ပြန်တက်နေသည်။ မီးအားမြှင့်စက်က တတီတီအော်နေသည်။ မီးအားမြှင့်စက်ကို ပြေးတင်ပြေးချနေရသည်က အလုပ်တစ်ခုဖြစ်သည်။ မတော် လျှပ်စစ်အပူလွန်ပြီး မီးလောင်ရင်မခက်လား။ ကိုယ့်တစ်အိမ်ထဲ လောင်ရင်ပြဿနာမရှိ။ ကိုယ်ပဲဆုံးရှုံးမှုဖြစ်မည်။ တစ်ရပ်ကွက်လုံးမီးလောင်ရင် အများဆုံးရှုံးနိုင်သည်မဟုတ်လား။ မြို့သစ်ကလူများ နေ့ခင်းဖက် မီးအားမကောင်းသဖြင့် ညဖက်မှမီးအားအဝင်ကိုကြည့်ပြီး ရေစောင့်မောင်းနေကြရသည်။ ပန်နှင့် ရေစုပ်တင်ကြသူများ ရေမထွက်တော့သဖြင့် ရေစုပ်စက်ကြီးများ ပြောင်းလဲတပ်ဆင်ကြသည်။

ရေစုပ်မော်တာက မီးအား အဝင်မကောင်းလျှင် ရေမောင်းလို့မရ။ ၁၅၀ အဝင် မီးအားလောက်ရှိမှ ရေတင်လို့ရသည်။ ညဖက် လျှပ်စစ်မီးလူသုံးနည်းသောအချိန် ၁ နာရီ၊ ၂ နာရီဆို မီးအား ၁၈၀ လောက်ရှိပြီဖြစ်သည်။ သည်အချိန် ဝီရိယစိုက်ကာ ထပြီးရေတင်ကြသည်။ ညဖက် ရေမတင်မိလျှင် တစ်နေကုန်အောင်ရေတင်လို့မရတော့ပါ။ ကျွန်တော့အိမ်ကတွင်း အနက်ပေ ၉၀ ဖြစ်သည်။ အုတ်ရေကန်က ခြောက်ပေ ငါးပေအကျယ်ဖြစ်သည်။ ရေအကျနည်းသွားသည်မှလွဲ၍ ရေမပြတ်သေးသည်မှာ ကံကောင်းသည်။ ဒါပေမယ့် အရင်ကရေတင်လျှင် တစ်နာရီလောက်သာကြာမည်ဖြစ်ပေမယ့် အခုအောက်ရေဆုတ်လာသောအခါ ရေတစ်ခါမောင်းတင်လျှင် အုတ်ရေကန်ပြည့်ရန် နှစ်နာရီခွဲလောက်ကြာအောင် နေ့စဉ်မောင်းရသည်။ ရပ်ကွက်ထဲရေပြတ်နေသူများရှိသဖြင့် ကျွန်တော်ရေလျှူသည်။ အိမ်နီးနားချင်းရေတူးထားပြီး ရေမထွက်တော့တဲ့သူများနှင့် ရေမတူးထားသူအားလုံးကို နေ့စဉ်လျှူသည်။ ကျွန်တော့လို ရေလျှူနေကြသူများ အခြားလမ်းများမှာလည်း ရှိသည်။ တစ်ရပ်ကွက်ထဲမှာ နေကြသူများဖြစ်လို့ ကြားသိနေရသည်။

ကျွန်တော်ရေလျှူသဖြင့် ရေလိုသူများ လာခပ်သုံးကြလိမ့်မည်။ ကျွန်တော် ဒါပဲတွေး၍ ဒါပဲသိသည်။ အမှန်ကရေလျှူရာတွင် ပြဿနာရှိကြောင်းနှင့် ကျွန်တော်ကဲ့သို့ ရေလျှူကြသူများလည်း ပြဿနာကတစ်မျိုးတည်းဖြစ်နေကြောင်း သိလိုက်ရသည်။ ကျွန်တော်ညဖက်ထပြီး ဝီရိယရှိရှိ ရေတင်ခဲ့သည်။ ရေကန်အပြည့် ရေဖြည့်ပေးထားသည်။ ရေခပ်သူများက မနက်ဖက်မှ အလျှိုအလျှိုထွက်လာပြီး ရေခပ်ကြတော့သည်။ ခပ်ကြပါစေပေါ့။ ဒါပေမယ့်ဗျာ၊ အိမ်သုံးဖို့ လျှော်ဖွတ်ဆေးကြောဖို့ နှင့်မိသားစု ရေချိုးရန်ပင် ရေမရှိအောင်ကိုပြောင်သလင်းခါနေပြီဖြစ်သည်။ ဒီနေ့ခင်း မီးအားနှင့် ရေမောင်းလို့မရ။ ကျွန်တော် ပတ်ဝန်းကျင်ကို အသိပေးရသည်။ ရေခပ်ပါ၊ ညဖက် ရေတင်မှ ရေလာခပ်ဖို့ဖြစ်သည်။ ဒါလည်းမအောင်မြင်။ မသိချင်ယောင်ပြီး မနက်ဖက် ရေလာလာခပ်နေသည်။ ရေခပ်ပြီးတိုင်းလည်း အိမ်သုံးဖို့ ရေမကျန်ဖြစ်သည့်ရက်က တစ်ရက်မဟုတ်တော့ပါ။ နောက်ဆုံးရေခပ်ချိန် ဆိုင်းဘုတ် ကျွန်တော်ရေးရသည်။ 'မနက်ဖက် ရေမပေးပါ။ ညဖက်တစ်နာရီနောက်ပိုင်းမှ ရေခပ်ပါရန်' ဟူ၍ဖြစ်သည်။

ကိုယ်က အိပ်ရေးအပျက်ခံပြီးရေတင်ရသော်လည်း ရေယူသူတို့က ကိုယ်ကဲ့သို့ ဝီရိယမရှိဖြစ်နေသော အဖြေကိုရသည်။ ရေခပ်ချိန်သတ်မှတ်လိုက်လို့ ရေယူသူများ တစ်ရက်နှစ်ရက်ကျဲသွားပြီး အခြားရေပေးသူများဖက် လှည့်သွားကြောင်း ကျွန်တော်သိသည်။ သည်အိမ်များလည်း ကျွန်တော့လိုရင်ဆိုင်ရသဖြင့်အချိန်ကန့်သတ်လိုက်ကြောင်း သိရသည်။ ရေအလျှူအကျိုးကို ကျွန်တော်သိသည်။ ကုသိုလ်မရခဲ့လည်း ကျွန်တော်ပေးသုံးမှာဖြစ်သည်။ တစ်ရပ်ကွက်ထဲအတူနေသူတွေဖြစ်ကြလို့ ပေးဝေမျှသုံးရမှာ လူသားကျင့်ဝတ်အဖြစ် ကျွန်တော်မှတ်ယူပါသည်။ ရေယူသုံးစွဲသူများကလည်း လူကျင့်ဝတ်အသိရှိဖို့ လိုသည်။ ယဉ်ကျေးမှုရှိရပေမည်။ ကိုယ့်အလိုတစ်ခုတည်း မကြည့်သင့်။ နိုင်ငံရေးခေတ်စနစ်တွေ ပြောင်းလဲနေပြီဖြစ်သော်လည်း ကိုယ်ကိုယ်တိုင်စနစ်အရွေ့ကို မလိုက်ပါနိုင်လျှင် စနစ်ရဲ့အရသာကို သိရှိခံစားနိုင်မည်မဟုတ်ပါ။ ကိုယ်မကောင်းလျှင် စနစ်ဘယ်လောက်ကောင်းကောင်း ဘဝတွေမပြောင်းလဲနိုင်။ စိတ်ဓာတ်တို့ကို ပြုပြင်ကြရဦးမည်။ ကျွန်တော့အတွက်ကတော့အလုပ်ဖြစ်ခဲ့သည်။ ရေခပ်ချိန် သတ်မှတ်ပေးထားလိုက်လို့ဖြစ်သည်။

> ကိုယ်ကိုယ်တိုင်
> စနစ်အရွေ့ကို
> မလိုက်ပါနိုင်လျှင်
> စနစ်ရဲ့အရသာကို
> သိရှိခံစားနိုင်မည်
> မဟုတ်ပါ။ ကိုယ်မ
> ကောင်းလျှင် စနစ်
> ဘယ်လောက် . . .

ရွှေမော်ဓောဘုရားတောင်ဘက်မုခ်အနီး ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လာ

ပဲခူး မေ ၉

ပဲခူးမြို့ ရွှေမော်ဓောဘုရားတောင်ဘက်မုခ်အနီး ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဆိုသလိုဖြစ်ပွားလျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

သနပ်ပင်လမ်းနှင့် ဆံတော်အတွင်းလမ်းသည် လမ်းဆုံဖြစ်နေပြီး ၎င်းအနီးတွင် ပဲခူးမှရန်ကုန်ဘက်သို့ ပြေးဆွဲနေသော မီနီဘတ်(စ်)များဂိတ်စခန်းသဖွယ်ရှိနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေသည်ဟု ဒေသခံများက သုံးသတ်ပြောသည်။ ၎င်းကားများသည် ယခင်ကထိုနေရာတွင်ဂိတ်ထိုးလေ့မရှိဘဲ ယခုမှ ဂိတ်စခန်းသဖွယ်ပြုလုပ်နေကြောင်း သိရပါသည်။

၎င်းကားများသည် နံနက်မိုးလင်းသည်နှင့်လာရောက်ဂိတ်ထိုးထားကြောင်း ဘုရားသို့ ဝင်ပေါက်မှာလည်းပိတ်နေကြောင်း၊ အခြားမြို့တွင်းလိုင်းကားများနဲ့လည်း ပြည့်နက်လျက်ရှိကြောင်း၊ ဘုရားသွားကျောင်းတက် သက်ကြီးရွယ်အိုးများမှာ လမ်းကိုဖြတ်မကူးရဲလောက်အောင် ဖြစ်နေကြောင်း၊ ၎င်းနေရာသည် မိနီဘတ်(စ်)များ ထွက်၊ ရပ်၊ တင်၊ ချ တောင်ပေးထားတဲ့နေရာမဟုတ်ကြောင်း၊ ပဲခူးတွင် နေ့စဉ် လိုင်းအသီးသီးမှ မီနီဘတ်(စ်) ၁၀၀ နီးပါးခန့် ပြေးဆွဲလျက်ရှိသည်။

ယာဉ်များစနစ်တကျ သွားလာနိုင်ရန် ပြီးခဲ့သော ဖေဖော်ဝါရီလက ပဲခူးခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့များ မြို့နယ်ယကကနှင့်အဖွဲ့များ ယာဉ်ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်သောကြောင့် လမ်းမှာရှင်းလင်းသွားကြောင်း ယခုအခါ ပြန်လည်ရှုပ်ထွေးလျက်ရှိကြောင်း ဒေသခံများက ပြောသည်။

မောင်မောင်အေး(ဥသာမြေ)

ခမောက်ကြီးမြို့အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့ကြား ရပ်ကွက်ချင်းဆက်ပေါက်ပြီ ကတ္တရာလမ်းကွန်ကရစ်ခင်းခြင်းကို မေ ၆ ရက် နံနက် ၈ နာရီက မီးသတ်တပ်ဖွဲ့မှူးဦးသန်းလွင်နှင့် မီးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖတို့သည် မီးသတ်ယာဉ်ဖြင့်လည်းကောင်း ပေါက်ပြီ ကတ္တရာလမ်းအား ပြည်သူများဈေးသွားဈေးပြန်အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ကာ ကွန်ကရစ်လမ်းခင်းဖာပေးခြင်းလုပ်ငန်းများကို တညီတညွတ်တည်းပူးပေါင်းကာ စုပေါင်းအားဖြင့် ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- မောင်မောင်(ခမောက်ကြီးပြန်/ဆက်)

ကူးတို့ခရေးကြီးသဖြင့်ဆန္ဒထုတ်ဖော်

မြင်းခြံ မေ ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ လင့်ကြီးကျေးရွာမှ ပြည်သူများသည် ရေပတ်လည်ဝန်းရံနေသောကျေးရွာဖြစ်သဖြင့် သွားလာရေးအတွက် ရေလမ်းခရီးဖြတ်ပြီးမှ သွားလိုရာသို့သွားလာနိုင်ကြသည်။

လင့်ကြီးကျေးရွာမှ တောင်သူများသည် သယ်ယူစရိတ်ကြီးမြင့်နေမှုလျှော့ချပေးရေး၊ ကူးတို့လေလံစနစ်မှလိုင်းစနစ်ပွင်းလင်းမြင်သာစွာချပေးရေး၊လေလံဥပဒေနှင့်စည်းကမ်းများဖောက်ဖျက်ပြီးတောင်သူများအပေါ် မတရားသဖြင့် ပြုလုပ်နေသောကူးတို့လေလံဆွဲသူများအားထိရောက်စွာ အရေးယူပေးရေးတို့ကို ဆန္ဒထုတ်ဖော်ကြသည်။

ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်ဦးဆောင်သူတစ်ဦးက မိမိတို့စိုက်ပျိုးထွက်ရှိသောပဲ၊ ပြောင်း၊ နှမ်းများကို မြင်းခြံမြို့သို့ လာရောက်ရောင်းချခြင်း၊ လိုအပ်သည့် ဆန်၊ ဆီ၊ ဆားအစရှိသည့် ပစ္စည်းများဝယ်ယူခြင်းတို့တွင် သယ်ယူစရိတ်အဖြစ်ပဲ၊ ပြောင်း၊ နှမ်း၊ ဆန်တစ်အိတ်(အချိန်ပိသာ ၃၀ ခန့်)ကိုရွာမှမြို့အရောက် အနည်းဆုံး ကျပ် ၉၀၀မှ ၁၀၅၀ ကျပ်အထိ ပေးနေရခြင်း၊ မိမိကုန်ပစ္စည်းများကိုရွာရှိစက်လေ့များဖြင့် လွတ်လပ်စွာသယ်ယူခွင့်မရှိခြင်း၊ ကူးတို့လေလံရရှိသူက သယ်ယူခွင့်ရှိပြီး တစ်ခါတစ်ရံကုန်ပစ္စည်းများသယ်မပေးခြင်း၊ ဆိတ်ညံကူးတို့လေလံရရှိသူက ကိုင်တိုင်လုပ်ကိုင်ခြင်းမရှိဘဲ အခြားသူသို့ လုပ်ကိုင်ခွင့်ပေးထားခြင်းတို့ကိုမကျေနပ်၍ ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း ပြောသည်။

လင့်ကြီးကျေးရွာမှ ဆန္ဒထုတ်ဖော်သူများသည် မေ ၄ ရက် နံနက် ၉ နာရီက သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် လေးအိမ်တန်းဆိပ်ကမ်းမှ အမှတ်(၁၈)ရပ်ကွက် ဆန္ဒပြကွင်းသို့ သွားရောက်ပြီး ဆန္ဒထုတ်ဖော်ကြသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပေါက်မြို့ကံစွယ်ကျောင်းတိုက်၌ကလေးငယ်များလိမ္မာရေးခြားရှိစေရန်နှင့် ဘာသာတရားကိုနားလည်စေရန် ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

ပေါက် မေ ၉

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကံစွယ်ကျောင်းတိုက် ဆရာတော် ဦးကေသရက ကြီးမှူးကျင်းပသော တတိယအကြိမ် ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကို ပေါက်မြို့ရွှေပေါက်ပင်ရပ် ကံစွယ်ကျောင်းတိုက်၌ မေ ၇ ရက်က ကျင်းပရာ ဆရာတော်ဦးကေသရက သြဝါဒစကားမိန့်ကြားခဲ့သည်။

သင်တန်းတွင် ထူးချွန်ဆုရှိသူများနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးတို့က ဂုဏ်ပြုဆုများခံမြင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောင်းတိုင်ဆရာတော် ဦးကေသရက "အခုလိုယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးငယ်တွေကို လိမ္မာရေးခြားရှိဖို့ရယ်၊ လူကြီးသူမတွေနဲ့စကားပြောဆိုရာမှာလည်းယဉ်ကျေးဖို့၊ ပြီးတော့ ဘာသာတရားကို နားလည်စေဖို့ပါ။ ဒီလို ယဉ်ကျေးလိမ္မာသင်တန်းဖွင့်တာဟာ အခုဆို သုံးနှစ်ရှိပါပြီ။ ဘုန်းဘုန်းတို့ကပဲ ဦးဆောင်ပြီး သင်တန်းဆရာ ဆရာမ ခုနှစ်ဦးနဲ့ သင်ကြားပို့ချပေးခဲ့တာပါ" ဟု မိန့်ကြားသည်။

အဆိုပါသင်တန်းကို မတ် ၂၃ ရက်မှ မေ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မူလတန်း၊ အလယ်တန်းမှ အထက်တန်းထိ ကျောင်းသားကျောင်းသူ ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြစိမ်းရောင်စီမံကိန်းကျေးရွာများ ရွှေးချယ်ရေး ညှိနှိုင်းစည်းဝေး

သုံးခွ မေ ၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မေ ၂ရက် မွန်းလွဲ ၂နာရီက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုးချဲ့မြစိမ်းရောင် စီမံကိန်းကျေးရွာ စိစစ်ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းနိုင်က စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အခြေခံရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကာ မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာအား ဦးစားပေးအဆင့်အလိုက် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်းရက်တိုသင်တန်းဖွင့်လှစ်

ကလေး မေ ၉

ကလေးခရိုင်အတွင်းရှိ မြေတိုင်း-၅ များအား စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း ရက်တိုသင်တန်းဖွင့်ပွဲကို မေ ၇ ရက် နံနက် ၈ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ဖွင့်လှစ်ပြီး ခရိုင်အတွင်းရှိ ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကလေးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစန်းယုဂ အဖွင့်အမှာစကားပြောကြားပြီး ကလေး၊ ကလေးဝ၊ မင်းကင်း မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ဝန်ထမ်း စုစုပေါင်း ၂၀ တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ပြီး မေ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင်(ကလေး)

jynfolwdkif

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆိုပါဝင်ရေးသားရန်ဖိတ်ခေါ်ပါသည်။သို့သော်ကြမ်းတမ်းပြင်းထန်သောအယူအဆ၊အရေးအသားများကိုမူသတင်းစာ၏မူဝါဒအရဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)

ပြည်သူနှင့်အခွန်(သို့)ပြည်သူများကို သက်ညှာစွာ အခွန်ထမ်းဆောင်ခွင့်ပြုပါ

à (မင်းကံစီ)

'အခွန်နှင့် သေခြင်းတရားသည် ရှောင်လွှဲ၍ မရနိုင်'ဟု ဆိုကြသလို 'မည်သည့်နိုင်ငံအစိုးရမှ အခွန်နှင့် ကင်းလွတ်၍ မရပ်တည်နိုင်'ဟူ၍လည်း ဆိုကြသည်။ ထို့အတူ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အစိုးရဖွဲ့ကာ နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းယူခဲ့သော အစိုးရအဖွဲ့သည်လည်း အခွန်အကောက်ဖြင့်သာ နိုင်ငံဝင်ငွေရှာဖွေ၍ ရပ်တည်သွားမည်ဟု ကြွေးကြော်ထားလေသည်။

နိုင်ငံတော်ပိုင်မြေပေါ်မြေအောက် အဖိုးတန်သယံဇာတများကို ထုတ်၍ ရောင်းချကာ နိုင်ငံ့ဝင်ငွေရှာဖွေ ခြင်းအစား ပြည်သူလူထုထံမှရရှိသော အခွန်အကောက်များဖြင့်သာ ရပ်တည်သွားမည်ဟု အစိုးရအဖွဲ့မှ ပြောဆိုခြင်းကို စာရေးသူသည်လည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ဝမ်းသာလက်ခံကြိုဆိုရပေသည်။ သို့ရာတွင် အခွန်အကောက်ဖြင့် နိုင်ငံဝင်ငွေကို မည်သို့ရှာမည်နည်း။ အခွန်ရရှိစေရန် မည်သို့ဆောင်ရွက်ကြမည်နည်း။ အခွန်ပိုမိုရရှိစေရန် ရည်ရွယ်၍ ပြည်သူလူထုထံမှ အခွန်အကောက်များကို ယခုထက် တိုးမြှင့်၍ ကောက်ခံသွားမည်လော။ သို့တည်းမဟုတ် အခွန်ဆောင်သင့်ဆောင်ထိုက်သော ဝင်ငွေရှိပါလျက် အခွန်တိမ်းရှောင်နေသူ စီးပွားရေးလုပ်ငန်းရှင်များကို ရှာဖွေဖော်ထုတ်၍ အခွန်ရရှိရေးကို ဆောင်ရွက်သွားမည်လော။ သို့တည်းမဟုတ် မိမိ၏ကြီးမားသော လုပ်ငန်းပမာဏနှင့် မဆီလျော်စွာ အခွန်လျော့နည်း၍ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းရှင်ကြီးများ၊ ကုမ္ပဏီကြီးများကို ဖော်ထုတ်၍ ထိုသူများထံမှ အခွန်ကို တိုးမြှင့်ကောက်ခံသွားမည်လော စသည်ဖြင့် စဉ်းစားတွေးတောစရာအပိုင်းက များလှပေသည်။

ထိုအကြောင်းများနှင့်စပ်လျဉ်း၍ ရေးစရာ၊ ပြောစရာများက ခေါင်းထဲပေါ်လာပေသည်။ အခွန်ဝင်ငွေ ရရှိစေရန်အတွက် အခွန်ကောက်ခံရာတွင် အားနည်းချက်နည်းပါး၍ ပြည်ဒုံခိုင်မာသော အခွန်ဥပဒေတစ်ရပ်က မဖြစ်မနေလိုအပ်လှပေသည်။

လက်ရှိကာလတွင် (၁-၄-၂၀၁၆)ရက်မှစ၍ ကျင့်သုံးလျက်ရှိသော ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပါဝင်သည့် ဝင်ငွေခွန်ဥပဒေပါ အခွန်စည်းကြပ်ရန်ဝင်ငွေနှင့် ဝင်ငွေနှုန်းထားများသည် ဝင်ငွေနည်း အခြေခံလူတန်းစားနှင့် လူလတ်တန်းစားအများစုရှိနေသည့် မိမိတို့ နိုင်ငံ ပြည်သူများအတွက် သဟဇာတမဖြစ်သေးဘဲ အံချော်လျက်ရှိနေသေးသည်ဟု ဆိုရပေမည်။ အောက်ခြေပြည်သူလူထုအတွက် ပိုမို၍ ဝန်ထုပ်ဝန်ပိုးကိုဖြစ်စေသည်ဟုလည်း ဆိုနိုင်ပေသည်။ သည့်အတွက် အများပြည်သူတို့နှင့် တိုက်ရိုက်သက်ဆိုင် ထိတွေ့လျက်ရှိနေသော အိမ်ခြံမြေ အစရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ မော်တော်ယာဉ်အစရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ဝယ်ယူခြင်းအတွက် အသုံးပြုသည့် ငွေကြေးအပေါ် ဝင်ငွေရလမ်းစိစစ်ခြင်းနှင့် အခွန်ကျသင့်ခြင်းတို့ကို ကောက်နုတ်၍ တင်ပြလိုပေသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၄ အရ ဝင်ငွေ(တစ်ကျပ်မှ ကျပ်သိန်းသုံးရာအထိ) အခွန် ၁၅ ရာခိုင်နှုန်း၊ ဝင်ငွေ(ကျပ်သိန်းသုံးရာတစ်ကျပ်မှ ကျပ်သိန်းတစ်ထောင်အထိ) အခွန် ၂၀ရာခိုင်နှုန်း၊ ဝင်ငွေ (ကျပ်သိန်းတစ်ထောင့်တစ်ကျပ်အထက်ကို) အခွန် ၃၀ရာခိုင်နှုန်းကျသင့်ပေသည်။

မော်တော်ယာဉ်ဝယ်ယူခြင်းဆိုင်ရာ အခွန်ကဏ္ဍ၌ ပြည်ပမှ တရားဝင်အခွန်ဆောင်၍ သွင်းလာသော မော်တော်ယာဉ်တစ်စီးအား မူလပိုင်ရှင်မည်မှ နောက်တစ်ဦးအမည်ပြောင်းလဲလိုပါက လက်ရှိစနစ်အရ ထပ်မံ၍ အခွန်ထမ်းဆောင်ပြီးမှသာ အမည်ပြောင်းလဲ၍ ရပေမည်။ 'မော်တော်ယာဉ်မှတ်ပုံတင်သောဌာန(ကညန)နှင့် ယာဉ်ပိုင်ရှင်များ အကြားတွင် အခွန်တံတိုင်းက ခြားနားနေပေသည်။

အာရှနိုင်ငံများအတွင်းရှိ မိမိတို့ထက်ဆင်းရဲသော၊ မိမိတို့ထက် ချမ်းသာသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၌ပင် ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းကို ငွေကြေးသက်သာစွာဖြင့် လွယ်ကူစွာပြောင်း၍ရလေသည်။ မိမိ နိုင်ငံမှာကဲ့သို့ အမည်တစ်ခါပြောင်းတိုင်း အခွန်တစ်ခါထပ်မံ၍ ဆောင်ရန်မလိုအပ်ပေ/ (ကန့်သတ်ချက်ရှိသော သိန်းထောင်ချီတန်သော တန်ဖိုးကြီးဇိမ်ခံကားများမှအပ)/ အကြောင်းမှာ အဆိုပါယာဉ်များအား ပြည်ပမှ တင်သွင်းလာစဉ်အချိန်၌ သက်ဆိုင်ရာအစိုးရဌာနများမှ ထိုယာဉ်များအတွက် အခွန်အရပ်ရပ်ကို လုံလောက်စွာကောက်ခံပြီးဖြစ်သောကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ အကျိုးကိုရှေးရှု၍ အခွန်ထပ်မံ၍ မကောက်ခံတော့ခြင်းဖြစ်လေသည်။

မိမိနိုင်ငံ၌မူ မော်တော်ယာဉ်တစ်စီးတည်းကိုပင် ပိုင်ရှင်အမည်တစ်ခါပြောင်းလဲတိုင်း အထပ်ထပ်အခါခါ တန်ဖိုးဖြတ်၍ အခွန်ကောက်ခံသည့်စနစ်ကို ကျင့်သုံးလေရာ နောက်ဆုံး၌ ထိုမော်တော်ယာဉ်သည် ချုံးချုံးကျ၍ သံရည်ကြိုစက်သို့ရောက်သည်အထိ အခွန်ကတော့ ကောက်နေဆဲဖြစ်လေသည်။ ကောက်သည့်အခွန်နှုန်းကလည်း သက်သာချောင်ချိ သောနှုန်းထားမဖြစ်ချေ။ ဥပမာအားဖြင့် ကျပ်သိန်း ၁၀၀ ခန့်တန်သော မော်တော်ယာဉ်တစ်စီးသည် အခွန်အကောက်ဥပဒေ ပုဒ်မ ၂၄ အရ အနိမ့်ဆုံးနှုန်းဖြစ်သည့် အခွန် ၁၅ ရာခိုင်နှုန်းဖြင့် တွက်ချက်လျှင်ပင် အခွန်က ကျပ်ငွေတစ်ဆယ့်ငါးသိန်းခန့် ကျသင့်ပေမည်။

အမှန်ပြောရလျှင် ထိုစနစ်သည် နိုင်ငံတော်အတွက် အခွန်ရသည်မှန်သော်ငြား ပြည်သူများအတွက် နစ်နာ၍ အံ့ချော်နေသော အခွန်စနစ်တစ်ခုသာဖြစ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လျှော့ပေါ့ပေးသင့်သလို ပယ်ဖျက်သင့်သော အခွန်တစ်ရပ်လည်းဖြစ်ပေသည်။ သို့ရာတွင် နိုင်ငံတော်အတွက် မဖြစ်မနေ လိုအပ်ပါ၍ အခွန်ကောက်ရသည်ဟု ဆိုလျှင်လည်း လက်ရှိနှုန်းထားများထက် သက်သာသောနှုန်းထားများဖြင့်သာ ပြည်သူကို သက်ညှာစွာအခွန်ထမ်းဆောင်ခွင့်ပြုသင့်ပေသည်။

ထိုနည်းတူ အိမ်ခြံမြေဝယ်ယူခြင်းဆိုင်ရာ အခွန်ကဏ္ဍတွင်လည်း အခွန်အကောက်ဥပဒေ ပုဒ်မ ၂၄ အရ အခွန်ဇယားပါ နှုန်းထားများသည် သာမန်ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော အခွန်နှုန်းထားများ ဖြစ်လေသည်။ ဥပမာအားဖြင့် သာမန်ပြည်သူ တစ်ယောက်သည် မိမိချွေးနည်းစာဖြင့် ကျပ်သိန်းတစ်ရာမြေကွက် တစ်ကွက်ကို ဝယ်ယူခဲ့သည်ဆိုပါစို့။ ထိုသူသည် အခွန်ထမ်းမဖြစ်သေးသူ၊ အခွန်ထမ်းဆောင်ရန် ဝင်ငွေနှင့် သတ်မှတ်ချက်များ မပြည့်မီသေးသော အသေးစားလုပ်ငန်းရှင်တစ်ဦးဖြစ်သည်ဆိုပါစို့။ မည်မျှပင် သမာအာဇီဝဖြင့် ဖြူစင်စွာ လုပ်ကိုင်ခြင်းမှ ရရှိသည့်ဝင်ငွေဖြစ်သော်လည်း ထိုမြေကွက် ဝယ်ယူခြင်းအပေါ် သူ့ထံ၌ ဝင်ငွေရလမ်း ပြသရန်အတွက် အခွန်ဆောင်ထားသည့်ဝင်ငွေ(ငွေဖြူ)လည်း မရှိသဖြင့် တည်ဆဲအခွန်အကောက်ဥပဒေအရ အခွန် ၁၅ရာခိုင်နှုန်း ဆောင်ရမည်ဖြစ်လေသည်။ ပြီးလျှင် (မဖြစ်မနေ) စာချုပ်စာတမ်းချုပ်ဆိုရန်အတွက် တံဆိပ်ခေါင်းခွန် ၅ ရာခိုင်နှုန်းက ထပ်မံ၍ အခွန်ထမ်းဆောင်ရဦးမည်ဖြစ်လေသည်။ အခွန်ဌာနတစ်ခုတည်းမှာပင် ဝယ်ရင်းတန်ဖိုး သိန်းတစ်ရာအတွက် စုစုပေါင်းအခွန်က ၂၀ ရာခိုင်နှုန်းကျသင့်လေရာ အခွန်ငွေအဖြစ် ကျပ်သိန်း ၂၀ ထမ်းဆောင်ရမည်ဖြစ်လေသည်။

ထိုသို့အခွန်ထမ်းဆောင်ပြီး၍ ပြီးပြီထင်ပါသလော။ မပြီးသေးပါ။ ကျန်ဆက်စပ်ဌာနများ ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်ချုပ်ဆိုခများ၊ မှတ်ပုံတင်ခများ ထပ်မံ၍ ပေးသွင်းရဦးပေမည်။ ထိုတစ်ဆင့်ပြီးလျှင် ရန်ကုန်မြို့တော်စည်ပင်၌ ဂရမ်အမည်ပြောင်းလဲခများ၊ ပိုင်ရှင်အမည်ပြောင်းလဲကြောင်း သတင်းစာကြော်ငြာခများ အစရှိသဖြင့် အခွန်အခအရပ်ရပ်ကို ထပ်မံပေးသွင်းပေးရဦးမည်။ ရုံးဌာနများသို့သွား၍ ကိုယ်တိုင်မလုပ်နိုင်လျှင် ရှေ့နေခက အနည်းဆုံး ကျပ်သုံးသိန်းအထက် ထပ်မံ၍ ကုန်ကျပါဦးမည်။

အားလုံးစုပေါင်းလိုက်လျှင် ကျပ်သိန်းတစ်ရာခန့်တန်သော မြေကွက်အိမ်ကို ဝယ်ယူခဲ့သော ပြည်သူ တစ်ယောက်သည် ဝန်ကြီးဌာနသုံးခုတွင် အခွန်အရပ်ရပ်အတွက် စုစုပေါင်းအနည်းဆုံး ၂၃ ရာခိုင်နှုန်းအထက် ကုန်ကျပေးဆောင်ခဲ့ရပေသည်။ အခွန်ဌာနနှင့် ဆက်စပ်နေသည့် ဌာနအားလုံးသည် အစိုးရဌာနများသာဖြစ်လေရာ ပြည်သူအနေဖြင့် ဘယ်ဌာနက ကောက်ခံသည်က အခွန် (Tax)၊ ဘယ်ဌာနက ကောက်ခံသည်က အခ (Fee) ဟူ၍ ခွဲခြား မသိကြပေ။ သူတို့ငွေကြေးကုန်ကျတာသာ သိပေသည်။ အခွန်ဥပဒေတစ်ရပ်ရေးဆွဲရာတွင် ဘေးနံဆက်စပ်ဌာနများမှ ကောက်ခံသည့် အခွန်အခများနှင့်လည်း ချိန်ထိုး၍ ပြည်သူများ၏အကျိုးအတွက် ရေးဆွဲသင့်ပေသည်။

> **အောက်ခြေပြည်သူလူထုအတွက် အခွန်ကိုသက်သာချောင်ချိစွာ ဆောင်ရွက်နိုင်ရေးကိုရှေးရှုလျက် သိန်းဆယ်ဂဏန်း၊ သိန်းရာချီဝယ်ယူနိုင်သည့် အိမ်ခြံမြေဝယ်ရောင်းလုပ်ငန်းရှင်များနှင့် စီးပွားရေး . . .**

အကြံပြုလိုသည်က အောက်ခြေပြည်သူလူထုအတွက် အခွန်ကိုသက်သာချောင်ချိစွာဆောင်နိုင်ရေးကိုရှေးရှုလျက် သိန်းဆယ်ဂဏန်း၊ သိန်းရာချီဝယ်ယူနိုင်သည့် အိမ်ခြံမြေကဏ္ဍတွင် 'အခွန်နှုန်းမြှင့်၍ အခွန်များများဖြင့် လူနည်းနည်းကို ကောက်ခံနိုင်သည့်စနစ်' ထက် 'အခွန်နှုန်းကို လျှော့ချ၍ အခွန်နည်းနည်းဖြင့် လူများများကို ကောက်ခံနိုင်သည့်စနစ်' သို့ ပြင်ဆင်ကူးပြောင်း၍ အခွန်ကောက်ခံသင့်ပေသည်။ ငွေကြေးခဝါချခြင်းသည် အိမ်ခြံမြေဈေးကွက်တစ်ခုတွင်သာ ရှိနိုင်ခြင်း မဖြစ်နိုင်သည်ကိုတော့ တာဝန်ရှိသူလူကြီးမင်းများ အလေးထားစဉ်းစား သင့်ပေသည်။

အချုပ်ဆိုရလျှင် '၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၉)အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်' ဟု ဆိုသည့်အတိုင်း ပြည်သူများအနေဖြင့် တာဝန်သိသိဖြင့် အခွန်ထမ်းဆောင်နိုင်ရန်အတွက် 'ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ' စကားနှင့် အညီ ၂၀၁၆ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်လျှော့ချ ပေးခြင်းဖြင့် ပြည်သူများကို သက်ညှာစွာအခွန်ထမ်းဆောင်ခွင့်ပြုပါရန် နိုင်ငံနှင့် ပြည်သူအကျိုးကို မျှော်ကိုး၍ တိုက်တွန်းရေးသားရပါသည်ခင်ဗျား။

ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကြီးမှူး၍ ၂၀၁۶ ခုနှစ်ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

မန္တလေး၊ မေ ၉

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၁۶ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁۶)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာဘဉ်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်နှင့် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး (၂၈) မြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့တပ်ခွဲမျှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှ ရွှေထံမှ ပေးပို့သော ကမ္ဘာ့ကြက်ခြေနီနေ့သဝဏ်လွှာအား တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က ဖတ်ကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ရတနာပုံလူမှုရေးဆိုင်ရာထူးခွဲနှင့် လက်ရှိထမ်းဆောင်နေသော နှစ် (၄၀) ပြည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ မြို့တော်ဝန် ဒေါက်တာရဲလွင်က စည်းရုံးရေးအကောင်းဆုံး မြို့နယ်ဆုများနှင့် ထူးခွန်ကြက်ခြေနီများအားလည်းကောင်း၊ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့သောကြက်ခြေနီတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဟန်ထွန်းက မဟာသက်ဦးကာလကျန်းမာရေးစောင့်ရှောက်ပေးခဲ့သော မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တက္ကသိုလ်ကြက်ခြေနီအသင်းများအားလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အလျှုရှင်များကမန္တလေးတိုင်းဒေသကြီး ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားတွက် အလျှုငွေများ ပေးအပ်ရာ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

၂၀၁۶ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ 'လူတိုင်းအတွက် အမြဲကူညီ နေရာတိုင်းမှာကြက်ခြေနီ' ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဘဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ လေဘေး၊ မီးဘေးနှင့် ယာဉ်မတော်တဆမှုဖြစ်စဉ်များစသည့် လူမှုဂရုဏာလုပ်ငန်းများတွင် ရှေးဦးပြုစုပေးခြင်း၊ လူနာတင်ယာဉ်ဝန်ဆောင်မှုပေးခြင်း၊ လုထုအခြေပြုကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရေကောင်းရေသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

PHYO TA KHUN Travel and Tours
Phone: 09-250272274, 09-4222107973, 09-5501458
"ခရီးစဉ်ပေါ် မြန်မြည်တစ်ခွင်လို့ မြို့တော်ခွန်အဲ့ ထွားကြီး့"
-ရန်ကုန်-ဘားအံ-မြဝတီ-မဲဆောက် (၂ညအိပ်-၃ရက် ခရီးစဉ်)
-ရန်ကုန်-ကျိုက်ထီ-ဘားအံ ဂူများ(၁ ညအိပ်-၂ရက် ခရီးစဉ်)
-ရန်ကုန်-မော်လမြိုင်-ကျိုကွမ်-စက်စဲ-မဲလံဆံတော် ရှင်း (၁ညအိပ်-၂ရက်)
Address: No.13, 16, 1st Floor, Aung Taw Mu St, Myaynigone,Sanchaung Township, Yangon, Myanmar.
Email: ptktour@gmail.com,Website: www.ptktourmyanmar.com

Modern Myanmar Travels
+ ကျိုထော်ရေတံခွန်၊ ဘားအံ၊ သမိုင်းဆင်ဂူများ(ပေကြီး-ဖား) 35000
+ မြည်း၊ အာကောက်တောင်၊ ခုဂါးရစ် (ဖား-ည) 22000
+ တောင်တြိ၊ အင်းလေး၊ ပင်းတယ၊ ထမိုမင်း Hotel 135000
+ ထားဝယ်ရှင်ကိုးရှင်း၊ ဖောင်းမကန်၊ မျှော်ရစ် Hotel 180000
ကျိုက်ထီးရိုး 10000
ရောင်းသာ Guest 35000 Hotel 50000
ငွေဆောင် Hotel 40000
May 13,20,27
ဂျပ်၊ ဘူဝေလမ်း(အထက်)၊ တေးကက်တံတား 09-450047016,09-253540004

COHABO
ရောင်းသာ/ငွေဆောင်
ဈေးတင်ကြေးပြိမ်း-100000
No-၁၁/၁၃၊ဘုရားဘုန်းတော်ဆရာတော်လမ်း
Ph-09 731 61773
09 516 1773

အာဂနဂါး
Asia Dragon ကျိုက်ထီးမိုး
ရောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ကိုသန့်ဇင်
CAR RENTAL
ကားမီးစုံခေါ်ဆိုစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ဝန်ထမ်းများဆက်သွယ်ပါ။
09-43117680, 09-5059821

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးလိုချင်ဘယ်ခရီးနေရာမဆို၊ လေယာဉ်အတွက် Model ပြင်းထန်၊ မိုးနံ့ထုံ/ဝယ်/ငှားမှုရှိသည်။
ယာဉ်ပိုင်ဝန်ထမ်းများလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
ရန်ကုန်မြို့၊ သယ်နီးကျွန်းမြို့နယ်၊ မေလိမ်အိမ်ရာနေ ဦးခင်မောင်ဦး(2/O, MARINER SHIPPING) -ဒေါ်သက်သက်ဝေတို့၏သား
မောင်ကြည်ဇင်သာ
B.Sc (Hons) (N.S) MMU(Z.T.P SHIPPING)
နှင့်
ရန်ကုန်မြို့၊ သယ်နီးကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၃ ရပ်ကွက်နေ ဦးကျော်ကျော်ဦး (2/E, W.C.T Co.Ltd) - ဒေါ်မိမိခိုင်တို့၏သမီး
မရွှေယမင်းဦး B.Sc(PHYSICS)
(AYA Myanmar Insurance)
တို့သည် ၇-၅-၂၀၁၆ ရက်တွင် နှစ်ဖက်မိဘများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
မောင်ကြည်ဇင်သာ-မရွှေယမင်းဦး

ဒီတိုသုခ
ဝေ-13 ဆရာကယ်၊ ကော်ရတော်ကောင်းမြို့
ကြေကျိုင်ကမ်းခြေအပန်းပြေနှင့် ဂေါ်ရင်ဂျိုကျွန်း ၆ဝဝပ်/-
ဘားအံ၊ ကျုံ့ယော်ရေတံခွန်၊ မြဝတီဘုရားတို့၊ မဲဆောက်၊ ဦးအောင်ဂေယျနှင်း၊ ကုန်ကြီး၊ ခုဂါးရှေ့ကျောင်း မဲဆောက်ရေစု၊ ပယ်တော်ကေးပန်ဖိတ်ရှေ့ ၇ဝဝပ်/-
ဝိုလားမောင်ကုလား ဆောင်ထိုလက်ထပ်သည်

ရှေ့ဒိုးကြီး
ဖြတ်၊ မဲဆောက်၊ ဗဒေါ
ဘားအံဘုရားရိုးနှင့် ကန့်ထော်ရေတံခွန်၊ (၄)ရက်ခရီးဆုံး May-20, 27 ထွက်ဆိုး
Special Pass(Visa)အကုန်ကျစရိတ်(90000Ks)
09-421073634, 09-777636630

ရှေ့အခွယ်တော် ... 09-253522622,09-777445619
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ တောင်ကြီး၊ အင်းလေး ပင်းတယ၊ ကိုလို၊ ကလော ခရီးစဉ် (50000)
* ပုဂံ (ရွယ်တော်လေးဆူ)၊ ညောင်ဦး၊ ဟုမ္ပါ၊ ပခုက္ကူ ခရီးစဉ် (45000)
* ကယားပြည်နယ် လွိုင်ကော်၊ တောင်ကြီးစေတီ၊ ကလော ခရီးစဉ် (45000)
* ကျိုက်ထီးရိုး(နေ့ခင်) (9000) * မော်လမြိုင်၊ ကျိုကွမ်၊ စက်စဲ ခရီးစဉ် (30000)
* ခလွန် (12000) * ပြည်အကောက်တောင် (20000) * ကျိုထော်ရေတံခွန် (30000)

အထူးကျေးဇူးတင်ရှိပါကြောင်း

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ Myanmar Plaza (HAGL)တွင် စတင်ဖွင့်လှစ်လိုက်သော International Skin Spa တစ်ခုဖြစ်သည့် Clarins Skin Spa ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပါသော ဦးအောင်ရှိန်(CEO-Ever Seiko Co.,Ltd & Living Square Co.,Ltd)-ဒေါ်အေးအေးသွယ် (MD-Ever Seiko Co.,Ltd & Living Square Co.,Ltd), Mr.Jean Marie Le Roy [Executive Vice President-North & East Asia (CLARINS)], MS. Marine Lux[Agents Area Manager-Asia(CLARINS)], Ms.Evonne Yap [Regional Skin Spa Trainer (CLARINS)]၊ နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီပြေတီဦး၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ သက်မွန်မြင့်တို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အနုပညာရှင်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို Clarins Skin Spaမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Clarins Skin Spa

လိုနေသူကို ဖေးမကူမို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) IELTS တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၊ဌ၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်ရှိ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် May 14 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ် ဝါကျတည်ဆောက်မှု၊ စာပိုဒ်ပွဲစည်းနည်းနှင့် ချိတ်ဆက်ရေးသား အသုံးအနှုန်းများကို တိတိကျကျ သေသေချာချာ တတ်မြောက်ပြီး
မြန်မာလို အတွေးကို အင်္ဂလိပ်လို တိကျမှန်ကန်စွာ ရေးတတ်ဝေမို့ WRITING သီးသန့် ၊ဌ၊လ အထူး လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတဝှမ်းက သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေမို့ SPEAKING သီးသန့် ၊ဌ၊လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၊ဌ၊လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ ဖြင့်သန္ဓာ Ph.D တွဲဖက် သင်ကြားသည်။
(အမှတ် ၁၈၊ ၅-လွှာ)
အင်းစ၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

ကျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်နိုင်ရန် သင်တန်းသူ အမြန်အလိုရှိသည်။
(A)ကျပန်နိုင်ငံ၊ ရိုးကိုကာမြို့တွင်ရှိသော ဝက်အရောင်းထုတ်လုပ်သည့်စက်ရုံ Nippon Ham Co.,Ltd.တွင် မြန်မာသင်တန်းသူ (၃၀) ဦး အမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ (၇၈၃ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၂) ပျမ်းမျှဝင်ငွေ တစ်လ (၁၃၄၇၀၂ ယန်း) ရရှိမည်ဖြစ်ပါသည်။
(B)ကျပန်နိုင်ငံ၊အိုဆာကာမြို့တွင်ရှိသောအထည်အလိပ်စက်ရုံ Nakagawa Textile Co., Ltd.တွင် မြန်မာသင်တန်းသူ (၂) ဦး အမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ (၈၅၈ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၂) ပျမ်းမျှဝင်ငွေ တစ်လ (၁၄၄၆၄၅ ယန်း) ရရှိမည်ဖြစ်ပါသည်။
(C) ကျပန်နိုင်ငံ၊ အိုဆာကာမြို့တွင်ရှိသော ယက်ကန်းစက်ရုံ Hasuitke Weaving Co., Ltd.တွင် မြန်မာသင်တန်းသူ (၃) ဦး အမြန်အလိုရှိသည်။
(၁) အခြေခံလစာ တစ်နာရီ (၈၅၈ ယန်း) ရရှိမည်ဖြစ်ပါသည်။
(၂) ပျမ်းမျှဝင်ငွေ တစ်လ (၁၄၈၅၅၆ ယန်း) ရရှိမည်ဖြစ်ပါသည်။
အထက်ပါစက်ရုံများအတွက် စာချုပ်သက်တမ်း (၃)နှစ် ဖြစ်ပါသည်။ အသက် (၂၀) မှ (၃၀)နှစ်ကြားဖြစ်ရမည်။
အသေးစိတ်သိလိုပါကကုမ္ပဏီသို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Shine Hill Co.,Ltd (License No.59/2015)
Email:shinehill07@gmail.com

ဖြူး
ရာထူးဝင်ခွင့်သင်တန်း
ခိစစ်ရေးမှူး-၂
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
Assignment ဝယ်ယူနိုင်သည်။
၁၅/F ၊မဟာဘောဂလမ်း၊ မြေနီကုန်း၊ ရန်ကုန်။ ဖုန်း-၀၁၅၁ ၃၇၂၄

MERCEDES BENZ ရောင်းမည် (သိန်း၈၅၀)
အဖြူရောင်၊ ခုံ ၃တန်း၊ 2007 MODEL ၊
ဓါတ်ဆီ၊ ၉C/ ၊ GL 550 ၊
ဆက်သွယ်ရန် ၀၉ ၄၃၀၂၁၀၀၁

အမြန်အလိုရှိသည်
CNG TAXI
ယာဉ်မောင်း(၁)ဦး
DD/ Fielder (အိမ်မပေးပါ)
နံနက် ၆း၀၀နာရီ ည ၈း၀၀နာရီထိ
ဖုန်း-၀၉-၃၂၀၇၅၈၃

မီး သတိပြု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ကဘု၊ မြေကွက်အမှတ်-၁/သ-၁၊ မြေကွက်တည်နေရာအမှတ်(၉) မြရတနာလမ်း၊ (၁၆) ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်းမြို့နယ်၊ (ဒေါ်မမကြည်) အမည်ပေါက် နှစ် (၆၀) မြောင်းဂရန်မြေအား အမည်ပေါက် ဒေါ်မမကြည်ထံမှ အပိုင်ပေးစာချုပ် ၁၉၉၈/၁၉၉၉(၂၇-စ-၁၉၉၉) ဖြင့် ဒေါ်ခင်ပွင့်ဦး၊ ဦးသစ်လွင်တို့မှ ပိုင်ဆိုင်ခဲ့ပြီး ဦးသစ်လွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်အေး(ခ)မြတ်အေးချမ်း(၁/အဂန(နိုင်)၀၂၂၂၀၀၂၈ ဒေါ်ခင်ပွင့်ဦး (၁/ရာန(နိုင်)၅၅၇၀၈၅)နှင့် ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံး လုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြမိတ်ဆွေနှင့် မြေစံခန့်ခွဲရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမေရိကန်ကောလိပ်နှင့်တက္ကသိုလ်များ၊ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) နှင့် စင်ကာပူ၊ထိုင်းအင်ဂျင်နီယာကျောင်းများ၊ ဩစတြေးလျှတက္ကသိုလ်များ၊
အင်္ဂလန်ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာတက္ကသိုလ်များပါဝင်ကာ တက္ကသိုလ်ပေါင်း(၁၀၀)ကျော်၏ သတင်းအချက်အလက်များရယူနိုင်မည့်
"၂၀၁၆ - နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲကြီး"

CROWN EDUCATION
Award Winning Company
27 May(Fri),2016
10:00 am - 2:00 pm
SUMMIT PARKVIEW HOTEL (BALLROOM)
ပွဲတက်ရောက်သူများ ပြိတီသျှကောင်စိန်နှင့် CROWN Education တို့မှ ပေးအပ်မည့် 100% IELTS ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။
Call us : 01 527 838. 09 732 732 77. 09 730 40 688. 09 450 200 080

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ROYAL EMERALD
River View Resort (Bagan)
ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း

နိုင်ငံတော်၏အနာဂတ်ကြယ်ပွင့်များဖြစ်သော ၂၀၁၆ ခုနှစ်၊ အဌမတန်း ဘက်စုံထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း အဖြစ် ဖွင့်လှစ်နိုင်ခြင်းအပေါ် **Royal Emerald River View Resort (Bagan)** မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ၂၀၁၆ ခုနှစ်၊ အဌမတန်း ဘက်စုံထူးချွန်အပန်းဖြေစခန်း (ပုဂံ)အားဖွင့်လှစ်ပေးပါသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် အစိုးရအဖွဲ့ဝင်များ၊ ၁၉၆၄ - ၁၉၈၈ လူရည်ချွန်ကြီးများ၊ ၂၀၁၆ ခုနှစ် အဌမတန်းဘက်စုံထူးချွန်လူငယ်များ နှင့် ဆရာ / ဆရာမများ။ အဘက်ဘက်မှကူညီပေးပါသော **KBZ Group** မှ ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း၊ အဆိုတော် **R**ဇာနည် နှင့်အဖွဲ့၊ အသံနှင့် မီးအလှဆင် **Shell**၊ ကြွရောက်လာသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

နောင်နှစ်များတွင်လည်း **Royal Emerald River View Resort (Bagan)** မှ ဘက်စုံပညာထူးချွန်လူငယ်များအတွက် အထူးဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိပါသည်။

ROYAL EMERALD River View Resort (Bagan)
EMERALD MYANMAR Group Of Companies

မိဘတွေက မှားနေလို့လဲ မိဘတွေကို မစော်ကားမိပါစေနှင့်။
အဘယ်ကြောင့် ဆိုသော် ယင်းသို့ မှားနေခြင်းသည် ကျွန်ုပ်တို့
သားသမီးများအတွက်ပဲ ဖြစ်ပါတယ်။

မိဘဂုဏ် (ကိုထွေး)

အဆင့်မြင့်စတီးဘလိတ်ခါးသွား ဆူးကြိုးတပ်ဆင်ဖြန့်ချိရေး

အဆင့်မြင့် Steelဘလိတ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍
တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက်
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါကြပြီ။

ရန်ကုန်အရောင်းခန်းမ - အမှတ်(၁၂)၊ အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး KBZဘဏ်ရှေ့(Capital Hyper Market)အနီး၊ သာကေတမြို့နယ်။
Ph : 09 - 5064145, 09 - 420060449, 09-420707316, 09-250058416 , 09-261664460

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဓိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းကောင်းရောင်းပေးပါသည်။
09-500 5916
09-730 97123

ဝင်းပြိမ်း ဒီဇင်းဆည်
ရွှေအမြုတေလက်ရွေးစင်
ဝတ္ထုရှည်စုစည်းမှု - ၆
မြို့ပြ၊ ဟောင်နင်းပန်း၊ ကိုကြိမ်း (မန္တလေး)၊ ရွှေသဘာ၊ မနှင်းဝေ၊ ငွေဝင်ယော်ဦး (မိုးကုတ်)၊ နန္ဒာစိုး (ဆင်ဖြူကျွန်း)၊ ခုမိအောင်
တန်ဖိုး- ၃၀၀၀ ထွန်းတောက်ထွင့် (သင်္ချာ)၊ သင်းရီ
ဝတ္ထုကောင်း
ဝသုန္ဓရေလက်ရေး
ဝတ္ထုတိုများ
မိုးမိုး (အင်းလျား)၊ ညီပုလေ၊ နန္ဒရည် (အင်း၀)၊ သိုက်ထွန်းသက်၊
တန်ဖိုး- ၁၅၀၀ ခင်ပန်နင်း (မြောင်းမြ)၊ ရဲသွမ်း ဝင်းစည်သူ
ဖြန့်ဖြူးရေး - လင်းလွန်းခင် စာပေ
ဖုန်း - ၀၉- ၂၂၀ ၁၇၂၀၊ ၀၉- ၂၅၄ ၅၅၄ခင်ဦး၊ ၀၉- ၄၂၀ ၁၄၅၂၂၀။

GGW
GREEN GREAT WALL

◆ **အိမ်ဆောက်သူများ ဝမ်းမြောက်မှုယ်ရာ သတင်းကောင်း**

တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ချင်သူများအတွက်

High Tech Ready Made Light Wall Panel များ
မြန်မာပြည်တွင် ပထမဆုံးရရှိနိုင်ပါပြီ....

Size: 610 mm × 2440 mm (2'×8')
Thickness: 60 mm to 120 mm

◆ **GGW** (Wall Panels) နံရံပြားများသုံးစွဲခြင်း၏အကျိုးကျေးဇူးများ
(၁)တပ်ဆင်ရာတွင်လျှပ်မြန်မှုအမျိုးမျိုးအတွင်းပြီးစီးခြင်း
(၂)အလေးချိန်ပေါ့ပါးခြင်း
(၃)နိုင်ခန့်ခြင်း
(၄)မီးဒဏ်ကာကွယ်ခြင်း
(၅)အသံလုံခြင်း
(၆)ရေလုံခြင်း(ရေစိမ့်မဝင်နိုင်ခြင်း)
(၇)အဆောက်အဦးထဲမှ အပူဓိန်သည်ပြင်ပထက်လျော့နည်းခြင်း
(၈)တပ်ဆင်ပြီးသည်နှင့်ဆေးသုတ်ရန် အဆင်သင့်ဖြစ်ခြင်း
(၉)ကြမ်းဆင်းတွင် Beam မပါသော်လည်း ပေါ့ပါးသည့်အတွက် လွယ်ကူစွာ အခန်းခွဲနံရံကာနိုင်ခြင်း။

"ကျွန်ုပ်တို့ GGW Light Wall Panel ၏အလေးချိန်သည်မိရိုးဖလာအုတ်နံရံအလေးချိန်၏ လေးပုံတစ်ပုံခန့် သာရှိပါသည်။

အမှတ်(၄၆၉)၊ကျိုင်းတုံလမ်း၊စက်မှုဇုန်(၁)၊တောင်ဒဂုံမြို့နယ်၊ရန်ကုန်၊ မြန်မာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉ - ၂၅၉၄၄၅၅၁၁၁၊ ၀၉ - ၉၇၀၈၈၈၂၀၀

အင်ဂျင်နီယာအမြန်အလိုရှိသည်

ကန္ဒာရဝတီအောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ မင်း-၉၃၊ ဒေါနီးကူးလမ်း၊ မင်းစုရပ်ကွက်၊ လှိုင်ကော်မြို့တွင် တာဝန်ထမ်းဆောင်ရန်

Engineer ကျား/မ(၂)ဦး

(က) BE-Civilတွဲ,ရရှိပြီး Estimate ကျွမ်းကျင်စွာ တွက်ချက်နိုင်ရမည်။ Auto CAD 2D, 3D ဆွဲနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။

(ခ) လှိုင်ကော်မြို့တွင် ရုံးထိုင်၍ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။ နေထိုင်မှုစီစဉ်ပေးမည်။ သွားရေးလာရေးစီစဉ်ပေးမည်။ မျှော်မှန်းလစာ ဖြင့် လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် **083-22140, 09-36036555**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယံနီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇဝနာ၊ မြေကွက်အမှတ်-၂၇၄၊ မြေကွက်တည်နေရာအမှတ်-၁၄၊ သီရိဇေယျာလမ်း၊ ဇဝနရပ်ကွက်၊ သယံနီးကျွန်းမြို့နယ်၊ ဦးမောင်ကို (AB-၄၀၄၆၁၁) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမောင်ကိုထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးမြင့်(၁၂/သယက(နိုင်)၀၀၄၄၄)က ပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်/ ရဲစခန်း ထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ပါမစ်ကိုယ်တိုင်ဝန်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့မြစ်မဲကိန်းနှင့်မြေစီမံခန့်ခွဲရုံးနှစ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၈၁၅/က၊ မြေကွက်တည်နေရာအမှတ်(၈၁၅/ဂ)၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးတင်ထွန်း) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးတင်ထွန်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ၁၄-၁၁-၂၀၁၄ရက်တွင် ဝယ်ယူခဲ့သူ ဦးအေးကြွယ်(၁၂/လမတ(နိုင်)၀၃၁၁၀)က ပါမစ်ပျောက်ဆုံးကြောင်းတရားရုံး ကျမ်းကျိန်လွှာ၊ မြို့နယ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တို့၏ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်များ တင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-စ၀၁၂(၁၆-၇-၁၅)ရက်ဖြင့် ရရှိသူ ဒေါ်မြင်ညိမ်(၁၂/သကတ(နိုင်)၀၇၄၀၂)မှ ပါ၀ါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါ၀ါမရပ်သိမ်းသောကြောင်းကျမ်းကျိန်လွှာ-၁၄၁၈(၂၃-၇-၁၅)ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြောင်းစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့မြစ်မဲကိန်းနှင့်မြေစီမံခန့်ခွဲရုံးနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်း အမြန်ရောင်းမည်

လမ်းသန့်၊ လူသန့်၊ ပန်းခြံနှင့် မျက်နှာချင်းဆိုင်၊ မဟာဘောဂ လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။
Ph:09-73002001

Scaffolding & Pipe Support
ငြမ်း T တိုင် - ဌားရမ်ရှိသည်
Eagle-ဆက်သွယ်ရန်ဖုန်းနံပတ် ၀၉- ၇၈၃၈၆၆၆၈၆
၀၉-၄၂၂၅၂၄၄၅၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
က	၁၁/မမ/CE	လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း(၅)မျိုး Track Jack 8 Ton (Japan)(10-Nos) , Hydraulic Track Jack 8 Ton (10-Nos), Motorised Trolley (10-Nos), ကျောပိုးမြက်ဖြတ်စက် (10-Nos) , Hydraulic Pipe Cutting Machine (1-No)

တင်ဒါပြိတ်မည့် နေ့/အချိန် - ၉.၆.၂၀၁၆ (ကြာသပတေးနေ့) (၁၄.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၉.၅.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

အမည်ပြောင်းခြင်း
အဖ ဦးကျော်သက်လွင် [၁၄/ဖပန(နိုင်)၀၆၄၃၇၆]၏သား ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ Grade 10 (c)မှ မောင်သီဟသက်လွင်အား မောင်ဟန်သာစိုးဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟန်သာစိုး(ခ)မောင်သီဟသက်လွင်

သွေးသည် အသက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
ဆေးဝါးသိပ္ပံတွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဝါးမဟာသိပ္ပံတွဲ့လွန်သင်တန်းနှင့် ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူ တွဲ့သင်တန်းများသို့ သက်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါ ကြောင်း၊ ကြေညာအပ်ပါသည်။

မဟာသိပ္ပံသင်တန်း

စဉ်	သင်တန်းအမည်	သင်တန်းကာလ
က	ဆေးဝါးမဟာသိပ္ပံတွဲ့လွန်သင်တန်း	(၂)နှစ်

ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူတွဲ့(Ph.D)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ
က	ပါရဂူတွဲ့(ဆေးဝါးဘက်ဆိုင်ရာ ဓာတုဗေဒ)	(၃)နှစ်
ခ	ပါရဂူတွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ)	(၃)နှစ်
ဂ	ပါရဂူတွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)	(၃)နှစ်
ဃ	ပါရဂူတွဲ့(ပရမဆေးဗေဒ)	(၃)နှစ်

၂။ **လိုအပ်သောအရည်အချင်း**

(က) ဆေးဝါးမဟာသိပ္ပံတွဲ့လွန်သင်တန်း

(၁) ဆေးဝါးသိပ္ပံတွဲ့(B.Pharm)ရရှိပြီးသူဖြစ်ရမည်။

(၂) လျှောက်လွှာပြိတ်သည့်ရက်တွင် ခွင့်ရက်မပါလုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြင်ထင်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပြိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ခ) ပါရဂူတွဲ့သင်တန်း

(၁) ဆေးဝါးမဟာသိပ္ပံတွဲ့(M.Pharm)ရရှိပြီးသူဖြစ်ရမည်။

(၂) လျှောက်လွှာပြိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံတွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက်(၂)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပြိတ်သည့်ရက်တွင် အခြေခံနည်းပေါ်လောင်းသင်တန်း(ဂေယျ) (သို့မဟုတ်)အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံနည်းပေါ်လောင်း(အင်ယင်တန်း)သင်တန်း(သို့မဟုတ်) အရာထမ်းဝယ် အခြေခံသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပြိတ်ရက်မှာ ၂၃-၃-၂၀၁၆ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ **ကြိုတင်လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်သို့** ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးပြေစာမေးပွဲ စစ်ဆေးမည့်ရက်

(က) ပါရဂူတွဲ့သင်တန်း- ၂၁-၉-၂၀၁၆ ရက်(အင်္ဂါနေ့)

(ခ) မဟာသိပ္ပံသင်တန်း- ၂၁-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)

၆။ တွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် တွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ်(MD-010318)သို့ ပေးသွင်းရမည်။ (မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ်(MD-010318)သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် (ဖုန်းနံပါတ်-၀၁-၉၆၉၉၈၇၃ ၀၁-၉၆၉၁၄၈၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဇော်ဂီအမှတ်(၁)နှင့် ဇော်ဂီအမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်မှုများကို နှစ်ရှည်ငှားရမ်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါပြိတ်ရက်အား အောက်ပါအတိုင်း တိုးမြှင့်လိုက်ပါသည်-
အိတ်ဖွင့်တင်ဒါပြိတ်ရက်- ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် (အင်္ဂါနေ့) (၁၆း၀၀)နာရီ

၂။ တင်ဒါပုံစံများကို ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မုံအမှတ်(၂၇) နေပြည်တော်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပြည်သူ့ဆက်သွယ်ရေးအင်နှင့် ရေအားစက်ရုံများဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း ၀၆၇- ၈၁၀၄၂၇၀ ၀၆၇-၈၁၀၄၂၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V POSITIVE LEADER V.32 သင်္ဘောသည် ၁၁-၅-၂၀၁၆ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၀၉၀၊ ၂၃၀၁၀၇၈**

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်တမ်းအာဏာပိုင်

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့၊ ၂၀၁၆-၂၀၁၇ အဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ မြစ်သဲ၊ ဘိလပ်မြေ (ထိုင်းဆင်)၊ သံချောင်း (ရွှယ်ခဲ)၊ ဒီဇယ်ဆီ (၀ရီမ်ယဲ) စသည့်ပစ္စည်းမျိုးစုံအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လျှောက်လွှာစတင်ဝယ်ယူနိုင်သည့်ရက်	-	၉-၅-၂၀၁၆ ရက် (မုံးအိုန်အတွင်း)
လျှောက်လွှာပိတ်မည့်ရက်	-	၉-၆-၂၀၁၆ ရက် (မုံးအိုန်အတွင်း)
တင်ဒါဖွင့်မည့်ရက်	-	၁၀-၆-၂၀၁၆ ရက်

တင်ဒါပေးသွင်းရမည့်နေရာ - လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ဟားခါးမြို့။

အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံများကို မုံးအိုန်အတွင်း လာရောက်စုံစမ်း ဝယ်လို့နိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့
လမ်းအထူးအဖွဲ့ (၁၀)၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၀၂၄၅

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား DDP ဂိုဒေါင် အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.001/EPGE/16-17
(Air/Oil Cooler & Bearing များဝယ်ယူခြင်း)
Tender No.002/EPGE/16-17
(Spare Parts များဝယ်ယူခြင်း)
Tender No.003/EPGE/16-17
(Switch Yard Equipment & Accessories များဝယ်ယူခြင်း)

၂။ Tender No.001, 002 နှင့် 003 တို့ တင်ဒါပြိတ်ရက်မှာ ၆-၆-၂၀၁၆ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ မုံးအိုန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ပစ္စည်းဖြည့်တင်းရေးဌာန
မုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-စ၁၀၄၂၈၊ စ၁၀၄၂၃၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စီမံကိန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ ပစ္စည်းနှင့်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

(က)	မုံးသုံးဝမ်းဘောဂ	(၅)မျိုး
(ခ)	မုံးသုံးစက်ကိရိယာ	(၁၇)မျိုး
(ဂ)	11/0.4KV(500KVA)Transformer & Accessories	1 Unit
(ဃ)	Rack Server & Installation	1 Unit

၂။ တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၈-၆-၂၀၁၆ ရက်၊ ၁၆း၃၀ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ မုံးအိုန်အတွင်း (အတွင်းရေးမှူး ပစ္စည်း၀ယ်ယူမှုစီစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစီစစ်မှုကော်မတီ) စီမံကိန်းဦးစီးဌာန၊ မုံးအမှတ်(၄၃) နေပြည်တော်၊ ဖုန်းအမှတ်-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၂ ၂ ၄၁၀၁၁၃ တွင် ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်း၀ယ်ယူမှုစီစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစီစစ်မှုကော်မတီ
စီမံကိန်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် ကေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျောက်ချောလမ်း (၁၃/ ၅. ၁၀၆) မိုင်၊ ဂ၀/ဂုင်းလမ်း(၂/၀. ၆၅၈) မိုင်၊ မြေသားလမ်း (၁၀/ ၀. ၁၁)မိုင်၊ ကွန်ကရစ်တံတား(၃စင်း/ ၂၀၀၀၀) သစ်သားတံတား (၁၀စင်း/ ၄၇၅ ၀) ရွှေပြန် (၅၅ စင်း/ ၂၂၅ ၀)၊ ရေကျော် (၁ စင်း/ ၂၀၀၀၀) ရေရှည်ရေတွင်းနက် (၂၁)တွင်း အခြားလုပ်ငန်း(၁)ခု၊ စီမံမမ်းရေသွယ်လုပ်ငန်း(၉)ခုနှင့် ခရိုင်ချင်းဆက်လမ်းမြင့်/ ထီန်းလုပ်ငန်း(၅)ခုတို့ကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူကမပါသည်။ အသေးစိတ်အချက်အလက်များကို မုံးအိုန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	-	၁၀-၅-၂၀၁၆ (အင်္ဂါနေ့) မှစ၍ မုံးအိုန်အတွင်း
တင်ဒါပြိတ်မည့်ရက်	-	၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) (၁၆း၀၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ	-	နေပြည်တော် ကေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒဂ္ဂီကာသီရိမြို့နယ်၊ ဖုန်း-၀၆၇-၈၁၀၆၁၈၇၊ ၈၁၀၆၁၀၈၈

ထင်ဒါခေါ်ယူရေးကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း
ဒဂုံမြို့သစ်မြောက်ပိုင်းနေ (၈ဖ) ဦးသိန်းရွှေ၏သမီး ဖြစ်သူ ခေါ်မိုးမိုး(ခ)ခေါ်ချိုချိုသန်း (TKA-၀၅၉၃၀၂)မှာ တင်ဦးတည်းဖြစ်ပါကြောင်း။ **ခေါ်မိုးမိုး(ခ)ခေါ်ချိုချိုသန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီး ကေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိမြို့နယ်(၁၁)မြို့နယ်တွင် ကေးလက် လမ်း၊ တံတား၊ ရေလေးရေလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	ကေးလက်ကွန်ကရစ်လမ်း	၂၂/၀. ၇ မိုင်
(ခ)	ကေးလက်ဂဝ်လမ်း	၁/၀. ၅၄ မိုင်
(ဂ)	ကေးလက်မြေသားလမ်း	၁၂/၇. ၂ မိုင်
(ဃ)	ကေးလက်ကွန်ကရစ်တံတား(ဘိုးပိုင်)	၈ စင်း
(င)	ကေးလက်ဖုတ်ခံသစ်သားတံတား	၄ စင်း
(စ)	ရွှေပြန်	၆ စင်း
(ဆ)	ကေးလက်တွင်းနက်	၄၈ တွင်း
(ဇ)	ကေးလက်မြေသား/အုတ်ရေကန်နှင့် အနက်ခွဲက်ခြင်း	၄၆ ကန်
